# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**စောင့်ရှောက်ထားအပ်သောစိတ်**

အလွန့်အလွန်မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော၊ အလိုရှိရာအာရုံ၌ ကျရောက်လေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သော စိတ်သည် ချမ်းသာကို ရွက်ဆောင်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက် | ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၀ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၁)၊ အမှတ် (၁၁၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



## ရုရှားသမ္မတနိုင်ငံမှ နှစ်နိုင်ငံချစ်ကြည်ရေးအနေဖြင့် ရရှိထားသည့် Sputnik Light ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ စတင်ထိုးနှံ

ရန်ကုန် ဇန်နဝါရီ ၁၉

ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ဦးစားပေးအစီအစဉ်အလိုက် ကျေးလက်ဒေသများအထိ အားသွန်ခွန်စိုက် ကျယ်ပြန့်စွာထိုးနှံပေးလျက်ရှိသည်။

ရုရှားသမ္မတနိုင်ငံမှ နှစ်နိုင်ငံချစ်ကြည်မှုအရ လှူဒါန်းခြင်းနှင့် ဝယ်ယူခြင်းမှ ရရှိထားသည့် Sputnik Light ကာကွယ်ဆေးများကို ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ၊ ရွှေပြည်သာနှင့် အင်းစိန်မြို့နယ်တို့၌


*စာမျက်နှာ ၅ ကော်လံ ၁* ❁


---

**ယနေ့** *ဖတ်စရာ*




**လူတိုင်း လူတိုင်းသည် . . .**

ဆောင်းပါး | စာ - ၆

**"တူယှဉ်နွဲပျော် ဂီတပွဲတော်" သီချင်းဆိုပြိုင်ပွဲ အုပ်စု(င) ပထမပွဲစဉ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တိုက်ရိုက် Live ပြသမည်**

ပြည်တွင်းသတင်း | စာ - ၇

**ပါတီနှင့်ပတ်သက်ပြီး သတိပေးခြင်းခံခဲ့ရသည့် အခိုင်အမာပြောကြားချက်ကို ဗြိတိန်ဝန်ကြီးချုပ်ငြင်းဆို**

နိုင်ငံတကာသတင်း | စာ - ၁၃

**မီးတောင် ပေါက်ကွဲမှုခံစားရသည့် တွန်ဂါနိုင်ငံသို့ အကူအညီများပေးပို့နိုင်ရေး စိန်ခေါ်မှုများနှင့်ကြုံတွေ့နေရ**

နိုင်ငံတကာရေးရာ | စာ - ၁၄




## ၂၀၂၂ ပညာသင်နှစ် အဝေးသင်တက္ကသိုလ် နောက်ဆုံးနှစ် (သိပ္ပံအထူးပြုဘာသာရပ်) သင်တန်းများဖွင့်လှစ်မည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပညာရေးဝန်ကြီးဌာန

အဆင့်မြင့်ပညာဦးစီးဌာန

ကြေညာချက်

၂၀၂၂ ပညာသင်နှစ် အဝေးသင်တက္ကသိုလ် နောက်ဆုံးနှစ် (သိပ္ပံအထူးပြုဘာသာရပ်) သင်တန်းများဖွင့်လှစ်ခြင်း

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များတွင် ၂၀၂၂ ပညာသင်နှစ် အဝေးသင်တက္ကသိုလ် နောက်ဆုံးနှစ် (သိပ္ပံအထူးပြုဘာသာရပ်) သင်တန်းများ၏ လက်တွေ့နှင့် သင်ကြားပို့ချသင်တန်းများကို (၂၂-၁-၂၀၂၂) ရက်နေ့တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန

မြန်မာ့အလင်း

## ဗီဇပြောင်းမျိုးကွဲအိုမီခရွန် စုပေါင်းအားဖြင့် ကာကွယ်

ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ အိုမီခရွန်ထွက်ပေါ်လာပြီးနောက် ကမ္ဘာ့နိုင်ငံများစွာတို့တွင် ကပ်ရောဂါကူးစက်ပျံ့နှံ့မှု အရှိန်အဟုန်ပြန်လည်မြင့်တက်လာခဲ့ရာ နိုင်ငံအချို့၌ နေ့စဉ်ကူးစက်မှုများ စံချိန်တင်လျက်ရှိကြောင်း နိုင်ငံတကာသတင်းများ၌ တွေ့ရှိနေရသည်။ ကမ္ဘာ့ထိပ်တန်းနိုင်ငံကြီးတစ်ခုဖြစ်သည့် အမေရိကန်နိုင်ငံတွင် တစ်ရက်အတွင်း ကိုဗစ်-၁၉ ကူးစက်ခံရသူ တစ်သန်းခွဲအထိပင် ရှိခဲ့ကြောင်း သိရပြီး ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုတွင် ကမ္ဘာ့ဒုတိယအများဆုံးဖြစ်သည့် အိန္ဒိယနိုင်ငံတွင် နေ့စဉ် ရောဂါကူးစက်ခံရသူ နှစ်သိန်းကျော်ရှိနေသည်။ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထုတ်လုပ်ရာတွင် ကမ္ဘာ့ထိပ်တန်းနိုင်ငံတစ်နိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံတွင် ကပ်ရောဂါကူးစက်မှု အရှိန်မပြေသေးသည်မှာလည်း ဂရုပြုဖွယ်ဖြစ်သည်။

မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ကုသရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ကာကွယ်ဆေးထိုးလုပ်ငန်းအနေဖြင့် ဇန်နဝါရီလ ၁၈ ရက်နေ့အထိ ကြိမ်ရေပေါင်း သန်း ၄၀ ခန့် ထိုးနှံပေးပြီးဖြစ်သည်။ ကာကွယ်ဆေးနှစ်ကြိမ်အပြည့်ထိုးနှံပြီးသူ ၁၈ သန်းခန့်နှင့် တစ်ကြိမ်ထိုးနှံပြီးသူ ၃ ဒသမ ၇ သန်းခန့်ရှိနေသည်။ ပြည်ပနိုင်ငံများမှ ကယ်ဆယ်ရေးလေယာဉ်များဖြင့် ဝင်ရောက်လာသည့် မိမိနိုင်ငံသားများနှင့် နိုင်ငံခြားသားများအချို့တွင် ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ ကူးစက်ခံထားရသူများ ပါဝင်လာသည်ကို စစ်ဆေးတွေ့ရှိရသည့်အတွက် ပြည်တွင်းကူးစက်မှုများ ဖြစ်ပေါ်လာနိုင်ခြေကို မျှော်မှန်းကာ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာနက အိုမီခရွန်ရောဂါဖြစ်ပွားမှုများကို မျက်ခြည်မပြတ်စောင့်ကြည့်နေပြီး ကွာရန်တင်းစင်တာများ၊ ကုသရေးစင်တာများ ကြိုတင်ပြင်ဆင်ခြင်း၊ အောက်ဆီဂျင်၊ ဆေးဝါးနှင့် ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ခြင်း၊ အခြားဆက်စပ်နေသည့် ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခြင်းတို့ ပြုလုပ်လျက်ရှိကြောင်း သတင်းထုတ်ပြန်ထားပြီး ကိုဗစ်-၁၉ ရောဂါကူးစက်မှု ကာကွယ်ရေးအတွက် ပြည်သူများက လိုက်နာဆောင်ရွက်ကြရမည့် အချက်များကို ထုတ်ပြန်၍ နှိုးဆော်တိုက်တွန်းထားသည်။

မြန်မာနိုင်ငံသို့ ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်း ဝင်ရောက်ချိန်တွင် ဗီဇပြောင်းမျိုးကွဲ ဒယ်လ်တာကူးစက်ပျံ့နှံ့ခဲ့ရာ ကူးစက်မှုမြန်ဆန်ပြီး ရောဂါပြင်းထန်သည့်အတွက် ကုသမှု၊ အောက်ဆီဂျင်နှင့် ဆေးဝါး၊ ဆေးပစ္စည်းများလိုအပ်မှုတို့တွင် အခက်အခဲအကျပ်အတည်းများ ရင်ဆိုင်ခဲ့ကြရသည်။ မြွေပူရာ ကင်းမှောင့်ဆိုသကဲ့သို့ နိုင်ငံအတွင်း သေရေးရှင်ရေး ကြုံတွေ့နေရချိန်တွင် အကြမ်းဖက်အဖျက်သမားတို့၏ နှောင့်ယှက်ဖျက်ဆီးမှု၊ တိုက်ခိုက်သတ်ဖြတ်မှုများကိုပါ ခံခဲ့ကြရပြီး စုပေါင်းဆောင်ရွက်မှုစွမ်းအားကြောင့်သာ အကျပ်အတည်းမှ ရုန်းထွက်လာနိုင်ခဲ့ခြင်းဖြစ်သည်။ ဒယ်လ်တာထက် ကူးစက်မှုမြန်ဆန်သော်လည်း ရောဂါပြင်းထန်မှုမရှိဟုဆိုသည့် အိုမီခရွန်ကိုမူ အခက်အခဲမရှိ အောင်မြင်စွာ ကျော်လွှားနိုင်မည်ဟု ယုံကြည်မိသည်။ သို့ရာတွင် လူတစ်ဦးချင်းစီက မိမိကိုယ်ကို ကာကွယ်နိုင်ရန် လိုအပ်မည်ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို အကြိမ်ပြည့်မပျက်မကွက်ခံယူခြင်း၊ ကိုဗစ်-၁၉ ကာကွယ်ရေးဆိုင်ရာနည်းလမ်းများကို ဆက်လက်လိုက်နာခြင်းဖြင့် မိမိကိုယ်တိုင်ကိုရော၊ မိသားစုနှင့် ပတ်ဝန်းကျင်ကိုပါ ကာကွယ်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။


ပြည်ထောင်စုအကျိုး သယ်ပိုးဖို့
အသိပညာ မြှင့်တင်စို့

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့်
အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်ကျင်းပသည့်

**စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေပွဲတော်**

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက် မှ ၃၁ ရက်    ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ နေပြည်တော်။


## ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ




ပဲခူး ဇန်နဝါရီ ၁၉

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းတွင် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက (၇၅) နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ အခမ်းအနား စည်ကားသိုက်မြိုက်အောင်မြင်စွာ ကျင်းပနိုင်ရေး သက်ဆိုင်ရာ ဆပ်ကော်မတီများကို ဖွဲ့စည်းပေးထားပြီးဖြစ်ကြောင်း၊ ခရိုင်အလိုက် သစ်သီးဝလံ ပန်းမန်ပြပွဲများထည့်သွင်းထားသကဲ့သို့ ဌာနဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုပြခန်းများ၊ တိုင်းရင်းသားရိုးရာ အစားအစာရောင်းချသည့် ဈေးဆိုင်ခန်းများ၊ ပြပွဲ/ပြိုင်ပွဲများနှင့် ဆုပေးပွဲများ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ဆပ်ကော်မတီ ၁၃ ခု ဥက္ကဋ္ဌများ၏ ကဏ္ဍအလိုက် လုပ်ငန်း ဆောင်ရွက်သွားမည့်တင်ပြ ဆွေးနွေးချက်များအပေါ် တိုင်းဒေသကြီး ဝန်ကြီးများက အကြံပြုတင်ပြကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဖြည့်စွက်မှာကြားကြောင်း သိရသည်။

**သတင်းစဉ်**

## သီပေါမြို့နယ် ဒုဋ္ဌဝတီမြစ်ကမ်းခြေမှ ဒေသခံများကို ဆန်နှင့် စားသောက်ဖွယ်ရာများကူညီပေးအပ်



သီပေါ ဇန်နဝါရီ ၁၉

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် အရှေ့မြောက်ခြမ်းဒေသ သွားလာမှုခက်ခဲပြီး ဒုဋ္ဌဝတီမြစ်ရိုးတစ်လျှောက်နေထိုင်ကြသော စားနပ်ရိက္ခာအခက်အခဲရှိသည့် ဒေသခံတိုင်းရင်းသားများအား မြို့နယ်အမျိုးသမီးရေးရာကွန်ရက်မှ ဦးဆောင်ကာ အလှူရှင်များနှင့်အတူ ယနေ့နံနက်ပိုင်းက ကွင်းဆင်းသွားရောက် ကူညီထောက်ပံ့ပေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် တာပုလဲကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများ၊ ဆွန်လုံ၊ ချောင်းဆုံ၊ ဟာလျှင့်၊ တာပုလဲစသည့် ကျေးရွာဒေသခံပြည်သူများ လိမ္မော်၊ ကမ္ဘလာခြံတောင်သူ ၅၂၈ ဦးတို့ကို မြို့နယ်အမျိုးသမီးရေးရာကွန်ရက်အဖွဲ့တာဝန်ခံ ဒေါ်ခင်နှင်းဆီနှင့် အဖွဲ့ကဆန် ၇၈ အိတ်၊ ဆီ ၂၁၄ ပိဿာ၊ ဆား ၁၀၇ ပိဿာ၊ ကုလားပဲ ၂၁၄ ပိဿာ၊ ငါးခြောက် ၁၀၇ ပိဿာ တို့ကို အိမ်ထောင်စုလူဦးရေ အချိုးအစားအလိုက် ကူညီထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

**စိုင်း(သီပေါ)**

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေး ထုတ်ပေးလျက်ရှိ**

နေပြည်တော် ဇန်နဝါရီ ၁၉

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပစ္စည်းများကို ရေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိသည်။ ထိုသို့ ထုတ်ပေးရာတွင် ဇန်နဝါရီ ၁၉ ရက်၌ ရန်ကုန်ဆိပ်ကမ်းများမှ Hexisol Hand Rub With Dispenser ၁၀၀၀၊ Spinocan ၂၅၀၀၀၊ Original Perfusor Line ၂၅၀၀၀၊ Infusomat Space Line ၅၀၀၀၊ I.V Administration Set ၁၀၀၀၀၊ Surgical Glove ၈၁၀၀၊ ဆေးဝါးမျိုးစုံ ဖ၀ စုစုပေါင်း ၂၀၅၅၈၇ ဒသမ ၈၄ kg၊ နယ်စပ်(ချင်းရွှေဟော်)တွင် ကုမ္ပဏီတစ်ခုမှ Oxygen Cylinder ၁၁၀၀ တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ထာဝရငြိမ်းချမ်းရေးရရှိရေး

မြန်မာနိုင်ငံသည် တိုင်းရင်းသားအားလုံးက စုစည်းတည်ထောင်ထားသည့် ပြည်ထောင်စုနိုင်ငံဖြစ်သည်နှင့်အညီ တိုင်းရင်းသားစည်းလုံးညီညွတ်မှု တောင့်တင်းခိုင်မာရေးသည် နိုင်ငံတော်နှင့် ပြည်သူလူထု၏ အမျိုးသားရေးအကျိုးစီးပွားပင် ဖြစ်ပါသည်။ ကိုလိုနီခေတ်က ၎င်းတိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြား၍ ကျွန်သက်ရှည်အောင် ဆောင်ရွက်ခဲ့သည့်နည်းတူ မျက်မှောက်ကာလ၌လည်း ခေတ်သစ်ကိုလိုနီဝါဒီများက ညီနောင်တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုပြိုကွဲ၍ မြန်မာနိုင်ငံကို ၎င်းတို့လိုသလို ခြယ်လှယ်ခွင့်ရရန် ဆက်လက်ဆောင်ရွက်နေဆဲဖြစ်သည်ကို သတိရှိကြရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် အယူအဆ၊ အယူဝါဒကွဲပြားမှုတို့ကြောင့် ဖြစ်ပေါ်လာခဲ့သည့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ၊ သွေးကွဲမှုများချုပ်ငြိမ်း၍ ရေရှည်တည်တံ့ခိုင်မြဲသည့် ထာဝရငြိမ်းချမ်းရေးရရှိရေး ဆောင်ရွက်လျက်ရှိပါသည်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၄-၁-၂၀၂၂ ရက်နေ့တွင် ပေးပို့သည့် (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)**

## တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခြေခံ၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာတာဝန်ကို ကျေပွန်စွာထမ်းဆောင်




ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီ ကောလိပ် (ရန်ကုန်)၌ ကျောင်းအုပ်ကြီး၊ ပါမောက္ခ/ ဌာနမှူးများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများနှင့်အတူ နေ့လယ်စာ သုံးဆောင်စဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၉**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် ဇန်နဝါရီ ၁၇ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေး အထူးဇုန် (၃)၌ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်)၊ ဗဟိုလေ့ကျင့်ရေးကျောင်းတို့မှ ကျောင်းသားကျောင်းသူများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုဝင်များ၏ စားသောက်ရေးနှင့် သက်သာချောင်ချိရေး အထောက်အကူဖြစ်စေရန်အတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်း မှာကြားသည်။

### ချီးမြှင့်ငွေများပေးအပ်

ဇန်နဝါရီ ၁၈ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်) ဘွဲ့နှင်းသဘင်ခန်းမတွင် ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများကို တွေ့ဆုံ၍ လက်ရှိပညာသင်ကြားရေးကာလတွင် ပညာရပ်များကို ကြိုးစားသင်ယူရေး၊ နိုင်ငံ၏သမိုင်းကြောင်းနှင့် ပထဝီဝင်အနေအထား၊ လက်ရှိဖြစ်ပေါ်နေသော အခြေအနေတို့ကို မှန်ကန်စွာသိရှိပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် ၅ ရပ်၊ ဦးတည်ချက် ၉ ရပ်တို့ အကောင်အထည်ဖော်ရာတွင် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တက်ကြွစွာ ပူးပေါင်းပါဝင်ရေး၊ ပါတီနိုင်ငံရေးကင်းရှင်းစွာဖြင့် နိုင်ငံ့ဝန်ထမ်းကောင်းများ ပီသစွာ တာဝန်ထမ်းဆောင်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခြေခံ၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ရေး စသည်တို့ကို ရှင်းလင်းမှာကြားခဲ့ပြီး ကျောင်းသား ကျောင်းသူများအတွက် ချီးမြှင့်ငွေများပေးအပ်သည်။

ထို့နောက် ဒီဂရီကောလိပ်အစည်းအဝေးခန်းမတွင် ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ပါမောက္ခ/ ဌာနမှူးများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

### နေ့လယ်စာသုံးဆောင်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ၂၀၁၉-၂၀၂၀ ပညာသင်နှစ် A.G.T.I (ဒီပလိုမာ) ဒုတိယနှစ် (ဒုတိယနှစ်ဝက်) သင်တန်းများတွင် တက်ရောက်လျက်ရှိသည့် ကျောင်းသား ကျောင်းသူများ စာသင်ခန်းအတွင်း ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ သင်ကြားနေမှု၊ ကျောင်းဝင်းအတွင်းရှိ အားကစားကွင်း အဆင့်မြှင့်တင်ဆောင်ရွက်မည့် အခြေအနေ၊ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ အိပ်ဆောင်များ၊ စားရိပ်သာများ၊ စာကြည့်တိုက်နှင့် စိုက်ပျိုးမွေးမြူရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျောင်းသား ကျောင်းသူများနှင့်အတူ နေ့လယ်စာ သုံးဆောင်သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ ဗဟိုလေ့ကျင့်ရေးကျောင်းသို့ ရောက်ရှိပြီး သင်တန်းခန်းမတွင် ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ သင်တန်းနည်းပြ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် တွေ့ဆုံအမှာစကား ပြောကြားသည်။

### လှည့်လည်ကြည့်ရှုစစ်ဆေး

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စားရိပ်သာများ၊ အိပ်ဆောင်များနှင့် သက်ကြီးရွယ်အိုပြုစုစောင့်ရှောက်ရေး သင်တန်းဖွင့်လှစ်မည့် စာသင်ဆောင်ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။ ထို့နောက် ကျောင်းစာကြည့်တိုက်နှင့် အဆင့်မြင့် စက်ချုပ်နည်းပြသင်တန်းပို့ချနေမှုများကိုလည်းကောင်း၊ ဝန်ထမ်းအိမ်ရာ မြေလွတ်နေရာတွင် ဆောင်ရွက်လျက်ရှိသည့် Green House များနှင့် ငါးကန်တွင် ငါးမွေးမြူထားရှိမှုကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးသို့ ရောက်ရှိပြီး ယာဉ်၊ ယန္တရားကြီးများ၏ ထိန်းသိမ်းထားရှိမှုနှင့် ကြံ့ခိုင်မှုတို့ကို လည်းကောင်း၊ ဝန်ထမ်းမိသားစုဝင်များ တစ်ပိုင်တစ်နိုင် စိုက်ပျိုးထားသည့် ရာသီသီးနှံစိုက်ခင်းများ၊ ကြက်ခြံများနှင့် ငါးမွေးမြူရေးကန်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရသေ့တောင်၌ ပန်းခင်းစီမံချက်ဖြင့် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းပြုလုပ်ပေး

**ရသေ့တောင် ဇန်နဝါရီ ၁၉**

ရသေ့တောင်မြို့၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးဦးသိန်းမောင်နှင့် ဝန်ထမ်းများက ပန်းခင်းစီမံချက်ဖြင့် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခြင်းကို ယနေ့နံနက်ပိုင်းက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကွင်းဆင်း ပြုလုပ်ပေးသည်။

အဆိုပါ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးနေမှု ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်လင်းထက်နှင့်အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးကြသည်။ ယင်းနောက် နိုင်ငံသားစိစစ်ရေးကတ်ပြား မပြုလုပ်ရသေးသည့် အသက် (၁၆)နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူ ၂၀၈ ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးသည်။

ရသေ့တောင်မြို့နယ်ဦးစီးမှူးရုံးအနေဖြင့် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေအရ လက်ရှိဇာတိဒေသတွင် အမြဲတမ်းနေထိုင်ပြီး အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုးထုတ်ပေးနိုင်ရေးအတွက် ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းများအား အရှိန်အဟုန်မြှင့်ပြုလုပ်ပေးလျက်ရှိရာ ယနေ့အထိ နိုင်ငံသားစိစစ်ရေးကတ်ပြား ၄၂၀၅ ခုနှင့် အိမ်ထောင်စုလူဦးရေစာရင်း ၁၆၃၃ ခုတို့အား ဒေသခံပြည်သူများသို့ ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**အောင်စံထွန်း( ပြန်/ဆက်)**

# (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားကျင်းပရေးကော်မတီ ပြည်ထောင်စုအလံတော် သယ်ယူပို့ဆောင်မည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၉**

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနား ကျင်းပရေးကော်မတီ ပြည်ထောင်စုအလံတော် သယ်ယူပို့ဆောင်မည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(အောက်ပုံ)**

အခမ်းအနားသို့ (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနား ကျင်းပရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယ ဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ ကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးရဲတင့်၊ ဒုတိယဝန်ကြီး ဦးအောင်ကျော် ထွန်း၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှစိုးနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဦးဗိုလ်ဌေးတို့က အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြသည်။



### ဆွေးနွေးပြောကြား

ရှေးဦးစွာ ဂုဏ်ပြုအခမ်းအနား ကျင်းပရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင် အုန်းက ရန်ကုန်မြို့ မြို့တော်ခန်းမ၌ ထားရှိသည့် ပြည်ထောင်စုအလံတော်ကို ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ မြို့တော်ခန်းမသို့ သယ်ယူပို့ဆောင်မည့်အစီအစဉ်နှင့် ဖေဖော်ဝါရီ ၁၂ ရက် စိန်ရတုပြည်ထောင်စုနေ့တွင် ပြည်ထောင်စုအလံ စိုက်ထူအလေးပြုမည့်အစီအစဉ်တို့နှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးရဲတင့်က ပြည်ထောင်စုအလံတော် သယ်ယူပို့ဆောင်မည့်လုပ်ငန်းအစီအစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

### ကဏ္ဍအလိုက်ရှင်းလင်း

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှစိုးက ဆွေးနွေးပြောကြားပြီး ဂုဏ်ပြုအခမ်းအနား ကျင်းပရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေးနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကြသည်။

ဆွေးနွေးတင်ပြချက်များအပေါ် ဂုဏ်ပြုအခမ်းအနား ကျင်းပရေးကော်မတီဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းပေးပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

# ဖွံ့ဖြိုးတိုးတက်မှုအလားအလာကောင်းတစ်ရပ်၏ပြယုဂ်- ခေါင်းဆောင်မှု အရင်းအမြစ်တည်ဆောက်ခြင်းဆိုင်ရာ ဒုတိယအကြိမ်အလုပ်ရုံဆွေးနွေးပွဲ ပိတ်ပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၉**

ပြည်ထောင်စုရာထူးဝန် အဖွဲ့ ကွပ်ကဲမှုအောက်ရှိ ဦးစီးဌာနများနှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်များမှ အရာထမ်း၊ အမှုထမ်းများဖြင့် ဆောင်ရွက်ခဲ့သော ဖွံ့ဖြိုးတိုးတက်မှု အလားအလာကောင်းတစ်ရပ်၏ ပြယုဂ်-ခေါင်းဆောင်မှုအရင်းအမြစ် တည်ဆောက်ခြင်းဆိုင်ရာ ဒုတိယအကြိမ်အလုပ်ရုံဆွေးနွေးပွဲ ပိတ်ပွဲအခမ်းအနားကို ယနေ့ ညနေ ၄ နာရီက ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ထုတ်ပြန်ထားရှိသော စည်းကမ်း သတ်မှတ်ချက်များနှင့်အညီ ပြည်ထောင်စုရာထူးဝန် အဖွဲ့ရုံး စုပေါင်းခန်းမ၌ ကျင်းပသည်။

ပိတ်ပွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးသန်းဆွေက ယနေ့အလုပ်ရုံ ဆွေးနွေးပွဲအရ ထွက်ပေါ်လာသော တွေ့ရှိချက်၊ သုံးသပ်ချက်၊ အကြံပြုချက်များ အပေါ် အလေးအနက်ထားပြီး လိုက်ပါအကောင်အထည်ဖော်ရန် လိုအပ်ကြောင်း၊ ချက်ချင်း ဆောင်ရွက်ရန် ရှိသကဲ့သို့ ရေရှည်အတွက် စနစ်တကျအစီအမံများ ချမှတ်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ထိုသို့ လိုက်နာကျင့်သုံးအကောင်အထည်ဖော်ခြင်းဖြင့် အဖွဲ့အစည်းအတွင်း စည်းလုံးညီညွတ်စွာဖြင့် လုပ်ငန်းများ၊ မူဝါဒများတိုးတက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ပြီး တစ်ဦးချင်း၊ အဖွဲ့အစည်းအလိုက် အရည်အသွေးများ တိုးတက်လာမည်ဖြစ်ပါကြောင်း၊ အဖွဲ့အစည်းအလိုက် လုပ်ငန်းတာဝန်များကို အခါအားလျော်စွာ ပြန်လည်သုံးသပ်ခြင်းများကို ပုံမှန်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

အဆိုပါ ပိတ်ပွဲအခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အဖွဲ့ဝင်များဖြစ်သော ဦးဆန်းမြင့်၊ ဦးရဲနိုင်၊ ဦးစိုးတင့်၊ သူရဦးဘိုနီနှင့် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



အလုပ်ရုံဆွေးနွေးပွဲကာလမှာ ဇန်နဝါရီ ၁၇ ရက် မှ ၁၉ ရက်အထိဖြစ်ပြီး သတ်မှတ်ခေါင်းစဉ်များအလိုက် ဆွေးနွေးမှုများ ပြုလုပ်ခြင်း၊ အုပ်စုအလိုက်ခွဲ၍ ဆွေးနွေးခြင်း၊ ဆွေးနွေးမှုရလဒ်များကို ပြန်လည်တင်ပြခြင်း၊ ရလဒ်များ သုံးသပ်ဖော်ထုတ်ခြင်းများ ဆောင်ရွက်ကြပြီး အကောင်းဆုံး ဆွေးနွေး တင်ပြသူများ၊ အကောင်းဆုံး ပါဝင်ဆွေးနွေးသူများနှင့် အကောင်းဆုံး အုပ်စုအလိုက် ဆွေးနွေးတင်ပြသည့် အုပ်စုကို ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** **သတင်းစဉ်**

# ဘူးသီးတောင်မြို့၌ ဆောင်းရာသီဖိတ်ခေါ်ဖလား အလွတ်တန်းအမျိုးသား ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**ဘူးသီးတောင် ဇန်နဝါရီ ၁၉**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့၌ ၂၀၂၂ ခုနှစ် ဘူးသီးတောင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ စီစဉ် ဆောင်ရွက်မှုဖြင့် ဆောင်းရာသီ ဖိတ်ခေါ်ဖလား အလွတ်တန်း အမျိုးသား ဘော်လီဘောပြိုင်ပွဲနှင့် အမျိုးသမီး ထုပ်ဆီးတိုးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက မြို့မအားကစားခန်းမ၌ ကျင်းပသည်။ **(ဝဲပုံ)**



ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ အဖွဲ့ဝင် ဗိုလ်မှူး ဦးငြိမ်းချမ်းဦးက အမှာစကား ပြောကြားရာတွင် လူငယ်လူရွယ်များ မူးယစ်ဆေးဝါးသုံးစွဲမှုများ လျှော့ချလာနိုင်စေရန်၊ အားကစားကို လေ့လာလိုက်စား၍ ကျန်းမာကြံ့ခိုင်သော လူသားအရင်းအမြစ်များ ဖြစ်ပေါ်လာစေရန်နှင့် မြို့နယ်၊ ခရိုင်၊ ပြည်နယ်နှင့် နိုင်ငံ့ဂုဏ်ဆောင် မျိုးဆက်သစ် အားကစားသမားများ ဖြစ်ပေါ်လာစေရန်ဆိုသည့် မြင့်မားသော ရည်ရွယ်ချက်ဖြင့် ကျင်းပရခြင်း ဖြစ်ပါကြောင်း၊ တစ်ချိန်က မြန်မာ့ဘော်လီဘော အဆင့်အတန်းသည် အရှေ့တောင်အာရှ အဆင့်များတွင် အကြိမ်ကြိမ် ချန်ပီယံဖြစ်ခဲ့ပြီး နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်ခဲ့ကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဌာနဆိုင်ရာများမှ ပြိုင်ပွဲဝင်အသင်းများကို လိုက်လံနှုတ်ဆက်ပြီး အားကစားသမားများက အားကစား သစ္စာအဓိဋ္ဌာန် ရွတ်ဆိုကာ ပြိုင်ပွဲများကို စတင်ယှဉ်ပြိုင်ကြသည်။

အဆိုပါ ၂၀၂၂ ခုနှစ် ဘူးသီးတောင်မြို့နယ် စီမံအုပ်ချုပ်ရေး အဖွဲ့၏ စီစဉ်ဆောင်ရွက်မှုဖြင့် ဆောင်းရာသီဖိတ်ခေါ်ဖလား အလွတ်တန်းအမျိုးသား ဘော်လီဘောပြိုင်ပွဲကို အသင်း ရှစ်သင်းနှင့် အမျိုးသမီးထုပ်ဆီးတိုးပြိုင်ပွဲ အသင်း ရှစ်သင်းတို့ဖြင့် ဇန်နဝါရီ ၁၉ ရက်မှ ၂၅ ရက်ထိ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**လှကျော်(ပြန်/ဆက်)**

# အဆင့်မြင့်ပညာကဏ္ဍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၉**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာကဏ္ဍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး တတိယနေ့ အစီအစဉ်ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။ (ဓာတ်ပုံ)





အစည်းအဝေးတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ပညာရေးအဆင့်အတန်းမြင့်မားရေး၊ ကျောင်းသား ကျောင်းသူများ စိတ်ရွှင်လန်းချမ်းမြေ့စွာဖြင့် ပညာသင်ယူနိုင်ရေးနှင့် ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ သင်ကြားရေး ဌာနမှူးများနှင့် ဆရာ ဆရာမများ စိတ်အေးချမ်းသာစွာ သင်ကြားရေးတာဝန်များကို ထမ်းဆောင်နိုင်စေရေးအတွက် အမြဲမပြတ် လမ်းညွှန်ပေးလျက်ရှိကြောင်း** နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အဆင့်မြင့်ပညာကဏ္ဍ တက္ကသိုလ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက္ကသိုလ်များကို Class A, Class B နှင့် Class C အုပ်စုခွဲ သတ်မှတ်၍ တိုးတက်အောင် ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီး တစ်ခုလျှင် အနည်းဆုံးတက္ကသိုလ်တစ်ခု၌ Ph.D သင်တန်းဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ တက္ကသိုလ်များတွင် ဆရာ ဆရာမနှင့် သင်ထောက်ကူပစ္စည်းများ ပြည့်စုံလျှင် မဟာတန်းများကို ဖွင့်လှစ်နိုင်ပါကြောင်း။

တက္ကသိုလ်များအနေဖြင့် အမှန်တကယ် တတ်မြောက်သည့် ပညာတတ်ဘွဲ့ရ လူငယ်မောင်မယ်များ မွေးထုတ်ပေးကြရမည်ဖြစ်ကြောင်း၊ ဆရာ ဆရာမများသည် နိုင်ငံ့ဝန်ထမ်းများဖြစ်၍ နိုင်ငံအပေါ် သစ္စာရှိရန်လိုအပ်ပြီး လုပ်ငန်းဆောင်ရွက်ရာတွင်လည်း ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခများ စသည်ဖြင့် အပြန်အလှန်လေးစားတန်ဖိုးထား၍ ဆွေးနွေးတိုင်ပင် ဆောင်ရွက်ကြစေလိုကြောင်း။

အခက်အခဲများ တွေ့ကြုံရပါက တစ်ဦးတည်း မဖြေရှင်းဘဲ စုပေါင်းညှိနှိုင်းဖြေရှင်း ဆောင်ရွက်ကြစေလိုကြောင်း၊ တက္ကသိုလ်အဆောက်အအုံများတွင် ရေ၊ မီးနှင့် မီးသတ်စနစ်၊ မီးသတ်ဆေးဘူး၊ အရေးပေါ်ထွက်ပေါက်များကို ပြန်လည်စစ်ဆေးထားကြစေလိုကြောင်း၊ တက္ကသိုလ်အဆောက်အအုံတစ်ခုနှင့်တစ်ခုကို အမိုးပါသော အင်္ဂတေခင်း လူသွားစင်္ကြံများနှင့် ချိတ်ဆက်ပေးရမည်ဖြစ်ကြောင်း၊ တက္ကသိုလ်အဝင်မုခ်ဦးသည် ခံ့ညားထည်ဝါပြီး တက္ကသိုလ်သည် ဥပမိရုပ်ကောင်းမွန်ရမည် ဖြစ်ကြောင်း၊ တက္ကသိုလ်ပရဝုဏ်အတွင်း ပန်းအလှများစိုက်ခြင်း၊ စာသင်ခန်းသပ်ရပ်သာယာခြင်း၊ ပတ်ဝန်းကျင်သာယာလှပခြင်း၊ အပန်းဖြေရိပ်သာ၊ အားကစားကွင်း၊ အားကစားရုံတို့ ပြည့်စုံခြင်းတို့အပြင် တက္ကသိုလ်အင်္ဂါရပ်များ ပြည့်စုံအောင် ဖြည့်ဆည်းသွားကြရမည်ဖြစ်ကြောင်း။

ဆရာဆရာမများ၏စားရေးနှင့်နေရေး အဆင်ပြေစေရန် ဝန်ကြီးဌာနနှင့် ပါမောက္ခချုပ်များညှိနှိုင်း၍ ပံ့ပိုးဖြည့်ဆည်းပေးကြရမည်ဖြစ်ကြောင်း၊ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ဘာသာရပ်ဌာနမှူးများ၏ စီမံခန့်ခွဲမှုတာဝန်များအတွက်လည်း ထည့်သွင်းအသိအမှတ်ပြုရမည်ဖြစ်ကြောင်း။

ဆရာမဆောင်များတွင် ရေလုံလောက်ရေး၊ ရေသန့်စက်တပ်ဆင်ရေး၊ မီးမပျက်ရေး၊ ခြံစည်းရိုးပြည့်စုံရေးနှင့် အခန်းတိုင်းတွင် ထိုက်တန်သော အိပ်ခန်း၊ ရေချိုးခန်း၊ သန့်စင်ခန်း၊ မီးဖိုချောင်များ ထည့်သွင်းဖွဲ့စည်းပေးမည်ဖြစ်ကြောင်း၊ ဆရာဆရာမများ အရည်အသွေးမြင့်မားရေးအတွက် အပတ်စဉ်ဌာနတွင်း ဘာသာရပ်ဆိုင်ရာဆွေးနွေးပွဲများ ကျင်းပကြရမည်ဖြစ်ကြောင်း၊ ဆရာ ဆရာမများနှင့် မိသားစုပုံစံနွေးနွေးထွေးထွေး ဆက်ဆံကြစေလိုကြောင်း၊ ပညာရေးကဏ္ဍမြင့်တင်ရေး၊ ကျောင်းသား ကျောင်းသူများ အမှန်တကယ်ပညာတတ်မြောက်ရေးနှင့် ဆရာဆရာမများ စားရေး၊ နေရေး၊ သင်ကြားရေးအတွက် မိသားစုသဖွယ် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ဆွေးနွေးပြောကြားပြီး အစည်းအဝေးကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပသည်။

အဆင့်မြင့်ပညာကဏ္ဍလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပရာတွင် ဇန်နဝါရီ ၁၇ ရက်မှ ၁၈ ရက်အထိ ပါမောက္ခချုပ်များအကြား အုပ်စုခြောက်ခုခွဲခြားကာ ထိပ်တန်းတက္ကသိုလ်များဖြစ်ရေး၊ သင်ယူမှုအခွင့်အလမ်းမြှင့်တင်ရေး၊ သင်ကြားသင်ယူမှုမြှင့်တင်ရေး၊ နည်းဥပဒေကြမ်းများ တည်းဖြတ်ရေးနှင့် စီမံကိန်းရေးဆွဲရေးနှင့် ဘဏ္ဍာရေးခေါင်းစဉ်များဖြင့် အုပ်စုလိုက်ဆွေးနွေးကြပြီး အုပ်စုလိုက်ဆွေးနွေးမှုခေါင်းစဉ်များကို ပါဝါပွိုင့်ဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးညှိနှိုင်းကြသည်။

ယနေ့ ကျင်းပသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပညာရေးဝန်ကြီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်ကျောင်းများမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့ချရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၉**

ပွင့်လင်းရာသီတွင် ဖြစ်ပေါ်လေ့ရှိသော တောမီးလောင်ခြင်းနှင့် တောင်ယာမီးရှို့ခြင်းတို့မှ ထွက်ရှိသော မီးခိုးမြူငွေ့နှင့် ပြာမှုန့်များကြောင့် လေထုညစ်ညမ်းမှုဖြစ်ပေါ်လျက်ရှိသဖြင့် Fire Hot-spots မီးလောင်ကျွမ်းမှု များပြားနေခြင်းကို လျှော့ချသွားရန်၊ မီးလောင်ကျွမ်းခြင်း များကြောင့် ဖြစ်ပေါ်လာသော မီးခိုးမြူငွေ့ ညစ်ညမ်းမှုကြောင့် ဂေဟစနစ်နှင့် လူသားတို့၏ကျန်းမာရေးအတွက် ဖြစ်ပေါ်နိုင်သော နောက်ဆက်တွဲဆိုးကျိုးများကို ကြိုတင်ကာကွယ်နိုင်ရန် ရည်ရွယ်၍ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်း နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်းမှု လျှော့ချရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နိုင်က ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်သည် ၂၀၁၇ ခုနှစ်တွင် ပေးအပ်ခဲ့သော အာဆီယံပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရေရှည်တည်တံ့သော မြို့ကြီးများဆု (ASEAN Environ-mental Sustainable Cites Award)ကို ရရှိထားပြီးဖြစ်သည့်အတွက် အစိမ်းရောင်မြို့တော်များ အင်္ဂါရပ်နှင့်အညီ သန့်စင်သော လေရရှိမှု၊ သန့်ရှင်းသောရေ ထောက်ပံ့ပေးနိုင်မှု၊ ကောင်းမွန်သည့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု အလေ့အထများ စသည့်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အခြေခံစံနှုန်းများကို အလေးထားလိုက်နာဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ အမြဲစိမ်းလန်းသာယာလှပရေး၊ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်၊ လူမှုရေး၊ စီးပွားရေး မဏ္ဍိုင် သုံးခုကို ဟန်ချက်ညီညီ ပေါင်းစပ်ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍအနေဖြင့် ပြည်သူလူထုပူးပေါင်းလာစေရန်အသိပညာပေးခြင်းတို့ကို လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ တောမီးနှင့် အခြားမီးလောင်ကျွမ်းခြင်း များကြောင့် ဖြစ်ပေါ်လာနိုင်သည့် မီးခိုးမြူငွေ့ ညစ်ညမ်းမှု လျှော့ချနိုင်ရေး လုပ်ငန်းစဉ်များကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဌာနများအနေဖြင့် ပေါင်းစပ်ညှိနှိုင်း ပူးပေါင်း ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် နေပြည်တော် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်ခင်ဆွေက နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်းမှု လျှော့ချရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာများက နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်းမှု လျှော့ချရေးဆိုင်ရာ လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ သက်ဆိုင်ရာ ကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေး တင်ပြကြရာ နေပြည်တော် ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းက လိုအပ်ချက်များကို ဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နိုင်က ဆွေးနွေးချက်များအပေါ် ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ် အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❀ *ရှေ့ဖုံးမှ*

ယနေ့တွင် စတင်ထိုးနှံပေးလျက်ရှိပြီး လူဦးရေ စုစုပေါင်း ၄၀၅၀ ကို ထိုးနှံပေးခဲ့သည်။ အဆိုပါ Sputnik Light ကာကွယ်ဆေးသည် တစ်ကြိမ်သာ ထိုးနှံရန် လိုအပ်ပြီး ရောဂါကာကွယ်မှုနှုန်း ကောင်းမွန်သည့် ကာကွယ်ဆေးဖြစ်သည့်အတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးလွှမ်းခြုံမှုကို အချိန်တိုအတွင်း မြင့်မားစွာ ရရှိစေနိုင်သည်။ Sputnik Light ကာကွယ်ဆေးများကို အအေးလမ်းကြောင်းမပြတ် သယ်ယူပို့ဆောင်ရန်နှင့် ကာကွယ်ဆေးထိုးနှံရန် သင့်လျော်သည့် ရန်ကုန်တိုင်းဒေသကြီးအပါအဝင် အခြားတိုင်းဒေသကြီး/ပြည်နယ်များရှိ ကာကွယ်ဆေးလွှမ်းခြုံမှု နည်းပါးသည့် မြို့နယ်များတွင် ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးမှုအနေဖြင့် ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၈ ရက်အထိ လူဦးရေ ၁၇ ဒသမ ၈၆ သန်းကို အကြိမ်ပြည့်ထိုးနှံပေးခဲ့၍ ၃ ဒသမ ၆ သန်းကို တစ်ကြိမ်ထိုးနှံပေးခဲ့ပြီးဖြစ်ရာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တစ်ကြိမ်နှင့်အထက် ထိုးနှံပြီးသူ ၂၁ ဒသမ ၄၆ သန်းခန့်ရှိပြီဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ရေ စုစုပေါင်း ၃၉ ဒသမ ၄၈ သန်း doses ကို ထိုးနှံပြီးဖြစ်သည်။

မိဘပြည်သူများအနေဖြင့် မိမိအတွက် ရရှိလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို မပျက်မကွက် အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်း၊ ပထမအကြိမ်ကာကွယ်ဆေးထိုးနှံမှု ရရှိထားသူများအနေဖြင့်လည်း ဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံမှုကို သတ်မှတ်ရက်တွင် (သို့မဟုတ်) အနီးဆုံး သတ်မှတ်ကာလအတွင်းတွင် နီးစပ်ရာကာကွယ်ဆေးထိုးစုရပ်များသို့ သွားရောက်၍ ထိုးနှံမှုခံယူခြင်းနှင့် ကာကွယ်ဆေးထိုးလုပ်ငန်းများတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# လူတိုင်း လူတိုင်းသည် . . .

**စောဖိုးခွား**



**ကလေးဘဝမှစတင်**

ဘဝဟူသည်က အဆက်မပြတ်သင်ယူနေရသောဖြစ်စဉ်တစ်ရပ်ပင် ဖြစ်သည်။ မွေးကင်းစ လူမှန်းသိစအရွယ်မှစကာ မိမိက ဘာသာစကား မတတ်သေးခင်မှာပင် ငိုခြင်းအသံပြုခြင်းဖြင့် ဆက်သွယ်သင်ယူသည်။ နို့ဆာပြီ ချိုတိုက်ကျွေးပါဟု အချက်ပြအော်ငိုမည်။ အခင်းအဝတ်သေးစိုနေပြီ၊ ကျော အေးနေပြီဟု အချက်ပြအော်ငိုမည်။ နို့ဆာ၍ ငိုသံပေးသောအခါ နို့တိုက်ကျွေးသည်။ အခင်းအဝတ်စိုရွှဲနေခြင်းကို သိရသဖြင့် နွေးထွေးသောအဝတ်ကို လဲလှယ်ပေးသည်ကို ခံစားရသည်။ မွေးမိခင်၏ရင်ခွင်ထဲမှစတင်၍ အရာရာကို သင်ယူလာရသည်။

လူသည် သင်ယူခြင်းအားဖြင့် လူလားမြောက်ကာ လူဖြစ်လာရသည်။ မိခင် ဖခင်က သင်ပြသည်။ စာသင်ခန်းတွင် ဆရာ ဆရာမက သင်ကြားသည်။ ပတ်ဝန်းကျင်ဆွေမျိုးဉာတကာများက ယဉ်ကျေးမှု၊ ဓလေ့ထုံးစံနှင့် နေပုံထိုင်ပုံ ပြောပုံဆိုပုံများကို အတုမြင်၍ အတတ်သင်စေသည်။ မုဆိုးနားနီး မုဆိုး၊ တံငါနားနီး တံငါ နီးစပ်ရာ အသိုက်အအုံ ပတ်ဝန်းကျင်၏စရိုက်များလည်း ရယူလာတတ်သည်။ လူမျိုး၊ ယဉ်ကျေးမှု၊ ဘာသာစကား၊ ကိုးကွယ်မှုဘာသာတရား၊ ရပ်ရွာဓလေ့ အစဉ်အလာတို့က လူတစ်ယောက်ကို အကောင်း၊ အဆိုးပါ အချိန်နှင့်အမျှ လေ့ကျင့်ပုံသွင်းပေးခဲ့ကြသည်။

**မိဘ**

ဖခင်က ဒေါသထွက်လွယ်၊ စိတ်ဆိုးလွယ်လျှင် သားသမီးကလည်း ဖခင်နည်းတူ စိတ်ဆတ်သော အမူအကျင့်သဘောကိုတွေ့ရမည်။ မိခင်က ချိုချိုသာသာ၊ ယဉ်ယဉ်ကျေးကျေး၊ အကျိုးသင့်၊ အကြောင်းသင့် နားဝင်အောင်ပြောဆိုတတ်သူဖြစ်ခဲ့လျှင် မိခင်၏နူးညံ့မှုကြောင့် ယဉ်ကျေးချိုသာစွာပြောဆိုတတ်သည့် အမူအကျင့်ကို ရခဲ့ပေမည်။ မိဘတို့၏အပြုအမူကို စံနမူနာယူ၍ ငယ်စဉ်က အတုခိုးခဲ့ကြစမြဲပင်။

ပက်လက်ထားသည့်အတိုင်းနေရာမှ မှောက်တတ်လာမည်။ ခါးဆစ်ရိုးလေးများ သန်မာလာသောအခါ ထိုင်တတ်လာမည်။ ခြေထောက်အရိုးအဆစ်များ ပိုမိုသန်မာလာသောအခါ မတ်တတ်ရပ်နိုင်လာမည်။ အချိန်ကြာလာသည်နှင့်အမျှ တစ်လှမ်းချင်းလှမ်းစပြုရာမှ တဖြည်းဖြည်း ပြေးနိုင်လွှားနိုင်၊ ဆော့ကစားမြူးထူးနိုင်သော အခြေအနေရောက်လာမည်။ ကာယလည်း ဖွံ့ဖြိုးမည်။

အကြားအမြင်ဗဟုသုတလည်း စူးစမ်းမေးမြန်းသလောက် အသိတိုးလိမ့်မည်။

**ဆရာ**

ကျောင်းနေရမည့်အရွယ်သို့ ရောက်လာသောအခါ ရွယ်တူကလေးငယ်များနှင့်အတူ ကျောင်းစာသင်ခန်းသို့ ဝင်ရောက်ရပေလိမ့်မည်။ လူ့သမိုင်းသည် မိခင် ဖခင်တို့၏နေအိမ်မှ သင်ကြားပြသခဲ့ကြခြင်းကြောင့် အကြီးအကျယ်ပြောင်းလဲတိုးတက်ခြင်းတော့ မဟုတ်ချေ။ ဆွေမတော် မျိုးမစပ်သော ဆရာ ဆရာမဆိုသော သူစိမ်းတစ်ရံ သင်ကြားပြသသူများက သူတို့၏သားသမီးကဲ့သို့ ကြီးမားနွေးထွေးလှသောမေတ္တာတရားဖြင့် လွှမ်းခြုံလျက် သင်ဆရာ၊ ကြားဆရာ၊ မြင်ဆရာ၊ တွေးဆရာများကို သိမြင်နားလည်အောင် သင်ကြားပြသညွှန်ခဲ့ကြသဖြင့် လူပီသသောလူသားလေးများ ဖြစ်လာကြခြင်း ပါပေ။

**ကျောင်းသင်ပညာ**

မြန်မာနိုင်ငံရှိ လူဦးရေ ၅၄ သန်းကျော်တွင် ကျောင်းမနေခဲ့ဖူးသောသူများ ရှိခဲ့ကြပေသည်။ စာသင်ကျောင်းသည် ဘာသာစကား၊ သင်္ချာ၊ ပထဝီဝင်၊ သမိုင်း၊ သိပ္ပံ စသည့်ဘာသာရပ်သင်ခန်းစာများကိုသာ သင်သောနေရာ မဟုတ်ပေ။ လူမှုဆက်ဆံရေး၊ ယဉ်ကျေးမှု၊ လူသားအချင်းချင်း ဆက်နွှယ်ဆက်ဆံပုံ ကျင့်ဝတ်နီတိ၊ လူသားချင်း အပြန်အလှန်တန်ဖိုးထား လေးစားဆက်ဆံကာ ပူးပေါင်းဆောင်ရွက်ကြခြင်းအားဖြင့် ထူးခြားကြီးမားသောတိုးတက်အောင်မြင်မှုကို စုပေါင်းအားဖြင့် ဖန်တီးနိုင်စွမ်းရှိကြောင်း နားလည်တတ်မြောက်စေပါသည်။ ပန်းချီ၊ ဂီတ၊ အက၊ အားကစား၊ ကွင်းဆင်းလေ့ကျင့်ခြင်းများအပါအဝင် အပေါင်းအသင်းအစုအဝေးဖြင့် မရင်းနှီး မသိကျွမ်းခဲ့သူများနှင့် ချစ်ချစ်ခင်ခင် အတူတကွ အနုပညာရသခံစားနားလည်စာနာစွာ နေထိုင်လာတတ်အောင် လေ့ကျင့်ပေးနိုင်သည်။ ကျောင်းမနေဖူးရှာသောကလေးများ ဤအခွင့်အရေး ဆုံးရှုံးခဲ့ရရှာ၏။ နွေးထွေးသော မိဘရင်ခွင်သည် လူ့ဘဝသို့ စတင်ရောက်ရှိလာရသော ကလေးတစ်ယောက်၏ ငယ်စဉ်ဘဝသည် အမှန်ပင်အရေးကြီးလှပါ၏။ ဆက်ဆံရေးပုံသွင်းခြင်းမှာ လက်ဦးဆရာမည်ထိုက်စွာ ပုဗ္ဗာစရိယ မိနှင့်ဖဟု ဆိုရိုးစကားသည် အပြည့်အဝ မှန်ကန်ပါပေ၏။

**ဆက်ဆံရေးနှင့် ပုံသွင်းခြင်း**

စာသင်ကျောင်းနှင့် ဆရာ ဆရာမတို့၏ ပြုစုပျိုးထောင်မှုကား မိဘထက်အရေးကြီးလှသည်ဟု မဆိုရဲသော်မှ မိဘပမာ ကလေးတစ်ယောက်၏ဘဝကို ရင့်ကျက်တိုးတက်အောင် ဖြည့်စွမ်းယုယသင်ပြကြခြင်းမှာ မိဘနှင့်နှိုင်း၍ တစ်ဂိုဏ်းတည်းထားရမည်ဟု မှတ်သားဖူးပါသည်။ ရတနာသုံးပါးနှင့်အတူ၊ မိဘနှင့်အတူ ဆရာ ဆရာမတို့၏ ယုယကြင်နာ သင်ကြားပြသလမ်းညွှန်ခြင်းများသည် သူတို့၏ဘဝတစ်လျှောက်လုံးအတွက် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ ကိုယ်ကျင့်စာရိတ္တပိုင်းဆိုင်ရာ ခိုင်မာသန်မာစေခဲ့ပါ၏။

မိဘမဲ့သော သားသမီး၊ အိမ်ထောင်ရေးပြိုကွဲလျက် မိဝေးဖဝေး စိတ်ထဲမှာကျိတ်၍ ပူဆွေးရင်နင့်ခဲ့ကြရသောကလေးမျိုး၊ ဝတ်ကျေတမ်းကျေ စေတနာနည်းသော ဆရာ ဆရာမ ညှံ့ဖျင်းသူမျိုးနှင့် တိုးခဲ့ကြသော ကျောင်းသားမျိုးတို့မှာ အပြစ်အနာအဆာအပဲ့အပိန်ပါသော လူစားအချို့ ဖြစ်ရတတ်ပေသည်။

မိဘတို့၏ အခန်းကဏ္ဍ၊ ဆရာ ဆရာမတို့၏ အရေးပါပုံနှင့် အနာဂတ်တွင် လူကြီးများနေရာကို ရောက်ရှိလာကြမည့် ကလေးငယ်များအပေါ် လွှမ်းမိုး ရိုက်ခတ်ခြင်း၏အရေးပါပုံကို အကျယ်ဖော်ပြရသော် သမုဒ္ဒရာတမျှ ကျယ်ဝန်းနက်ရှိုင်းလှပေမည်။

ဤဆောင်းပါးတွင်ကား သမုဒ္ဒရာဆီသို့လည်း ခေါ်ဆောင်မသွားပါ။ ပင်လယ်ကမ်းခြေသို့လည်း မပို့တော့ပါ။ နမူနာရေတစ်စက်မျှသာ ဖော်ပြလျက် လူ့သမိုင်းစဉ်တစ်လျှောက်လုံးအတွက် လူ့အဖွဲ့အစည်း၏ လူနေမှုဘဝအဆင့်အတန်း ကောင်းမွန်တိုးတက်စေအောင် အတတ်ပညာ၊ နည်းပညာ၊ အခြေခံပညာများ သင်ကြားပေးခဲ့သူများ၏ ကျေးဇူးတရားကို နားလည်သဘောပေါက်နိုင်လောက်သည်ဟု ယူဆပါသည်။

**သင်ယူနိုင်စွမ်း**

လူလူချင်း သင်ကြားသင်ယူမှုပြုလိုက်သောအခါ လူသည် ဉာဏ်ရည်အရာတွင် အခြားတိရစ္ဆာန်များထက် သဘာဝအရ များစွာသာလွန်သည့် အလျောက် ဆင်များကိုလည်း ချွန်းသေးသေးဖြင့် ထိန်းချုပ်စေခိုင်းနိုင်သည်။ မြင်းများကိုလည်း ပါးချုပ်တပ်ဆင်ကာ စီးနင်းနိုင်သည်။ ရထားကို ဆွဲစေနိုင်သည်။ ဆင်ပေါင်း၊ မြင်းပေါင်းများစွာ ဖွဲ့စည်းလျက် ဆင်တပ်၊ မြင်းတပ်တို့ဖြင့် နိုင်ငံ၏ ဘုန်းတန်ခိုးအာဏာကို ထူထောင်နိုင်၊ ကာကွယ်နိုင်ခဲ့ကြသည်။ ကျွဲ၊ နွားများကို နဖားကြိုးထိုးကာ လယ်ထွန်ခြင်း၊ လှည်းတပ်၍ သယ်ဆောင်စေခြင်း စသည်ဖြင့် ခိုင်းစေနိုင်သည်။

ခေတ်အဆက်ဆက် ပြောင်းလာသောအခါ စိုက်ပျိုးရေးခေတ်၊ စက်မှုကုန်ထုတ်မှုခေတ်၊ နည်းပညာခေတ်၊ ယခုကား အဆင့်မြင့်နည်းပညာခေတ်သို့ပင် မိမိတို့ ရောက်ရှိလာခဲ့ကြပေပြီ။ လူဖန်တီးသော Robots စက်ရုပ်လူသားများက ဖန်တီးပြုလုပ်ထားသော ဉာဏ်ရည် Artificial Intelligence (AI) ပညာဖြင့် လူနှင့်မခြားလုပ်ဆောင်ပြနေကြပြီ။ မြန်မာနိုင်ငံ ပြည်သူများအတွက်ကား နည်းပညာခေတ်များမဆိုထားနှင့် စိုက်ပျိုးရေး၊ မွေးမြူရေး ကမ္ဘာဦးလူသားသာသာမျှသော လူမှုစီးပွားဘဝအခြေအနေမှာ ရှိနေကြပါသေး၏။ ပြေး၍လိုက်မှ မီလုလုအခြေအနေမျိုးတွင် မိမိတို့ထက် အရှိန်အဟုန်လျင်မြန်စွာ ပြေးနေကြသူ၊ ရှေ့ကလူအချို့က မိမိကိုမပြေးနိုင်ဘဲ တုံးလုံးပက်လက်လဲကျအောင် ခြေထိုးခံကာအမျိုးမျိုး နှောင့်ယှက်ဟန့်တားသောအခြေအနေကို ကြုံတွေ့နေကြရပေသည်။ ညစ်ပတ်စွာ ဒုက္ခလာပေးနေသူများပါ။

စာမျက်နှာ ၇ သို့

**မြန်မာပြည်၏ အနာဂတ်အညွှန့်အဖူး ကလေးသူငယ်၊ လူငယ်လူရွယ်၊ ကျောင်းသား ကျောင်းသူများကို နည်းအမျိုးမျိုးဖြင့် ရိုက်ချိုးဖျက်ဆီး တိုက်ခိုက်ချေမှုန်းနေကြသည်မှာ မြင်ရသမျှ၊ ကြားရသမျှ ရင်နာကြေကွဲရပါ၏။ တိုင်းပြည်နှင့် လူမျိုးအတွက် အထိနာလှ၏။**

**ရေတိုအခြေအနေမှာတော့ ကလေးမိဘများကို စိတ်ပျက်စိတ်ညစ်စေခဲ့သည်။ ဆရာ ဆရာမများကို ဝမ်းနည်းစေခဲ့ပြီ။ ရေရှည်မှာတော့ပညာရေး အဓိကမဏ္ဍိုင်ကြီးကို အခြေအမြစ်ကစပြီး တူးဖြို ခုတ်လှဲနေသဖြင့် တိုင်းဆူပြည်ဖျက် အကြံပက်စက် မိုက်မဲလွန်းရုံမက သွေးအေးအေးနှင့် ရက်စက်ယုတ်မာလှပေစွဟု မှတ်တမ်းတင်ရမည်။ ရပ်သင့်ပြီဟုထင်သည်။ တားဆီးကြစို့။**

# “တူယှဉ်နွဲ့ပျော် ဂီတပွဲတော်” သီချင်းဆိုပြိုင်ပွဲ အုပ်စု(င) ပထမပွဲစဉ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ တိုက်ရိုက် Live ပြသမည်

**နေပြည်တော် ဇန်နဝါရီ ၁၉**




စိန်ရတု ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် “တူယှဉ်နွဲ့ပျော် ဂီတပွဲတော်” သီချင်းဆိုပြိုင်ပွဲ အုပ်စု (င) ပထမပွဲစဉ်ကို ဇန်နဝါရီ ၂၁ ရက် (သောကြာနေ့) ညတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ တိုက်ရိုက် Live ရိုက်ကူးထုတ်လွှင့်မည် ဖြစ်သည်။

အဆိုပါပွဲစဉ်၌ တိုင်းရင်းသားပြိုင်ပွဲဝင်များ ဖြစ်ကြသည့် မွန်ပြည်နယ်မှ အေးသက်ထားဇော်၊ ဧရာဝတီတိုင်းဒေသကြီးမှ ဇင်သူသူထွန်း၊ မကွေးတိုင်းဒေသကြီးမှ ရန်လေး၊ နေပြည်တော်မှ ကျော်မျိုးထက်၊ ရခိုင်ပြည်နယ်မှ သန်းသန်းဆင့်၊ တနင်္သာရီတိုင်းဒေသကြီးမှ ရာဇာ၊ ရှမ်းပြည်နယ်မှ ဇင်နှယ်၊ ပဲခူးတိုင်းဒေသကြီးမှ ချစ်နုနှင့် စစ်ကိုင်းတိုင်းဒေသကြီးမှ စုလတ်ဖြူတို့က ယှဉ်ပြိုင်သီဆိုကြမည်ဖြစ်ပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ခေတ်ပေါ်တေးဂီတအဖွဲ့မှ တီးခတ်ပေးမည်ဖြစ်ကာ ဒုတိယအကြိမ်အဖြစ် ဇန်နဝါရီ ၂၃ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် ထပ်မံထုတ်လွှင့်ပြသမည် ဖြစ်သည်။

“တူယှဉ်နွဲ့ပျော် ဂီတပွဲတော်” သီချင်းဆိုပြိုင်ပွဲတွင် နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးတို့မှ တိုင်းရင်းသားညီအစ်ကို မောင်နှမ သုံးဦးစီဖြင့် စုစုပေါင်း ၄၅ ဦးတို့က အဖွဲ့ ငါးဖွဲ့ခွဲ၍ အုပ်စု ပွဲစဉ် ၁၀ ပွဲကို ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် လည်းကောင်း၊ နောက်ဆုံး ပွဲစဉ်သုံးပွဲကို ရန်ကုန်မြို့ ပြည်သာယာရှိ မြဝတီမီဒီယာ စင်တာတွင် လည်းကောင်း နိုဝင်ဘာ ၂၆ ရက်မှစ၍ အပတ်စဉ် သောကြာနေ့ညများတွင် တိုက်ရိုက် Live ရိုက်ကူးထုတ်လွှင့် ပြသလျက်ရှိရာ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၆ ရက် တနင်္ဂနွေနေ့ညအပါအဝင် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်အထိ အပတ်စဉ် သောကြာနေ့ ညတိုင်း သီဆိုယှဉ်ပြိုင်ကြမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# “စိန်ရတု ပြည်ထောင်စု လူရွှင်တော်ဖလား” လူရွှင်တော်ပြိုင်ပွဲ၊ ပွဲစဉ်(၃) မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် ဇန်နဝါရီ ၁၉**

(၇၅) နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် မြန်မာနိုင်ငံ လူရွှင်တော်အသင်း(ဗဟို) တို့ ပူးပေါင်းပြီး “စိန်ရတု ပြည်ထောင်စု လူရွှင်တော်ဖလား” လူရွှင်တော်ပြိုင်ပွဲ၊ ပွဲစဉ်(၃)ကို




ဇန်နဝါရီ ၂၂ ရက်၊ (စနေနေ့) ည ၈ နာရီသတင်းအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် ဟာသမင်္ဂလာရွှေဆိုင်းတော်အဖွဲ့ တီးခတ်မှုနှင့်အတူ လူရွှင်တော်များ ဖြစ်ကြသည့် အိုးဝေ၊ ဒဂါး၊ ကော်ဇီနှင့် ဖြိုးကြွယ်တို့က ပါဝင်ယှဉ်ပြိုင်ကြမည် ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို ဇန်နဝါရီ ၂၆ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီခွဲ National News အင်္ဂလိပ်ဘာသာသတင်း အစီအစဉ်အပြီးတွင် ဒုတိယအကြိမ် ထပ်မံ ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# သုတဝေဖြာသိရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ်၊ လူရွှင်တော်အသင်းနှင့် ကိုလူချောအဖွဲ့တို့မှ မိသားစုများ ပါဝင်ယှဉ်ပြိုင်မည်

**နေပြည်တော် ဇန်နဝါရီ ၁၉**

သုတဝေဖြာသိရိဂေဟာ မိသားစုပြိုင်ပွဲအသိပညာပေးအစီအစဉ်(Family Quiz) ပွဲစဉ်အမှတ်(၅၀)ကို ဇန်နဝါရီ ၂၁ ရက်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ပွဲစဉ်အမှတ် (၅၀) ၏ ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာပေး အစီအစဉ်ကို သရုပ်ဆောင် စိုးသီဟနှင့် ဂျေနော်တို့က တင်ဆက်ကြမည်ဖြစ်ပြီး လူရွှင်တော်အသင်းနှင့် ကိုလူချောတို့အဖွဲ့မှ မိသားစုများက ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို ဇန်နဝါရီ ၂၁၊ ၂၂၊ ၂၃ ရက်များတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV -HD မှ ညနေ ၆ နာရီ သတင်းအပြီးတွင် ထုတ်လွှင့် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**




# (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် စာအုပ်စာစောင်ပြပွဲကျင်းပ

**ညောင်ရွှေ ဇန်နဝါရီ ၁၉**

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် စာအုပ်စာစောင်ပြပွဲကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညောင်ရွှေမြို့နယ်ရုံး၌ ဇန်နဝါရီ ၁၇ ရက်က ကျင်းပသည်။

စာအုပ်စာစောင်ပြပွဲကို စာအုပ်စာပေကို ချစ်မြတ်နိုးတတ်စေရန်၊ စာပေတန်ဖိုးသိရှိနားလည် နိုင်စေရန်၊ စာဖတ်ခြင်းဖြင့် ဘဝတိုးတက်မှု ရရှိကြစေရန်၊ အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်နှင့် စာအုပ်စာပေနှင့် ရင်းနှီးမှုရှိစေရန် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်သည်။ အဆိုပါ စာအုပ်စာစောင်ပြပွဲတွင် ကျောင်းသားကျောင်းသူများ၊ စာပေဝါသနာရှင်များ လာရောက်ကြည့်ရှုလေ့လာကြပြီး ပြပွဲကို ဇန်နဝါရီ ၂၁ ရက်ထိ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**

**ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ**

*စာမျက်နှာ ၆ မှ*

**အဆင့်မြင့် နည်းပညာခေတ်**

အသံထက်မြန်သော ကျည်ဆန်ရထားများ၊ အသံထက် ၄-၅ ဆမြန်သော ဂျက်လေယာဉ်ပျံများ သုံးစွဲနေကြချိန်တွင် မိမိတို့မှာကား ထွန်စက်၊ ရိတ်စက်သုံးဖို့ပင်အနိုင်နိုင်။

တိုးတက်ဖွံ့ဖြိုးသော လူမှုစီးပွားရေးခေတ်ကို ရောက်အောင် မည်သည့်ကိန်းများက လွှမ်းမိုးပါသနည်း။ တစ်ခွန်းတည်း ပြောရမည်ဆိုပါလျှင်-

ပညာရေးပင်မဟုတ်ပေလော။
ပညာရေးကောင်းရမည်။
ပညာရေးမြှင့်မှ ဖြစ်မည်။
ပညာရေးကို မြှင့်တင်ကြရမည်။
ပညာရေးကို အားပေးကြရမည်။

**အလုံးစုံ ပျက်သုဉ်းရေးသို့**

မြန်မာပြည်သူများ တိုးတက်ဖွံ့ဖြိုးမည်ကို မလိုလားသူအချို့က အခြားနိုင်ငံများထက် အောက်ကျနောက်ကျကျန်ရစ်ခဲ့စေရန် ပညာရေး မဏ္ဍိုင်ကို အဓိကပစ်မှတ်ထားကာ ယိမ်းယိုင်ပျက်စီးစေရန် ဦးတည်တိုက်ခိုက် ဖျက်ဆီးနေကြလေသည်။ ကြီးမားစွာ ရန်ပြုနေကြသည်။ ပြည်တွင်း၊ ပြည်ပ နှစ်ဖက်ညှပ်ချနေကြသည် -

(၁) စာမသင်ရဲအောင် ဆရာ ဆရာမများကို သတ်ဖြတ်၊
(၂) ကျောင်းထိုင်သံဃာတော်များကို သတ်၊ ပစ်သတ်၊
(၃) စာမသင်နိုင်အောင် ကျောင်းများကို မီးရှို့၊
(၄) စာသင်လို့မရအောင် ကျောင်းဆောင်များ ဗုံးခွဲ၊
(၅) စာသင်သွားသောဆရာမများကို ခြိမ်းခြောက်၊
(၆) ကျောင်းသားများကို ကျောင်းမသွားရန် တား၊
(၇) ကျောင်းသားများ ရောဂါကာကွယ်ဆေး မထိုးကြစေရန် တားဆီးပိတ်ပင်၊
(၈) ကျောင်းများကို မီးရှို့၊ ဗုံးခွဲ၊
(၉) ပညာရေးမှူးရုံးများကို ဗုံးပစ်၊
(၁၀) ဆရာ ဆရာမများကို အွန်လိုင်းမီဒီယာပေါ်မှ ခြိမ်းခြောက်။

မြန်မာပြည်၏ အနာဂတ်အညွန့်အဖူး ကလေးသူငယ်၊ လူငယ်လူရွယ်၊ ကျောင်းသားကျောင်းသူများကို နည်းအမျိုးမျိုးဖြင့် ရိုက်ချိုးဖျက်ဆီး တိုက်ခိုက်ချေမှုန်းနေကြသည်မှာ မြင်ရသမျှ၊ ကြားရသမျှ ရင်နာကြေကွဲရပါ၏။ တိုင်းပြည်နှင့် လူမျိုးအတွက် အထိနာလှ၏။

လူငယ်များ ညံ့ဖျင်းမှု၊ နိမ့်ကျမှု၊ ပညာမတတ်မှု နိုင်ငံတကာနှင့် ယှဉ်ပြိုင်လျှင် မနိုင်တော့ဘဲ ရှုံးနိမ့်မှု ကျေနပ်အားရမည့် အကြမ်းဖက်သမား လူရမ်းကား လူသတ်သမားများနှင့် လက်နက်ခဲယမ်း၊ မိုင်းဗုံးများ ထောက်ပံ့ပေးနေသူများ၏ ရိုင်းစိုင်းယုတ်မာရက်စက်မှုသည် မြန်မာ့သမိုင်းတွင် ရာဇဝင်ရိုင်းလှသော အမည်းစက်ပင်မဟုတ်ပေလော။ ငုံ့ခံနေ၍မဖြစ်၊ တုံ့ပြန်မှ ဖြစ်ပေတော့မည်။

ရေတိုအခြေအနေမှာတော့ ကလေးမိဘများကို စိတ်ပျက်စိတ်ညစ်စေခဲ့သည်။ ဆရာ ဆရာမများကို ဝမ်းနည်းစေခဲ့ပြီ။ ရေရှည်မှာတော့ ပညာရေး အဓိကမဏ္ဍိုင်ကြီးကို အခြေအမြစ်ကစပြီး တူးဖြိုခုတ်လှဲနေသဖြင့် တိုင်းဆူပြည်ဖျက် အကြံပက်စက် မိုက်မဲလွန်းရုံမက သွေးအေးအေးနှင့် ရက်စက်ယုတ်မာလှပေစွဟု မှတ်တမ်းတင်ရမည်။ ရပ်သင့်ပြီဟုထင်သည်။ တားဆီးကြစို့။

**ရပ်သင့်ပြီ**

စာရေးသူက ဤနေရာမှ မေတ္တာရပ်ခံလိုသည်က လူသားချင်းစာနာထောက်ထားမှုကင်းသော အကြမ်းဖက်သူများအတွက် သမိုင်းနိဂုံးတော့ မကောင်းနိုင်ပါ။ လူတိုင်းလူတိုင်းက သူ့သမိုင်းကို သူရေးနေကြသည့် သမိုင်းရေးဆရာများပင်။ မိမိတို့၏သားသမီးများကို ပညာရေးပျက်စီးအောင် ဖျက်ဆီးလာသောရန်သူများကို တုံ့ပြန်ဖော်ထုတ်ရှင်းလင်းကြရန် အချိန်တန်ခဲ့ပေပြီ။ လူတိုင်းလူတိုင်းသည် အကြမ်းဖက်သမား၏ အဖျက်ရန်ကို နိုင်ငံနှင့်ပြည်သူ့အကျိုးအတွက် ရဲရဲရင့်ရင့်ပါဝင်ဆန့်ကျင်မှ သမိုင်းပေးတာဝန်ကျေပွန်ကြမည် မဟုတ်ပါလား။ ။

# ၂၀၂၂ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၂၅)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ကျင်းပ





**နေပြည်တော် ဇန်နဝါရီ ၁၉**

၂၀၂၂ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၂၅) နှစ်အောက် (အမျိုးသမီး) ဘောလုံးပြိုင်ပွဲကို ဇန်နဝါရီ ၇ ရက်မှ ၂၁ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း၌ ကျင်းပလျက်ရှိရာ ယနေ့ညနေပိုင်းတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ တာဝန်ရှိသူများနှင့် ဘောလုံးဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။ **(ယာပုံ)**

ယနေ့တွင် အသက်(၂၅)နှစ်အောက် (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရှမ်းပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို (၂) ဂိုး - (၁) ဂိုးဖြင့် အနိုင်ရရှိသည်။

အဆိုပါပြိုင်ပွဲတွင် တာဝန်ရှိသူတစ်ဦးက (Women of the match) ဆုရရှိသည့် ရှမ်းပြည်နယ်အသင်းမှ ကျောနံပါတ်(၁၀) မနန်းဖြူဖြူသွယ်ကို ဆုငွေကျပ် ၅၀၀၀၀ ပေးအပ်ချီးမြှင့်သည်။

တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် (၂၅)နှစ် အောက် (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ တတိယလုပွဲ ပွဲစဉ်အဖြစ် ဇန်နဝါရီ ၂၁ ရက် နံနက် ၇နာရီခွဲတွင် မွန်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ညနေ ၃ နာရီတွင် ဗိုလ်လုပွဲစဉ်အဖြစ် ရခိုင်ပြည်နယ်အသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ရာ ဘောလုံးဝါသနာရှင်များအနေဖြင့် အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်းနှင့် အဆိုပါ တတိယလုပွဲနှင့် ဗိုလ်လုပွဲစဉ်တို့ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV HD) နှင့် (MRTV Sports Channel) ရုပ်သံလိုင်းတို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကုန်သွယ်မှုအခက်အခဲများရှိသော်လည်း မြန်မာ့ပို့ကုန်များ ပိုမိုတင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရမည်



**နေပြည်တော် ဇန်နဝါရီ ၁၉**

ကုန်စည်ကူးသန်းရေးတွင် ကိုဗစ်-၁၉ ရောဂါ ပြန့်ပွားမှုထိန်းချုပ်ရေး လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Virtual စနစ်ဖြင့် ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေး၌ ကုန်စည်ကူးသန်းရေးတွင် ကိုဗစ်-၁၉ ရောဂါ ပြန့်ပွားမှု ထိန်းချုပ်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင်က မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှုတွင် ကျိန်စန်းကျော့၊ ချင်းရွှေဟော်၊ လွယ်ဂျယ်နှင့် ကန်ပိုက်တီးနယ်စပ်ကုန်သွယ်ရေးစခန်းများ ပြန်လည်ဖွင့်လှစ်၍ ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်လျက် ရှိကြောင်း၊ ယခင် မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ တစ်ဖက်နိုင်ငံသို့ ဝင်ထွက်သည့် ဂိတ်ငါးခုရှိပြီး ယခုအခါ ကျိန်စန်းကျော့ ဂိတ်တစ်ခုတည်းကိုသာ ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ပြီး ပို့ကုန်တင်ပို့နိုင်မှုပမာဏ လွန်စွာနည်းပါးနေသေးကြောင်း၊ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှုတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါကြောင့် ကုန်သွယ်မှုကန့်သတ်ချက်နှင့် အခက်အခဲများစွာ ရှိနေကြောင်း၊ ပိုးသတ်ရခြင်း၊ ယာဉ်ချိန်း ပြောင်းရခြင်း၊ ရှန်တိန်ယာဉ်မောင်းများဖြင့် ဆောင်ရွက်ရခြင်းနှင့် ကုန်ပစ္စည်းများ ချိန်းပြောင်းရခြင်းများကြောင့် ကုန်ကျစရိတ်များခြင်း၊ အချိန်ကြာမြင့်စွာ စောင့်ဆိုင်းရခြင်း စသည့် ကုန်သွယ်မှု အခက်အခဲများရှိသော်လည်း ကျော်လွှားနိုင်ရန် ဆောင်ရွက်ပြီး မြန်မာ့ပို့ကုန်များ ပိုမိုတင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ကုန်သွယ်မှု တိုးမြှင့်နိုင်ရေးအတွက် နှစ်နိုင်ငံနယ်စပ်တာဝန်ရှိသူများအနေဖြင့် တွေ့ကြုံရသည့် အခက်အခဲများကို ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နယ်စပ်ကိုယ်စားလှယ် တာဝန်ရှိသူအချင်းချင်း ညှိနှိုင်းဆောင်ရွက်ကြရန်နှင့် ခက်ခဲသည့်ကိစ္စရပ်များကို တင်ပြကြရန်ဖြစ်ပြီး ပြည်ထောင်စုအဆင့်မှ ဆက်လက်ဆွေးနွေးပေးသွားမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းစဉ်များတွင် နှစ်နိုင်ငံနယ်စပ် အချင်းချင်း တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသော်လည်း ယခုထက်ပိုမိုတိုးမြှင့်ဆောင်ရွက်ကြရန် လိုကြောင်း၊ တစ်ဖက်နိုင်ငံမှ ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ကူညီထောက်ပံ့မှုများအပေါ် သက်ဆိုင်ရာဌာနများနှင့် ခရိုင်အဆင့်၊ မြို့နယ်အဆင့် (Task Force) လုပ်ငန်းအဖွဲ့များက ကဏ္ဍအလိုက် ဆောင်ရွက်မှုကို တင်ပြပေးကြရန် လိုကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် ဆပ်ကော်မတီဝင်များ၊ Task Force အဖွဲ့ဝင်များနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသည့် သက်ဆိုင်ရာဌာနများမှကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးက တင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးပေါင်းစပ်ညှိနှိုင်း ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဇန်နဝါရီ ၁၉**

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင် စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်အထက် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်း အဆင့် ကျောင်းသား ကျောင်းသူများ စသည့် ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၈ ရက်နှင့် ယနေ့တို့တွင် ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်းရှိ မြို့နယ် ၁၂ မြို့နယ်၌ ဒေသခံပြည်သူ ၃၈၂၂ ဦး၊ ရှမ်းပြည်နယ်အရှေ့ပိုင်းအတွင်းရှိ မြို့နယ်လေးမြို့နယ်၌ ဒေသခံပြည်သူ ၆၁၃ ဦး၊ ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်ငါးမြို့နယ်၌ ဒေသခံပြည်သူ ၂၇၉၀၊ တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်၌ ဒေသခံပြည်သူ ၉၇၅ ဦး၊ ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်နှင့် တာမွေမြို့နယ်တို့၌ ဒေသခံပြည်သူ ၁၂၃၀၊ ရေဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၂၃၈၀၉ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်၌ ဒေသခံပြည်သူ ၁၃၄၀၁ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၇၄၃၅ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ဇန်နဝါရီ ၁၈ ရက်နှင့် ယနေ့တို့တွင် ရှမ်းပြည်နယ်မြောက်ပိုင်း တန့်ယန်းမြို့နှင့် မဘိမ်းမြို့တို့၌ ကျောင်းသား ကျောင်းသူ ၄၆ ဦးနှင့် ရေဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၇၃၂ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်မတော်မှ ဆောင်ရွက်လျက်ရှိသည့် အမျိုး၊ ဘာသာ၊ သာသနာ ထိန်းသိမ်း စောင့်ရှောက်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် နတ်စင်တစ်ရာဆရာတော်နှင့် အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်း

**နေပြည်တော် ဇန်နဝါရီ ၁၉**

တပ်မတော်မှ ဆောင်ရွက်လျက်ရှိသည့် အမျိုး၊ ဘာသာ၊ သာသနာ ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းများတွင် အသုံးပြုရန်အတွက် နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော် ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာ ဘိဝံသနှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာ ဘိဝံသ တို့ကို အမှူးပြု၍ နတ်စင်တစ်ရာဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တပညာ တေဇနှင့် အလှူရှင်များက အလှူငွေများပေးအပ် လှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် တိုင်းစစ်ဌာနချုပ် အောင်ငြိမ်းအေးခန်းမ၌ ပြုလုပ်သည်။

ဦးစွာ တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများက ဗန်းမော်ဆရာတော် ဘုရားကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ် တရားတော်များကို နာယူကြသည်။

ထို့နောက် တပ်မတော်မှ ဆောင်ရွက်လျက်ရှိသည့် အမျိုး၊ ဘာသာ၊ သာသနာ ထိန်းသိမ်းစောင့်ရှောက် ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် အလှူငွေကျပ်သိန်း ၃၀၀ ကို နတ်စင်တစ်ရာဆရာတော် ဦးဆောင်သော အလှူရှင်များက ပေးအပ်လှူဒါန်းရာ တိုင်းမှူးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ဗန်းမော်ဆရာတော်ဘုရားကြီး အမှူးပြုသော သံဃာတော်များအား တိုင်းမှူးနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများက လှူဖွယ်ဝတ္ထု ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး သန်လျင် မင်းကျောင်းဆရာတော်ကြီးထံမှ အနုမောဒနာ တရားနာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက် သွန်းချအမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် ဗန်းမော်ဆရာတော် ဘုရားကြီးအမှူးပြုသော သံဃာတော်များအား တိုင်းမှူးနှင့် အဖွဲ့ဝင်များက နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။



**သတင်းစဉ်**

# မန္တလေးမြို့ နန်းမြို့အတွင်း တည်ထားကိုးကွယ်လျက်ရှိသည့် အာသောကစေတီတော်မြတ်ကြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော် ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းမင်္ဂလာ အခမ်းအနားပြုလုပ်

**နေပြည်တော် ဇန်နဝါရီ ၁၉**

မန္တလေးတိုင်းဒေသကြီး မန္တလေး မြို့ နန်းမြို့အတွင်း တည်ထား ကိုးကွယ်လျက်ရှိသည့် အာသောက စေတီတော်မြတ်ကြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော် ရွှေသင်္ကန်း ကပ်လှူပူဇော်ခြင်း မင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်း တွင် နန်းမြို့အတွင်းရှိ ရန်အောင် မြင်ဓမ္မာရုံ၌ ပြုလုပ်ရာ ချမ်းမြ သာစည်မြို့နယ် မဟာဓမ္မိကာရာမ တိုက်၊ ရတနာပုံကျောင်း ဦးစီး ပဓာန နာယကဆရာတော် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီဟနာဒ အမှူးပြုသော ဆရာ တော်၊ သံဃာတော်များကြွရောက် တော်မူကြပြီး အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦးနှင့် အဖွဲ့ဝင်များ တက် ရောက်ကြသည်။



ဦးစွာ တိုင်းမှူးနှင့် တက်ရောက် လာကြသူများက မဟာအောင်မြေ မြို့နယ် မစိုးရိမ်တိုက်သစ် မဟာ နာယက ဆရာတော် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာ ပဏ္ဍိတအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြ ပြီး သံဃာတော်များက ပရိတ် တရားတော်များ ရွတ်ဖတ်ချီးမြှင့် ကြသည်။

ထို့နောက် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ဆရာ တော်၊ သံဃာတော်များ၊ တိုင်းမှူး နှင့် အဖွဲ့ဝင်များက ရွှေသင်္ကန်း များ ကပ်လှူပူဇော်ကြသည်။ ယင်းနောက် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် တက်ရောက် လာကြသူများက မဟာဓမ္မိကာရာမတိုက်၊ ရတနာ ပုံကျောင်းဦးစီးပဓာန နာယက ဆရာတော်ထံမှ အနုမောဒနာ တရားနာယူ၍ လှူဒါန်းမှုအစုစု တို့အတွက် ရေစက်သွန်းချ အမျှ ပေးပြီး သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်း ခဲ့ကြကြောင်း သတင်းရရှိ သည်။

**သတင်းစဉ်**

## တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်နှင့် နဝကမ္မ အလှူငွေများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဇန်နဝါရီ ၁၉**

တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင် အလှူရှင်များက မြို့နယ် အသီးသီးရှိ ဘုန်းတော်ကြီး ကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာ ရေးကျောင်းများသို့ ဆွမ်းဆန် တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး နှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်း ခြင်း၊ နေ့ဆွမ်းများ ဆက်ကပ် လှူဒါန်းခြင်းနှင့် ကျန်းမာရေး စစ်ဆေးပေးခြင်းများကို ဆောင် ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် ပူတာအိုမြို့နယ် ဇေယျာသိဒ္ဓိ ဘုန်းတော်ကြီးကျောင်း၊ ချမ်းမြေ့ ဂုဏ်ဝေသီလရှင်ကျောင်း၊ ရန်ကုန် တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ပလရရပ်ကွက်ရှိ ရာကျော်စိတ္တ သုခတပ်ဦးပရိယတ္တိ စာသင်တိုက်၊ မှော်ဘီမြို့နယ် သန္ဓေပင်ကျေးရွာ ရှိ သိင်္ဂီဦးပရိယတ္တိစာသင်တိုက်၊ ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့ ဒက္ခိဏာရာမပရိယတ္တိ စာသင် တိုက်၊ ပုသိမ်မြို့ လေဆိပ်တပ်ဦး စာသင်တိုက်၊ ရခိုင်ပြည်နယ် အမ်းမြို့ ဒိုင်ကြီးဘုန်းတော်ကြီး ကျောင်း၊ ဘူးသီးတောင်မြို့ အောင်မင်္ဂလာ ဘုန်းတော်ကြီး ကျောင်း၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ဓမ္မရက္ခိ တအင်းတော်ကျောင်းတိုက်တို့ရှိ ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များ အတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နဝကမ္မ အလှူ ငွေများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြု ပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင် ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ က သွားရောက်ဆက်ကပ် လှူဒါန်း ကြသည်။

အလားတူ ကချင်ပြည်နယ် ပူတာအိုမြို့နယ်ရှိ ခရစ်ယာန် ဘာသာရေး အသင်းတော်များ၊ ရိုးရာစာပေနှင့် ယဉ်ကျေးမှု အသင်းအဖွဲ့များကို မြောက်ပိုင်း တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မြတ်သက်ဦးနှင့် အဖွဲ့ဝင်များက ယနေ့နံနက်ပိုင်း တွင် ပူတာအိုတပ်နယ်ရှိ ညွှန့် ခန်းမဆောင်၌ သွားရောက် တွေ့ဆုံ၍ လိုအပ်သည်များ ကို ညှိနှိုင်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ ပေးအပ် ထောက်ပံ့ခဲ့ကြောင်း သတင်း ရရှိသည်။ (ဓါတ်ပုံ) **သတင်းစဉ်**



## မြန်မာ့ ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဇန်နဝါရီ ၁၉**

ဘင်္ဂလားပင်လယ်အော် အခြေ အနေမှာ ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ် ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ် အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင် အခြေ အနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်း အမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

# ငွေကျပ်သန်း ၉၀၀ ဖြင့် ဆောက်လုပ်ခဲ့သည့် မကွေးမြို့ ကမ်းနားလမ်းညစျေးတန်းဖွင့်လှစ်

မကွေး ဇန်နဝါရီ ၁၉

**မကွေးမြို့ ကမ်းနားလမ်းတွင် ပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် အနားယူအပန်းဖြေ စားသောက်နိုင်ရန် ညစျေးတန်း တည်ဆောက်ခဲ့ပြီး ညစျေးတန်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၈ ရက် ညနေ ၆ နာရီက မကွေးမြို့ ကမ်းနားလမ်း We Love Magway အနီးရှိ ညစျေးတန်း၌ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ မကွေးလေတပ်စခန်း ဌာနချုပ်မှူး ဗိုလ်မှူးချုပ် ဝင်းမောင်သိန်း၊ တိုင်းဒေသကြီး တရားသူကြီးချုပ် ဦးစိန်ထွန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။**



ဦးစွာ မကွေးမြို့ ကမ်းနားလမ်းညစျေးတန်းအား တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ မကွေးလေတပ်စခန်း ဌာနချုပ်မှူး ဗိုလ်မှူးချုပ်၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများဖြစ်သည့် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်လင်း၊ စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်၊ သယံဇာတရေးရာဝန်ကြီး ဦးစိုးမြင့်အေး၊ လူမှုရေးရာဝန်ကြီး ဦးစိုးပိုင်မြင့်နှင့် တိုင်းရင်းသားရေးရာဝန်ကြီး ဦးထွန်းခင် တို့က ကမ်းနားလမ်း ညစျေးတန်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ခဲ့ပြီး ကမ်းနားလမ်း ညစျေးတန်း ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာပက်ဖျန်းပေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ မကွေးလေတပ်စခန်းဌာနချုပ်မှူး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ကမ်းနားလမ်း ညစျေးတန်းကို လှည့်လည်ကြည့်ရှုပြီး **(ယာပုံ)** ကမ်းနားလမ်း ညစျေးတန်း ဖွင့်ပွဲအထိမ်းအမှတ် ပျော်ရွှင်စရာ မီးရှူးမီးပန်းများ ပစ်ဖောက်ခဲ့ကြောင်းနှင့် အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ဘူဖေးစနစ်ဖြင့် ညစာတည်ခင်း ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

အဆိုပါ ညစျေးတန်းအား တိုင်းဒေသကြီး အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် သန်း ၉၀၀ ဖြင့် (အရှည် ၃၁၅ ပေ x အကျယ် ၄၄ ပေ) ရှိ ညစျေးကို သံကူကွန်ကရစ် ပိုင်ထိပ်အုပ်နှင့် သံကူကွန်ကရစ်တိုင်၊ သံကူကွန်ကရစ်ကြမ်းခင်း၊ သံမဏိရက်မ၊ သံပန်းလက်ရန်းတို့ဖြင့် ၂၉-၆-၂၀၂၁ ရက်က စတင် တည်ဆောက်ခဲ့ပြီး ၃၀-၉-၂၀၂၁ ရက်တွင် လုပ်ငန်းပြီးစီးကာ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မောင်ညီညာ**

# မူဆယ်မြို့အတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များအား ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကတ်အမြန်ရရှိရေး ညှိနှိုင်းဆွေးနွေး

မူဆယ် ဇန်နဝါရီ ၁၉

**လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားကတ်ကိုင်ကြစို့ ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ပန်းခင်းစီမံချက် ရာနှုန်းပြည့်ပြီးစီးရေးညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၈ ရက်က ရှမ်းပြည်နယ် မြောက်ပိုင်း မူဆယ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ပြုလုပ်သည်။**



ညှိနှိုင်းဆွေးနွေးပွဲတွင် ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး ဦးရဲရင့်ထွန်းက ဒေသခံတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များအနေဖြင့် မြန်မာနိုင်ငံသားများအား ဥပဒေနှင့် အညီ အိမ်ထောင်စု လူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သော ကတ်တစ်မျိုးမျိုးထုတ်ပေးရေး "ပန်းခင်း" စီမံချက်နှင့်ပတ်သက်၍ သိမှတ်ဖွယ်ရာများကို ဆွေးနွေးသည်။ မုံးပေါ်ဒေသ တာဝန်ရှိသူ ရပ်မိရပ်ဖ ဦးအောင်ဂျာက အိမ်ထောင်စုစာရင်းထဲသို့ မွေးတိုးထည့်သွင်းရာတွင် တရားရုံး၌ ကျမ်းကျိန်ဆောင်ရွက်ရန်အတွက် တိုင်းရင်းသားများအနေဖြင့် အခက်အခဲရှိကြောင်း၊ ဌာနဆိုင်ရာများကို ဝင်ထွက်သွားလာရန် တိုင်းရင်းသားများအနေဖြင့် ကြောက်သည့်စိတ်က ယနေ့ထိ အမြစ်တွယ်နေဆဲဖြစ်သဖြင့် ယခုလို ကိစ္စမျိုးကို မည်သို့ဆောင်ရွက် ပေးနိုင်ပါမည်လဲဟု မေးမြန်းရာ မြို့နယ်ဦးစီးမှူး ဦးမောင်မောင်တာက မိမိတို့အနေဖြင့် ဖြေလျှော့ဆောင်ရွက်နိုင်သည့် ကိစ္စမျိုးများ ဆောင်ရွက်ပေးလျက်ရှိပြီး ထိုသူများက မှန်ကန်သော အထောက်အထားများဖြင့်တင်ပြလာပါက အမြန်ဆုံးဆောင်ရွက်ပေးမည် ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးသည်။

### ပြန်လည်ဆွေးနွေး

ဆက်လက်ပြီး တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များမှ ချင်းစာပေနှင့် ယဉ်ကျေးမှုအသင်း အတွင်းရေးမှူး ဦးကျုံးလျန်မှုန်းက မိမိတို့ ချင်းတိုင်းရင်းသားလူမျိုးထဲမှ အိမ်ထောင်စုစာရင်း ပြန်လည်လျှောက်ထားမှုကို ကူညီဆောင်ရွက်ပေးနိုင်ရေး ဆွေးနွေးရာ မြို့နယ်ဦးစီးမှူးက မြို့နယ်လဝကရုံးသို့ ဆက်သွယ်ဆောင်ရွက်ပါက အထောက်အထားများပြည့်စုံလျှင် အမြန်ဆုံးဆောင်ရွက်ပေးမည် ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးသည်။

ယင်းနောက် ကရင်စာပေနှင့် ယဉ်ကျေးမှုဥက္ကဋ္ဌ ဦးစောဂေါ်ချိုက လဝက ဝန်ထမ်းများအနေဖြင့် အညိုရောင်နယ်မြေ၊ အမည်းရောင်နယ်မြေများပါ မကျန် ပန်းခင်းစီမံချက်ကို သွားရောက်ဆောင်ရွက်ပေးနေခြင်းကို တွေ့မြင်ရ၍ ဝမ်းသာဂုဏ်ယူပါကြောင်း၊ တချို့နေရာများ၌ သွားလာ၍ရသော်လည်း တချို့နေရာများမှာ သွားလာ၍မရသော နေရာများရှိကြောင်း၊ ရေကြည်ရာ မြက်နုရာကို ပြောင်းရွှေ့လာကြရသဖြင့် အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားကတ်ပြားများကို လက်ဝယ် ကိုင်ဆောင်နိုင်ခြင်း မရှိကြောင်း၊ ထိုသူများအတွက် မိမိတို့အနေဖြင့် ပြည့်စုံမှန်ကန်သော စာရင်းများကို ကောက်ယူပေးထားမည် ဖြစ်ကြောင်းနှင့် မိမိအနေဖြင့် ယခုလက်ရှိထုတ်ပေးနေသော နိုင်ငံသား ကတ်ပြား (အသေး) ဖြင့် လဲလှယ်လိုပါကြောင်း ဆွေးနွေးရာ ခရိုင်ဦးစီးမှူး ဦးရဲရင့်ထွန်းက အထောက်အထားများ ပြည့်စုံနေပါက နေ့ချင်းပြီး ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးခဲ့သည်။

ထို့နောက် တအာင်းစာပေနှင့် ယဉ်ကျေးမှုဥက္ကဋ္ဌ ဦးမိုင်းလှရွှေက မိမိတို့လူမျိုးများ နိုင်ငံသား စိစစ်ရေးကတ်ပြား မရှိသေးသူများကို တိုင်းရင်းသားအမှန် ဖြစ်ကြောင်း ထောက်ခံ ပေးလျက်ရှိကြောင်း၊ မိမိတို့ ရပ်ရွာဒေသများတွင် နိုင်ငံသားကတ်ပြားများ လာရောက် လုပ်ကိုင်မည့် အချိန်တွင် ပူးပေါင်းဆောင်ရွက်မည် ဖြစ်ကြောင်း ဆွေးနွေးသည်။ ထို့နောက် မူဆယ်မြို့နယ်နေ စာပေနှင့် ယဉ်ကျေးမှုအသင်း တာဝန်ရှိသူများက ဆက်လက်ဆွေးနွေးကြသည်။

### နေ့ချင်းပြီးဆောင်ရွက်

ယင်းနောက် ခရိုင်ဦးစီးမှူးက ပန်းခင်းစီမံချက် ဆောင်ရွက်ပေးရာတွင် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များမှ မိမိတို့လူမျိုးများ နိုင်ငံသားကတ်ပြား လျှောက်ထားခြင်း၊ အိမ်ထောင်စုစာရင်းများ လျှောက်ထားခြင်းများတွင် ပြည့်စုံမှန်ကန်တိကျသော အချက်အလက်များကို ကြိုတင်ပြင်ဆင် ပေးထားကြရန် ဆွေးနွေးသည်။ ထို့နောက် ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌနှင့် ၎င်း၏ အမျိုးသမီးတို့၏ နိုင်ငံသား စိစစ်ရေးကတ်ပြား လဲလှယ်ထားရှိမှုကို နေ့ချင်းပြီး ဆောင်ရွက်ကာ လက်ဝယ်အရောက် ပြန်လည်ပေးအပ်ပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား အမှတ်တရ လက်ဆောင်များ ပေးအပ်ကြောင်း သိရသည်။

**အယ်လ်စိုး(မူဆယ်)**

# ကွတ်ခိုင်မြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများနေ့ချင်းပြီးဆောင်ရွက်ပေးလျက်ရှိ

**မူဆယ် ဇန်နဝါရီ ၁၉**

ရှမ်းပြည်နယ် မြောက်ပိုင်း၊ ကွတ်ခိုင်မြို့နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသား ပြည်သူများအား ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီး ပြုလုပ်ပေးခြင်းကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးတွင် ယနေ့နံနက်ပိုင်းက ဆောင်ရွက်ပေးသည်။

ကွတ်ခိုင်မြို့နယ်အတွင်းရှိ လုံခြုံရေးအရ သွားလာရန်ခက်ခဲသော ဟူဖျက်စုစည်းကျေးရွာအုပ်စု၊ ကြိမ်မွန်းကျေးရွာအုပ်စု၊ မုံးယကျေးရွာအုပ်စု၊ နမ့်ဟူးကျေးရွာအုပ်စုနှင့် (၃၈) မိုင် မန်ပြိန်းအုပ်စုများမှ ဒေသခံ တိုင်းရင်းသားများဖြစ်ကြသော တအာင်း၊ ကချင်နှင့် တရုတ်မုန်းဝန်းလူမျိုးများကို မြို့နယ်ဦးစီးမှူးရုံးသို့ ခေါ်ဆောင်စုစည်းပြီး ခရိုင်ဦးစီးမှူး ဦးရဲရင့်ထွန်း၊ ကွတ်ခိုင်မြို့နယ် ဦးစီးမှူး ဦးဇော်မိုးအောင်နှင့် ဝန်ထမ်းများက ဥပဒေနှင့်အညီ နိုင်ငံသားစိစစ်ရေးကတ်ပြား ၃၃၄ ဦးကို နေ့ချင်းပြီး ဆောင်ရွက်ပေးကာ ကတ်ပြားများကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးနေစဉ်အတွင်း ဒေသခံတိုင်းရင်းသားများအား ပန်းခင်းစီမံချက်နှင့် ပတ်သက်သည်များကို တစ်ယောက်မှ တစ်ဆယ်သို့ လက်ဆင့်ကမ်း ပြောကြားပေးနိုင်ရန် အသိပညာပေးဆွေးနွေး၍ မြန်မာဘာသာ၊ ရှမ်းဘာသာများဖြင့် ရိုက်နှိပ်ထုတ်ဝေထားသည့် အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေး၍ ပန်းခင်းစီမံချက် လက်ကမ်းစာစောင်ပါ အချက်အလက်များကို ဗဟုသုတမေးခွန်းများအဖြစ် မေးမြန်းကာ ပြန်လည်ဖြေဆိုနိုင်သူများအား ခရိုင်ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးတို့က ဆုလက်ဆောင် ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ချယ်ရီမြေ(မူဆယ်)**

# မွန်ပြည်နယ်ဝန်ကြီးချုပ် သံဖြူဇရပ်မြို့နယ် ဒေသထွက်ကုန်ပစ္စည်းများ အရည်အသွေးပြည့်မီစွာထုတ်လုပ်နိုင်ရေး ကြည့်ရှုစစ်ဆေး



**သံဖြူဇရပ် ဇန်နဝါရီ ၁၉**

မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနအလိုက်တာဝန်ရှိသူများသည် ဇန်နဝါရီ ၁၈ မွန်းလွဲပိုင်းက သံဖြူဇရပ်မြို့နယ် ကုန်းမြင့်သာယာကျေးရွာရှိ Southland Myanmar ကုမ္ပဏီလီမိတက်သို့ ရောက်ရှိပြီး စက်ရုံ ရှင်းလင်းဆောင်တွင် တာဝန်ရှိသူများက စက်ရုံလည်ပတ်နေမှုအခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်သည် ရော်ဘာစိုက်ပျိုးမှုနှင့် ထွက်ရှိမှု အများဆုံးဖြစ်သည့် ပြည်နယ်တစ်ခုဖြစ်သကဲ့သို့ အရည်အသွေးမီအဆင့်မြင့် ရော်ဘာကုန်ချောထုတ်လုပ်နိုင်ရေး ဆောင်ရွက်ကြရန်၊ စွန့်ပစ်ရေဆိုးစနစ်များ စွန့်ထုတ်မှုတို့ကို စနစ်တကျဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် သံဖြူဇရပ်မြို့နယ် ဝဲတဝါကျေးရွာရှိ ဒူးရင်းခြံသို့ ရောက်ရှိကာ ဧက ၆၀၀ စိုက်ပျိုးနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုနှင့် လက်ရှိတွင် ဧက ၂၀၀ စိုက်ပျိုးဖြစ်ထွန်းနေမှု အခြေအနေတို့ကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပငကျေးရွာ ဆားထုတ်လုပ်သည့်နေရာသို့ ရောက်ရှိကာ ပြည်နယ်ဝန်ကြီးချုပ်က အရည်အသွေးမြင့် အိမ်သုံး အိုင်အိုဒင်းဆားများ ထုတ်လုပ်နိုင်ရေး၊ ဈေးကွက်သို့ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးတင်ပို့ရောင်းချနိုင်ရေး မှာကြားပြီး နေလှန်းဆားများ ထုတ်လုပ်နေမှု၊ ဆားကြမ်းများ သိုလှောင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

○ *ကျောဖုံးမှ*

ကန့်ဘလူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနနှင့် တည်ဆောက်ရေးလုပ်ငန်း ဌာနတို့မှ ထိန်းသိမ်းထားသည့် ရေလှောင်တမံများ၏ ဆည်ရေသောက်စနစ်အတွင်းရှိ ရေပေးမြောင်းများ၊ ရေပေးမြောင်းအဆောက်အအုံများ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို မိုးစပါးရေးပေးဝေရာသီပြီးဆုံးချိန် ဒီဇင်ဘာ ပထမပတ်မှ စတင်ကာ နွေစပါး ရေစတင်ပေးဝေမည့် ဖေဖော်ဝါရီ ပထမပတ်ထိ ရေဖြတ်ကာလသတ်မှတ်ထားပြီး ယင်းကာလအတွင်း ပြင်ဆင်မွမ်းမံခြင်း၊ မြောင်းစစ်လမ်း၊ မြောင်းပေါင်များပြုပြင်ခြင်း၊ နွေစပါး ရေပေးဝေနိုင်မည့်ဧက စိစစ်အတည်ပြုခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ဌာနအနေနဲ့ နွေစပါးရာသီ စိုက်ပျိုးရေ ဖူလုံစွာရရှိရေးအတွက် နည်းလမ်းခြောက်သွယ်နဲ့ ဆောင်ရွက်ပေးနေပါတယ်။ ဒီနည်းလမ်းတွေက ဆည်မြောင်းတာတမံတွေ အသစ်တည်ဆောက်တာ၊ ရေဝေရေလဲဧရိယာကနေ စီးဆင်းတဲ့ရေတွေကို အပြည့်အဝသိုလှောင် အသုံးချရေးစီမံဆောင်ရွက်တာ၊ တည်ဆောက်ပြီး ဆည်မြောင်းတာတမံတွေကနေ ဆည်ရေကို ထိရောက်စွာပေးဝေဖို့နဲ့ ရေပိုမိုသိုလှောင်နိုင်ဖို့ ပြုပြင်တာ၊ မြစ်ချောင်းများရေလျှံချိန်မှာ အင်းအိုင်ချိုင့်ဝှမ်းများအတွင်း ရေသွင်းသိုလှောင်ထားရှိတာ၊ မြစ်ချောင်းကနေ ရေစုပ်စက်နဲ့ စုပ်တင်တာ၊ မြေအောက်ရေကို ထုတ်ယူသုံးစွဲတာ စတဲ့နည်းလမ်းတွေနဲ့ လယ်ယာလုပ်ငန်းခွင်မှာ တောင်သူလယ်သမားတွေ အကျိုးရှိစွာ အသုံးချနိုင်ဖို့ ကြိုးကြပ်ဆောင်ရွက်ပေးပါတယ် " ဟု မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသူရဇော်က ပြောသည်။

ကန့်ဘလူမြို့နယ်၌ စိုက်ပျိုးရေးလုပ်ငန်းများအတွက် မိုးရေကို မှီခိုအားထားစိုက်ပျိုးရကြောင်း၊ နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျသည့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးထုတ်ကုန်များ တိုးတက်ရေး အထောက်အကူပြုစေရန်အတွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက မြစ်ချောင်းများ၊ ဆည်များ၊ တာတမံများ၊ မြေအောက်ရေဖော်ထုတ်ရေးစီမံကိန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ကင်းတပ်ရေလှောင်တမံ၏ မြောင်းများမှ မြောင်းအလိုက် နွေစပါး ဧက ၂၃၁၅၀၊ သိန်ရင်ရေလှောင်တမံမှ ဧက ၁၂၀၀၊ မင်းမြင်ရေလှောင်တမံမှ ဧက ၁၀၀၀၊ ကျေးပင်အက်ရေလှောင်တမံမှ ဧက ၂၀၀၀၊ လင်ပန်းရေလှောင်တမံမှ ဧက ၄၀၀၊ ပေကြီးရေလှောင်တမံမှ ဧက ၁၅၀ နှင့်လျှပ်စစ်ရေတင်လုပ်ငန်းမှ ဧက ၁၆၁၀ စုစုပေါင်း ဧက၂၉၅၁၀ ကို ဆည်ရေပေးဝေစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# အမရပူရမြို့ ဧရာဝတီမြစ်အတွင်း ငါးမျိုးများ စိုက်ထည့်

**မန္တလေး ဇန်နဝါရီ ၁၉**

မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ သဘာဝမြစ်ချောင်းဆည်တမံများအတွင်း ငါးသယံဇာတထိန်းသိမ်းရေး၊ ကျေးလက်နေပြည်သူများ ငါးရိက္ခာကို ပိုမိုစားသုံးနိုင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးတို့ကို ရည်ရွယ်ပြီး အမရပူရမြို့နယ် စစ်ကိုင်းတံတားအနီး ဧရာဝတီမြစ်ကမ်းဘေးတွင် ငါးမျိုးစိုက်ထည့်ပွဲကို ဇန်နဝါရီ ၁၈ ရက်က ကျင်းပခဲ့သည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ပွဲတွင် တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၊ ဒုတိယတိုင်းဦးစီးမှူး ဦးခင်မောင်ထွန်းနှင့် ရုံးအဖွဲ့၊ ခရိုင်ငါးလုပ်ငန်းတာဝန်ခံနှင့် ဝန်ထမ်းများ၊ သရက်ကုန်းငါးလုပ်ငန်းစခန်းနှင့် နတ်ရေကန်ငါးလုပ်ငန်းစခန်းတို့မှ စခန်းတာဝန်ခံ များနှင့် ဝန်ထမ်းများ၊ ဒေသခံပြည်သူများက နှစ်လက်မအရွယ် ငါးသားပေါက် သုံးသိန်းကို ဧရာဝတီမြစ် စစ်ကိုင်းတံတားအနီးတွင် ငါးမျိုး စိုက်ထည့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

* *ကျောဖုံးမှ*



အာရှဖလား အမျိုးသမီး ပြိုင်ပွဲကို အုပ်စု သုံးခုခွဲ၍ ပြုလုပ်မည်ဖြစ်ပြီး အုပ်စု (က) တွင် အိမ်ရှင်အိန္ဒိယ၊ တရုတ်၊ တရုတ် (တိုင်ပေ)၊ အီရန်၊ အုပ်စု (ခ) တွင် ဩစတြေးလျ၊ ထိုင်း၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ အုပ်စု (ဂ) တွင် ဂျပန်၊ တောင်ကိုရီးယား၊ ဗီယက်နမ်နှင့် မြန်မာအသင်းတို့ ပါဝင်နေသည်။ အုပ်စုပထမပွဲစဉ်များကို ဇန်နဝါရီ ၂၀၊ ၂၁ ရက်တွင် ပြုလုပ်မည်ဖြစ်ပြီး ဇန်နဝါရီ ၂၀ ရက်တွင် တရုတ်နှင့် တရုတ် (တိုင်ပေ)၊ အိန္ဒိယနှင့် အီရန်၊ ဇန်နဝါရီ ၂၁ ရက်တွင် မြန်မာနှင့် ဂျပန်၊ တောင်ကိုရီးယားနှင့် ဗီယက်နမ်၊ ဩစတြေးလျနှင့် အင်ဒိုနီးရှား၊ ထိုင်းနှင့် ဖိလစ်ပိုင်အသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာအသင်းသည် အုပ်စု အဖွင့်ပွဲအဖြစ် ဇန်နဝါရီ ၂၁ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် လက်ရှိချန်ပီယံ ဂျပန်အသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။ မြန်မာအသင်းနှင့် ဂျပန်အသင်းသည် အာရှဖလားပြိုင်ပွဲ အုပ်စုအဆင့်တွင် တတိယအကြိမ် တွေ့ဆုံခြင်းဖြစ်ပြီး ပြီးခဲ့သည့် နှစ်ကြိမ်စလုံး ဂျပန်အသင်းက ဂိုးပြတ်အနိုင်ရထားသည်။ ဂျပန်အသင်းသည် ၂၀၀၃ ပြိုင်ပွဲတွင် ခုနစ်ဂိုးပြတ်၊ ၂၀၁၀ ပြိုင်ပွဲတွင် ရှစ်ဂိုးပြတ်တို့ဖြင့် အနိုင်ရထားသည်။ ဂျပန်အမျိုးသမီးအသင်းသည် အမျိုးသမီး ကမ္ဘာ့ဖလားပြိုင်ပွဲတွင်ပင် ချန်ပီယံဆုရထားသဖြင့် မြန်မာအသင်းနှင့် ခြေစွမ်းပိုင်းကွာခြားဖွယ်ရှိနေပြီး ဂိုးပြတ်မရှုံးရန်သာ ကြိုးပမ်းရမည်ဖြစ်သည်။

မြန်မာအမျိုးသမီး အသင်းသည် ယင်းပြိုင်ပွဲတွင် နိုဝင်ဘာ ဒုတိယပတ်တွင် စတင်လေ့ကျင့်ခဲ့ပြီး ပြင်ဆင်ချိန် နှစ်လကျော်ရှိနေသဖြင့် ပြင်ဆင်ချိန် လုံလောက်သော်လည်း နိုင်ငံတကာ ခြေစမ်းပွဲကစားခွင့် မရရှိခြင်းကြောင့် ပြင်ဆင်မှုအပိုင်းတွင် သက်ရောက်မှု ရှိလာနိုင်သည်။ မြန်မာ အမျိုးသမီးအသင်းသည် ပြိုင်ပွဲမတိုင်မီ ထိုင်းနိုင်ငံ၌ သွားရောက် လေ့ကျင့်ကာ ခြေစမ်းပွဲကစားရန် စီစဉ်ထား သော်လည်း ကိုဗစ်-၁၉ ရောဂါကြောင့် ဖျက်သိမ်းခဲ့ရခြင်းဖြစ်သည်။ မြန်မာ အမျိုးသမီးအသင်း နည်းပြချုပ် ဦးတင်မြင့်အောင်သည် ခြေစစ်ပွဲ ယှဉ်ပြိုင်ခဲ့သည့် ၂၃ ဦးအနက် ၁၉ ဦး ပြန်လည်ရွေးချယ်ထားပြီး စီနီယာ ကစားသမားများနှင့် လူငယ် ကစားသမားများကို ပေါင်းစပ်ဖွဲ့စည်းထားခြင်း ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် အာရှဖလားအမျိုးသမီး ပြိုင်ပွဲ နောက်ဆုံးအဆင့်တွင် ငါးကြိမ်မြောက် ယှဉ်ပြိုင်ခွင့်ရရှိခြင်းဖြစ်သည်။

**သတင်း- ရဲရင့်လွင်**
**ဓာတ်ပုံ- MFF**

◆ *ကျောဖုံးမှ*

ရထားသံလမ်းကူးများအား ဖြတ်သန်းသွားလာသော ပြည်သူများ မလိုလားအပ်သော မတော်တဆမှုများ မဖြစ်ပွားစေရန် အထူးဂရုပြု ဖြတ်သန်းသွားလာကြစေရန်နှင့် တရားမဝင် ရထားလမ်းကူးများမှ ဖြတ်သန်းသွားလာခြင်းနှင့် မော်တော်ယာဉ်များ မောင်းနှင်မှုမပြုကြရန် ရထားသံလမ်းပေါ်တွင် ကျွဲနွားများ ထိန်းကျောင်းခြင်း၊ အဝတ်များ လှန်းခြင်းနှင့် ကလေးများ ဆော့ကစားခြင်းမပြုလုပ်ကြရန် ဖြတ်သန်းသွားလာမည့်ယာဉ်များ၊ ဆိုင်ကယ်များနှင့် ပြည်သူများသည် သတ်မှတ်ထားသော သတိပေးဆိုင်းဘုတ်များနှင့် တာဝန်ရှိသူများ၏ အချက်ပြများကို အလေးထားလိုက်နာကြစေရန် မြန်မာ့မီးရထားမှ အသိပေးကြေညာထားကြောင်း သိရသည်။

ရန်ကုန်- မန္တလေးမီးရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်းကို JICA ၏ ODAD (Official Development Assistant) ချေးငွေဖြင့် ရန်ကုန်မှ မန္တလေးလမ်းပိုင်းကို အပိုင်း နှစ်ပိုင်းခွဲ၍ ဆောင်ရွက်လျက်ရှိပြီး အပိုင်း (၁) တွင်CP 103 ညောင်လေးပင်မှ တောင်ငူအထိ ဆောက်လုပ်မည်ဖြစ်သည်။ ထိုလုပ်ငန်းကို ၂၀၁၈ ခုနှစ် နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ကာ ၂၀၂၂ ခုနှစ် နိုဝင်ဘာလအထိ ၄၈ လ ကြာမြင့်မည်ဖြစ်၍ ယခုအခါ ပိန်းဇလုပ်မှ တောကျွဲအင်းအထိ ရထားလမ်း အဆင့်မြှင့်တင်ရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားပြီဖြစ်သည်။ ထိုလုပ်ငန်းများအားလုံး ပြီးစီးသွားချိန် ၂၀၂၂ ခုနှစ်အလွန်တွင် ရန်ကုန်မှ တောင်ငူအထိ သုံးနာရီခွဲနှင့် မန္တလေးအထိ ရှစ်နာရီသာကြာမြင့်တော့မည်ဖြစ်သဖြင့် ခရီးသွားပြည်သူများ သက်သောင့်သက်သာဖြင့် အချိန်တိုအတွင်း ရောက်ရှိစေနိုင်မည့်အပြင် မြန်ဆန်သောခရီးလမ်းသည် ကောင်းမွန်မြန်ဆန်သော ကုန်စည်စီးဆင်းမှုကို အထောက်အကူဖြစ်စေပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း များစွာအကျိုးပြုနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

# တရားမဝင် သစ်မျိုးစုံ၊ သစ်သီးမျိုးစုံ၊ မော်တော်ယာဉ်များနှင့် လူသုံးကုန်ပစ္စည်းများ ဖမ်းဆီးရမိ



နေပြည်တော် ဇန်နဝါရီ ၁၉

**တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။**

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၈ ရက်တွင် ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် မူးယစ်အကူနှိမ်နင်းရေးဌာနစုအဖွဲ့မှ ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်းအား ရှောင်ကွင်း၍ ဘားအံသို့ သွားရောက်မည့်ယာဉ်များကို စစ်ဆေးမှုများပြုလုပ်ခဲ့ရာ တရားမဝင် သစ်သီးမျိုးစုံ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၆၇၅၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာ သော ယာဉ်အမှတ်၊ 6P/1008 (TOYOTA VOXY) ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)၊ သစ်သီးမျိုးစုံ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၅၀၀၀၀) နှင့် အဆိုပါသစ်သီးများ တင်ဆောင်လာသော ယာဉ်အမှတ်၊ 2Q/8287 (TOYOTA Hiace) ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)၊ စုစုပေါင်း သစ်သီးမျိုးစုံနှင့် ယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၂၁၇၅၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်ဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ တာဝန်ကျ အကောက်ခွန်စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများပြုလုပ်ခဲ့ရာ လူသုံးကုန်ပစ္စည်းမျိုးစုံ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၆၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော ယာဉ်အမှတ်၊ 3B/2012 (TOYOTA Dyna) ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀)၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၇၆၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်ဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းအဖွဲ့များမှ သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ ရွှေဘိုမြို့နယ်တွင် Honda insight (လိုင်စင်မဲ့) ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀) ကို လည်းကောင်း၊ မော်လိုက်မြို့နယ်တွင် ကျွန်းသစ် ငါးတန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၅၀၀၀၀) သိမ်းဆည်း၍ မော်တော်ယာဉ်ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ကျွန်းသစ်များကို သစ်တောဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများအရ အသီးသီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ယနေ့တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနက ဦးဆောင်၍ ပူးပေါင်းအဖွဲ့များဖြင့် သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ ပဲခူး၊ တောင်ငူနှင့် သာယာဝတီခရိုင် သစ်တောကြိုးဝိုင်းများအတွင်းရှိ တရားမဝင် ကျွန်းသစ်(၁၃ ဒသမ ၇၁၂၂)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၂၇၇၆၀)နှင့် သစ်မာ (၆ ဒသမ ၄၅၄၈) တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၈၁၉၂၀)၊ စုစုပေါင်း တရားမဝင်သစ်မျိုးစုံ (၂၀ ဒသမ ၁၆၇) တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၀၉၆၈၀) ကို ဖမ်းဆီးရမိပြီး သစ်တောဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ပါ၍ ဇန်နဝါရီ ၁၈ ရက်နှင့် ၁၉ ရက်များတွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲကိုးမှု၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၆၃၇၁၈၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# ရေယာဉ်နှစ်စင်းတိုက်မှုဖြစ်ပွားရာ တစ်စင်းနှစ်မြုပ်ပြီး တန်ဖိုးငွေကျပ်သိန်း ၂၀၀ ခန့် ပျက်စီးဆုံးရှုံး





**နေပြည်တော် ဇန်နဝါရီ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်၌ ဇန်နဝါရီ ၁၈ ရက်တွင် ရေယာဉ်နှစ်စင်း တိုက်မိမှုဖြစ်ပွားပြီး တန်ဖိုးငွေကျပ်သိန်း ၂၀၀ခန့် ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

**ရေယာဉ်နစ်မြုပ်**

ဖြစ်စဉ်မှာ နံနက် ၇ နာရီတွင် ဘိုကလေးမြို့နယ် ပျဉ်ဘိုကြီးကျေးရွာအုပ်စု ဓမ္မသုခ ချွန်းထိပ် ဘိုကလေးမြစ်အတွင်း၌ ရေယာဉ်တိုက်မိမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သည့်ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးရာ နံနက် ၁ နာရီခွဲ၌ ရောကျေးရွာမှ ဘိုကလေးမြို့သို့ ပြေးဆွဲနေသော ဘိုကလေးမြို့နယ် ကဒုံကနိကျေးရွာနေ ဦးလှထွေး (၆၅နှစ်) မောင်းနှင်ပြီး သဘော်သား လေးဦး၊ ခရီးသည် ၁၂ ဦး (အမျိုးသား ငါးဦး၊ အမျိုးသမီး ခုနစ်ဦး)တို့ လိုက်ပါလာသည့် အလျား ၄၉ ပေ၊ ဖြက် ၁၉ ပေ၊ ဇောက် ရှစ်ပေရှိ "သီဟဇော်" ရေယာဉ်နှင့် ဘိုကလေးမြို့ဘက်မှ ကဒုံကနိကျေးရွာဘက်သို့ ကြည့်မြင်တိုင်မြို့နယ် ကရင်အမျိုးသားရပ်ကွက်နေ ဦးမျိုးမြင့် (၅၄နှစ်) မောင်းနှင်လာသည့် အလျားပေ ၁၅၀၊ ဖြက် ၂၂ ပေ၊ ဇောက် ၁၀ ပေရှိ ငါးဖမ်းစက်လှေတို့ တိုက်မိခဲ့သဖြင့် "သီဟဇော်" ရေယာဉ်မှာ နစ်မြုပ်သွားခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**လူထိခိုက်ဒဏ်ရာမရှိ**

အခင်းဖြစ်နေရာသို့ ဧရာဝတီ ရေတပ်စခန်းဌာနချုပ် (ဗိုလ်တထောင်) မှ တပ်မတော်သားများက စစ်ရေယာဉ်ဖြင့် သွားရောက်ကယ်ဆယ်ခဲ့ရာ ခရီးသည် ၁၂ ဦး၊ သဘော်သား လေးဦးတို့ကို ထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ ကယ်ဆယ်နိုင်ခဲ့ပြီး ရေယာဉ်တိုက်မှုကြောင့် ရေယာဉ်ပေါ် တင်ဆောင်လာသည့် ရေခဲပုံး ၄၃ ပုံး၊ ငါးခြောက်အိတ် သုံးအိတ်၊ ငါးပုတ်လုံး နှစ်လုံး၊ ဖော့သေတ္တာ ခုနစ်လုံး၊ ဆိုင်ကယ်တစ်စီး၊ သဘော်ပျက်စီး စုစုပေါင်းတန်ဖိုးငွေကျပ်သိန်း ၂၀၀ ခန့် ဆုံးရှုံးခဲ့ကြောင်းနှင့် ဥပဒေနှင့်အညီ အရေးယူနိုင်ရေး စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား

# အရက်အတူသောက်စားပြီး စကားများရန်ဖြစ်ကြစဉ် လူသတ်မှုဖြစ်ပွားကာ အလောင်းများအား မီးရှို့ဖျောက်ဖျက်



(ဝဲမှယာ) သိန်းဇော်ထွန်း(ခ)ရဲဝင်း၊ မဝေ(ခ)ဝေဝေ

**နေပြည်တော် ဇန်နဝါရီ ၁၉**

တနင်္သာရီတိုင်း ဒေသကြီး ကော့သောင်းမြို့နယ်၌ ဇန်နဝါရီ ၁၈ ရက်တွင် အရက်အတူသောက်စားပြီး စကားများရန်ဖြစ်ရာက လူသတ်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ နံနက် ၇ နာရီခွဲတွင် ကော့သောင်းမြို့နယ် ခမောက်ကြီးမြို့ (၁)ရပ်ကွက်နေ သိန်းဇော်ထွန်း(ခ)ရဲဝင်း(၂၆နှစ်)၊ ၎င်း၏ ဇနီးဖြစ်သူ မဝေ(ခ)ဝေဝေ (၂၄နှစ်)၊ တစ်အိမ်တည်းနေ ဦးအေးနိုင်၊ ၎င်း၏ ဇနီးဖြစ်သူ ဒေါ်ဖြူဝင်းတို့လေးဦးသည် အရက်သေစာ အတူသောက်စားပြီး စကားများရန်ဖြစ်ကြစဉ် သိန်းဇော်ထွန်း(ခ)ရဲဝင်းက ဦးအေးနိုင်နှင့်ဒေါ်ဖြူဝင်းတို့အား အရိုး၊ အသွား ၁၅ လက်မခန့်ရှိ ဓားကောက်ချွန်ဖြင့် ထိုးခုတ်သတ်ဖြတ်ခဲ့ပြီး အလောင်းများအား မီးရှို့ကာ ဇနီးဖြစ်သူ မဝေ(ခ)ဝေဝေနှင့်အတူ နေထိုင်ရာတဲအနီး၌ စွန့်ပစ်ဖျောက်ဖျက်ခဲ့သည်။

လူသတ်မှုကျူးလွန်သူ ၎င်းတို့နှစ်ဦးအား ခမောက်ကြီးနယ်မြေရဲစခန်း(ပ)၂/၂၀၂၂၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂/၂၀၁/၁၁၄ ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၉**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ဆိပ်ကမ်းများမှ လက်အိတ် ၁၄ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများတင်သွင်းခြင်းနှင့် ဆက်စပ်သည့်အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်

# မြို့နေရာပြောင်းရန် ဥပဒေကြမ်းကို အင်ဒိုနီးရှားအတည်ပြု

**ဂျကာတာ ဇန်နဝါရီ ၁၉**

အင်ဒိုနီးရှားဥပဒေပြုအမတ်များက အင်ဒိုနီးရှားနိုင်ငံ၏မြို့တော်ကို ကလီမန်တန်ကျွန်းသို့ နေရာရွှေ့ပြောင်းရန် ဥပဒေ တစ်ရပ်ကို ဇန်နဝါရီ ၁၈ ရက်က အတည်ပြုခဲ့သည်။ အဆိုပါနေရာသည် မလေးရှား၊ ဘရူနိုင်းတို့နှင့် နယ်နိမိတ်ချင်းထိစပ်နေသောနေရာဖြစ်သည်။

မြို့နေရာရွှေ့ပြောင်းရန် အစီအစဉ်သည် သမ္မတဂျိုကိုဝီဒိုဒို စတင်အစပျိုးခဲ့သည့် အကြီးဆုံးရည်မှန်းချက်များအနက် တစ်ခုဖြစ်သည်။

ယခင်သမ္မတများသည် မြို့တော်ကိုရွှေ့ပြောင်းရန် စိတ်ကူးရှိခဲ့သည်။ ဂျိုကိုဝီဟု လူသိများသည့် အင်ဒိုနီးရှားသမ္မတသည် ကိစ္စရပ်အတော်များများကြောင့် မြို့တော်ကို ကလီမန်တန်အရှေ့ပိုင်းသို့ ရွှေ့ပြောင်းရန် လွန်ခဲ့သော သုံးနှစ်က ကတိပြုခဲ့သည်။ အဆိုပါကိစ္စရပ်များထဲတွင် လူဦးရေသိပ်သည်းဆများလာခြင်းနှင့် လူဦးရေ ၁၀ သန်းကျော်နေထိုင်သော ဂျကာတာသည် ယခင်ထက် မြေနေရာနိမ့်ကျလာခြင်း စသည့်အကြောင်းများကြောင့် ထိုသို့ရွှေ့ပြောင်းရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။



ကလီမန်တန်တွင် တည်ဆောက်မည့် မြို့သစ်ပုံစံငယ်ကို တွေ့ရစဉ်။

မြို့သစ်ကို နူဆန်တရာဟု အမည်ပေးထားပြီး ကလီမန်တန်အရှေ့ပိုင်းဒေသနှစ်ခုဖြစ်သည့် ပီနာဂျန်ပါဆာဥတရာနှင့် ကူတိုင်ကာတာနီဂါရာတို့တွင် တည်ဆောက်မည်ဖြစ်သည်။ မြို့သစ်သည် မြေဟက်တာပေါင်း ၂၅၆၀၀၀ ခန့် ရှိမည်ဖြစ်သည်။

နူဆန်တရာကို ကျွန်းစုဟု ဟူသော အနက်အဓိပ္ပာယ်ရှိပြီး အဆိုပါနာမည်ကို သမ္မတ ဂျိုကိုဝီဒိုဒိုက ရွေးချယ်ထားကြောင်း အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံကိန်းဝန်ကြီး ဆူဟာဆို မိုနို အာဖာက ပြောသည်။

ကမ္ဘာ့စတုတ္ထလူဦးရေအများဆုံးဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံသည် လူဦးရေ သန်း ၂၇၀ ခန့် မှီတင်းနေထိုင်လျက်ရှိပြီး ကျွန်းပေါင်း ၁၇၀၀၀ ပါဝင်သည်။

မြေနေရာပြင်ဆင်ခြင်းလုပ်ငန်းများကို ၂၀၂၀ ပြည့်နှစ် ဩဂုတ်လက ကနဦးဆောင်ရွက်ခဲ့သော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါက အစိုးရကို လုပ်ငန်းများ ရပ်ဆိုင်းစေခဲ့သည်။ မြို့နေရာတည်ဆောက်ရာတွင် အမေရိကန်ဒေါ်လာ ၃၂ ဘီလီယံခန့် ကုန်ကျမည်ဟု ခန့်မှန်းထားသည်။

မြို့နေရာသစ်ပြောင်းရွှေ့မည့် ဥပဒေကြမ်းကို ယမန်နှစ် စက်တင်ဘာလက လွှတ်တော်သို့ တင်သွင်းခဲ့သည်။

မြို့နေရာသစ် ပြောင်းရွှေ့တည်ဆောက်ခြင်း အစောပိုင်းအဆင့်ကို ယခုနှစ်တွင် စတင်မည်ဖြစ်ပြီး ၂၀၂၄ ခုနှစ်တွင် အဆုံးသတ်ရန် ရည်မှန်းထားသည်။ အစောပိုင်းအဆင့်တွင် အစိုးရသည် သမ္မတနန်းတော်၊ လွှတ်တော်အဆောက်အအုံနှင့် အိမ်ရာများကို တည်ဆောက်မည်ဖြစ်သည်။

နူဆန်တရာသည် ဗဟိုအစိုးရဖြစ်လာမည်ဖြစ်ပြီး ဂျကာတာသည် အရှေ့တောင်အာရှ၏ အကြီးဆုံး စီးပွားရေးမြို့တော် ဖြစ်လာမည်ဖြစ်သည်။

ဆင်ဟွာ၊ အင်န်အိတ်ချ်ကေ

# ပါတီနှင့်ပတ်သက်ပြီး သတိပေးခြင်းခံခဲ့ရသည့် အခိုင်အမာပြောကြားချက်ကို ဗြိတိန်ဝန်ကြီးချုပ်ငြင်းဆို

**လန်ဒန် ဇန်နဝါရီ ၁၉**

ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်သည် လွန်ခဲ့သော နှစ်နှစ်ကိုရိုနာဗိုင်းရပ်စ်ကြောင့် အသွားအလာကန့်သတ်ချက် ချမှတ်ထားသည့် အချိန်တွင် ပါတီကျင်းပခြင်းနှင့်ပတ်သက်ပြီး သတိပေးခြင်းခံခဲ့ရသည်ဆိုသည့် ၎င်းအကြံပေးအရာရှိဟောင်း၏ အခိုင်အမာပြောကြားချက်များကို ငြင်းဆိုလိုက်သည်။

၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၁ ခုနှစ်တင်းကျပ်သည့် ကိုရိုနာဗိုင်းရပ်စ်ဆောင်ရွက်ချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေချိန် ဂျွန်ဆင်၏အစိုးရအဖွဲ့များသည် ပါတီများကျင်းပခဲ့ပြီး ၎င်း၏အိမ်ရာအတွင်းနှင့် တခြားနေရာများတွင် လူစုလူဝေးများ ပြုလုပ်ခဲ့သည်ဆိုသည့် အခိုင်အမာပြောကြားချက်များ ထွက်ပေါ်လာပြီးနောက် ဂျွန်ဆင်က ထိုသို့ငြင်းဆန်လိုက်ခြင်းဖြစ်သည်။

ဂျွန်ဆင်သည် ဒေါင်းနင်းလမ်းနေအိမ်ပန်းခြံတွင် ၂၀၂၀ ပြည့်နှစ်မေလကပြုလုပ်ခဲ့သော ပါတီပွဲတစ်ခုသို့ တက်ရောက်ခဲ့သည့်အတွက် လွန်ခဲ့သည့် သီတင်းပတ်က ပါလီမန်သို့ ဝန်ခံတောင်းပန်ခဲ့သည်။



ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်။

တနင်္လာနေ့က ဂျွန်ဆင်၏ အကြံပေး ဒိုမီနစ်ကန်နင်းကသူသည် ဂျွန်ဆင်ကို ပါတီပွဲသို့ တက်ရောက်ခဲ့သည့် ကိစ္စနှင့်ပတ်သက်ပြီး သတိပေးခဲ့ကြောင်း တွစ်တာတွင် ဖော်ပြခဲ့သည်။

ဝန်ကြီးချုပ်က ဇန်နဝါရီ ၁၈ ရက်က ၎င်းအား လုပ်ထုံးလုပ်နည်းစည်းမျဉ်းများကို ဆန့်ကျင်ပြီးမည်သူမျှအဆိုပါကိစ္စနှင့် ပတ်သက်ပြီး မပြောခဲ့ကြောင်း ပြောသည်။

ပြည်သူ့အမြင် စစ်တမ်းတစ်ခုတွင် ပြည်သူ ၂၂ ရာခိုင်နှုန်းက ဂျွန်ဆင်သည် အလုပ် ကောင်းကောင်းလုပ်ကြောင်း ဖော်ပြခဲ့သည်။ အုပ်ချုပ်ရေးယန္တရားနှင့် အတိုက်အခံပါတီများကြား ၎င်းကို နုတ်ထွက်ပေးရန် တောင်းဆိုမှုများ မြင့်တက်နေကြောင်း သိရသည်။ အင်န်အိတ်ချ်ကေ

# တွန်ဂါသို့ ကယ်ဆယ်ရေးပစ္စည်းများတင်ဆောင်လာသော ရေတပ်သင်္ဘောများ နယူးဇီလန် စေလွှတ်

**ဝယ်လင်တန် ဇန်နဝါရီ ၁၉**

ပင်လယ်ရေအောက်မီးတောင်ပေါက်ကွဲခဲ့သောကြောင့် ယိုင်နဲ့နဲ့ဖြစ်နေသော ပစိဖိတ်ကျွန်းနိုင်ငံတစ်နိုင်ငံဖြစ်သော တွန်ဂါသို့ ကယ်ဆယ်ရေးပစ္စည်းများတင်ဆောင်လာသော ရေတပ်သင်္ဘောများကို နယူးဇီလန်က စေလွှတ်ခဲ့သည်။

တွန်ဂါအစိုးရက မီးတောင်ပေါက်ကွဲမှုကြောင့် အပျက်အစီးများကို ဇန်နဝါရီ ၁၈ ရက်ကဖော်ပြခဲ့သည်။ အဆိုပါဖော်ပြချက်တွင် သုံးဦးသေဆုံးခဲ့ပြီး အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း ဖော်ပြပါရှိသည်။ ထို့ပြင် အိမ်များလည်း ပျက်စီးခဲ့ကြောင်း သိရသည်။

ဘေးကင်းစိတ်ချရသော ရေရရှိရေးသည် ပထမဦးစားပေးကိစ္စရပ်ဖြစ်ကြောင်း၊ ဆူနာမီကြောင့် မီးတောင်ပြာများနှင့် ပင်လယ်ရေတို့ကြောင့် နေ့စဉ်ရေသုံးရန် အခက်အခဲဖြစ်လျက်ရှိကြောင်း သိရသည်။

နယူးဇီလန်နိုင်ငံသည် ဇန်နဝါရီ ၁၈ ရက်က အကူအညီပေးမည့်သူများ၊ ရဟတ်ယာဉ်များ၊ သောက်ရေများနှင့် တခြားထောက်ပံ့ရေးပစ္စည်းများ သယ်ဆောင်လာသော ရေတပ်သင်္ဘောနှစ်စင်းကို စေလွှတ်ခဲ့သည်။ တွန်ဂါသို့ သောကြာနေ့တွင် ရောက်ရှိမည်ဟု ခန့်မှန်းထားသည်။

လေဆိပ်ပြေးလမ်းပေါ်ရှိ ပြာများကို ဖယ်ရှားရန်လုပ်ဆောင်လျက်ရှိသည်။

အင်န်အိတ်ချ်ကေ

# ဗီယက်နမ်တွင် ပထမဆုံးအကြိမ်အစုလိုက် အိုမီခရွန်ဗိုင်းရပ်စ်ကူးစက်မှုဖြစ်ပွား

**ဟိုချီမင်း ဇန်နဝါရီ ၁၉**

ဗီယက်နမ်နိုင်ငံတွင် ပထမဆုံးပြည်တွင်း အိုမီခရွန်ဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားသူ သုံးဦးကို ဟိုချီမင်းမြို့တောင်ပိုင်းတွင် အတည်ပြုခဲ့ကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက ဇန်နဝါရီ ၁၉ ရက်တွင် အတည်ပြုဖော်ပြခဲ့သည်။

သုံးဦးလုံးမှာ မကြာသေးမီက အမေရိကန်ပြည်ထောင်စုမှ ဗီယက်နမ်နိုင်ငံသို့ ဝင်ရောက်လာသော တခြားကိုဗစ်-၁၉ လူနာတစ်ဦးနှင့် ဆက်စပ်နေသူများဖြစ်ကြောင်း ဟိုချီမင်းမြို့ ရောဂါ ထိန်းချုပ်ရေးစင်တာက ဖော်ပြသည်။

ရောဂါကုသရန် ပုဂ္ဂလိကဆေးခန်းသို့ မလာမီတွင် ၎င်းတို့တွင် လည်ချောင်းနာခြင်းနှင့်နှာစေးခြင်းများဖြစ်ပေါ်ခဲ့သည်။ ၎င်းတို့၏နမူနာများကို ပီစီအာရ်နှင့် သက်ရှိဇီဝပစ္စည်း၏ မျိုးပွားပစ္စည်းများကို စမ်းသပ်စစ်ဆေးခဲ့ရာ အိုမီခရွန်ဗိုင်းရပ်စ် ကူးစက်ဖြစ်ပွား နေကြောင်း တွေ့ရှိခဲ့သည်ဟု ရောဂါထိန်းချုပ်ရေးစင်တာက အတည်ပြုပြောကြားသည်။

လူနာများကို ယခုအခါတွင် သီးသန့်ခွဲခြားစောင့်ကြည့်လျက်ရှိကြောင်းနှင့် အခြေအနေ တည်ငြိမ်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။ ၎င်းတို့နှင့်နီးကပ်စွာထိတွေ့ခဲ့သူများကိုလည်း လိုအပ်သည်များ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇန်နဝါရီ ၁၈ ရက် အစောပိုင်းက ဗီယက်နမ်ကျန်းမာရေးဝန်ကြီးဌာနက နိုင်ငံတစ်ဝန်း အိုမီခရွန်ဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားလျက်ရှိသူ ၇၀ ရှိကြောင်းနှင့် ၃၀မှာ ဟိုချီမင်းမြို့မှဖြစ်ကြောင်း သိရသည်။ ကူးစက်ခဲ့သူအားလုံးမှာ နိုင်ငံခြားမှ ပြန်ရောက်လာသူများဖြစ်ပြီး ဗီယက်နမ်သို့ ရောက်ရောက်ချင်း တင်းကျပ်စွာ ကန့်သတ်ထားသူများ ဖြစ်ကြသည်။

ဇန်နဝါရီ ၁၈ ရက်အထိ ဗီယက်နမ်နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂၀၆၂၁၂၈ ဦးရှိပြီး နှစ်သန်းကျော်မှာ ၂၀၂၁ ခုနှစ် ဧပြီနှောင်းပိုင်းက စတင်ခဲ့သော ကူးစက်မြန်ပြင်းထန် ဒယ်လ်တာ ကိုဗစ်-၁၉ လှိုင်းဂယက်ကြောင့် ဖြစ်သည်။




ဗီယက်နမ်တွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ကာကွယ်ရန် ပါးစပ် နှာခေါင်းစည်း တပ်ဆင်သွားလာနေသူများကို တွေ့ရစဉ်။

ဆင်ဟွာ

# မီးတောင်ပေါက်ကွဲမှုခံစားရသည့် တွန်ဂါနိုင်ငံသို့ အကူအညီများပေးပို့နိုင်ရေး စိန်ခေါ်မှုများနှင့်ကြုံတွေ့နေရ

နှင်းမိုးအိမ်




တွန်ဂါနိုင်ငံ ရှိလူနေထိုင်ရာဧရိယာတစ်ဝိုက်ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်က အခြေအနေနှင့် ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၈ ရက်က အခြေအနေတို့ကို နှိုင်းယှဉ်ပြသထားစဉ်။

> "တွန်ဂါနိုင်ငံအတွင်းသို့ ဝင်ရောက်လာမည့်လူများကို တွန်ဂါအာဏာပိုင်များက မည်သို့ကိုင်တွယ်မည်ဆိုသည်မှာ မေးခွန်းတစ်ခု ဖြစ်နေဆဲဖြစ်သည်။ တွန်ဂါနိုင်ငံတွင် ကိုဗစ် -၁၉ ကြောင့် တင်းကျပ်သည့် စည်းကမ်းများ ချမှတ်ထားသည်။ တိုင်းပြည်အတွင်း ကိုဗစ် - ၁၉ ကူးစက်ခံရသူ တစ်ဦးမျှမရှိသေးချေ။ အာဏာပိုင်များသည် နိုင်ငံကို ကိုဗစ် - ၁၉ ကင်းစင်သည့်နယ်မြေအဖြစ် ဆက်လက်ထိန်းသိမ်းထားလိုသည်"

တွန်ဂါနိုင်ငံတွင် မကြာသေးမီက ရေအောက်မီးတောင်ပေါက်ကွဲမှုကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စိန်ခေါ်မှုများနှင့် ကြုံတွေ့နေရသည်။ ပြာများ ကျဆင်းလာမှုကြောင့် အဓိက လေဆိပ်ကိုပိတ်ထားရသည်။

### ဒဏ်ရာရရှိသူ အရေအတွက်မသိရသေး

ထို့ပြင် ကိုဗစ် -၁၉ တိုက်ဖျက်ရေး တင်းကျပ်သည့် စည်းကမ်းချက်များလည်းရှိနေသည်ဟု ကုလသမဂ္ဂအရာရှိများက ဇန်နဝါရီ ၁၈ ရက်တွင် ပြောသည်။ မီးတောင်ပေါက်ကွဲမှုကြောင့် လူသုံးဦးသေဆုံးခဲ့ပြီး ဒဏ်ရာရရှိသူအရေအတွက်မှာမူ မသိရသေးဟု သိရသည်။

တွန်ဂါအာဏာပိုင်များက လိုအပ်သည့် အကူအညီများကို အကဲဖြတ်မှုများ ဆက်လက်လုပ်ဆောင်နေကြောင်းနှင့် အပြည်ပြည်ဆိုင်ရာအသိုင်းအဝိုင်းက မည်သည့် အကူအညီများပေးရမည်ကို တိတိကျကျ ထောက်ပံ့ပေးသင့်သည်ဟုလည်း ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ ပြောရေးဆိုခွင့်ရှိသူ စတက်ဖန်ဒူဂျာရစ်က ပြောသည်။

### ထောက်ပံ့ရေးပစ္စည်းများအသင့်ရှိ

ကူညီရေးအသင်းအဖွဲ့များနှင့် အရေးပေါ်ထောက်ပံ့ရေးပစ္စည်းများကူညီရန် အသင့်ရှိနေကြောင်း၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများအတိအကျသိရှိရပါက ကူညီမှုများပေးရန် အသင့်ရှိကြောင်း ၎င်းကဆက်ပြောသည်။ ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံတို့သည် တွန်ဂါနိုင်ငံသို့ ဘဏ္ဍာရေးအရ ကူညီမှုများပေးရန် အသင့်ရှိသည်ဟု ပြောကြားခဲ့သည်။

### စိန်ခေါ်မှုများကို ပြောပြ

တရုတ်နိုင်ငံသည်လည်း သဘာဝဘေး သက်သာချောင်ချိရေးပစ္စည်းများကို တွန်ဂါနိုင်ငံသို့ ပေးပို့သွားမည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ဇန်နဝါရီ ၁၈ ရက်တွင် ပြောသည်။ တွန်ဂါနိုင်ငံတွင် ကုလသမဂ္ဂမှ ဝန်ထမ်း ၂၃ ဦးရှိပြီး ၂၂ ဦးမှာ ဒေသတွင်းမှ ငှားရမ်းထားသူများဖြစ်ကာ တစ်ဦးမှာမူ အပြည်ပြည်ဆိုင်ရာမှ ဝန်ထမ်းဖြစ်သည်ဟု ကုလသမဂ္ဂ၏ ထုတ်ပြန်ချက်အရ သိရသည်။

ဖီဂျီ ၊ဆော်လမွန်ကျွန်းစု၊ တွန်ဂါ ၊ တူဗာလူနှင့် ဗင်နွာတူဆိုင်ရာ ကုလသမဂ္ဂမှ လူသားချင်းစာနာထောက်ထားမှု ခေတ္တအကြီးအကဲဖြစ်သူ ဂျွန်နသန် ဘိတ်ချ်က တွန်ဂါနိုင်ငံတွင် မီးတောင်ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ကြုံတွေ့လာရသည့်စိန်ခေါ်မှုများကို ပြောပြခဲ့သည်။

### ဂြိုဟ်တုဆက်သွယ်ရေးပြတ်တောက်

နိုင်ငံအတွင်းရှိ ၁၆၉ ကျွန်း၌ လူနေရာထိုင်ရာ ၃၆ကျွန်းတွင် ဂြိုဟ်တုဆက်သွယ်ရေးစနစ်မှာ ပြတ်တောက်နေသည်။ တွန်ဂါနိုင်ငံ မြို့တော် နူကူလိုဖာနှင့် ပြင်ပကမ္ဘာဆက်သွယ်မှုမှာလည်း ပြတ်တောက်နေသည်။

အဓိကရေအောက်ဆက်သွယ်ရေးလိုင်းများမှာလည်း အခြေအနေဆိုးရွားနေသဖြင့် အသံများ ပြတ်တောက်ခြင်း၊ ရုပ်သံနှင့်အင်တာနက်ဝန်ဆောင်မှု ပြတ်တောက်မှုများဖြစ်ပေါ်လျက်ရှိသည်။

### စာတိုများသာ ပေးပို့နိုင်

ယခုအချိန်အထိ ဆက်သွယ်မှုအဖြစ် စာတိုများသာ ပေးပို့နိုင်သေးသည်ဟု ၎င်းကဆက်လက်ပြောကြားခဲ့သည်။ တွန်ဂါနိုင်ငံအတွင်းရှိ ကုလသမဂ္ဂဝန်ထမ်းများနှင့် ဆက်သွယ်ရန် စာတိုလေးများသာ ပေးပို့နိုင်သေးသည်။ မကြာသေးမီအချိန်အတွင်း ဖုန်းလိုင်းများ ပြန်လည်ကောင်းမွန်လာရန် မျှော်လင့်ကြောင်းကိုလည်း ၎င်းက ဆက်ပြောသည်။

### လေဆိပ်ကို ပိတ်ထားရ

ပြာများကျဆင်းမှုကို ဝန်ထမ်းများက ကောင်းမွန်စွာမရှင်းလင်းနိုင်သေးသည့်အတွက် မြို့တော် နူကူလိုဖာရှိ လေဆိပ်ကို ပိတ်ထားရဆဲဖြစ်သည်။ ဩစတြေးလျနှင့်နယူးဇီလန်တို့မှ ပေးပို့လိုက်သည့် အကူအညီပစ္စည်းများကို သင်္ဘောဖြင့်သာ ပေးပို့ခဲ့ရပြီး အဆိုပါပစ္စည်းများ တွန်ဂါ ဆိပ်ကမ်းသို့ရောက်ရှိရန် ခြောက်ရက်မှ ရှစ်ရက်အထိ ကြာမြင့်မည်ဟု သိရသည်။

### ဆက်လက်ထိန်းထားလို

တွန်ဂါနိုင်ငံအတွင်းသို့ ဝင်ရောက်လာမည့်လူများကို တွန်ဂါအာဏာပိုင်များက မည်သို့ကိုင်တွယ်မည်ဆိုသည်မှာ မေးခွန်းတစ်ခု ဖြစ်နေဆဲ ဖြစ်သည်။ တွန်ဂါနိုင်ငံတွင် ကိုဗစ် -၁၉ ကြောင့် တင်းကျပ်သည့် စည်းကမ်းများ ချမှတ်ထားသည်။ တိုင်းပြည်အတွင်း ကိုဗစ် -၁၉ ကူးစက်ခံရသူတစ်ဦးမျှမရှိသေးချေ။ အာဏာပိုင်များသည် နိုင်ငံကို ကိုဗစ် -၁၉ ကင်းစင်သည့် နယ်မြေအဖြစ် ဆက်လက်ထိန်းသိမ်းထားလိုသည်။

### ပျက်စီးမှုများပြားနိုင်ခြေမရှိ

တွန်ဂါနိုင်ငံရှိ ကုလသမဂ္ဂ ဝန်ထမ်းများတွင် သေဆုံးသူ တစ်ဦးတလေမျှ မရှိချေ။ သို့သော်လည်း ဒဏ်ရာရရှိသူစာရင်းကိုမူ မသိရသေးချေ။ ကျွန်းစုများရှိ အပျက်အစီးစာရင်းမှာလည်း တဖြည်းဖြည်းချင်း နည်းပါးလာပြီဖြစ်သည်။

အစွန်အဖျားရှိကျွန်းများတွင် ပျက်စီးမှုများမှာ ပြင်းထန်နိုင်ဖွယ်မရှိဟုလည်း ဂျွန်နသန် ဘိတ်ချ်က ပြောသည်။ အစွန်အဖျားကျွန်းများမှာ မီးတောင်ပေါက်ကွဲရာနေရာနှင့် ဝေးကွာသည့်အတွက် ပျက်စီးမှုများပြားနိုင်ခြေမရှိဟု ခန့်မှန်းထားခြင်းလည်းဖြစ်သည်။

### သောက်သုံးရေအတွက် စိုးရိမ်

တွန်ဂါတာပူကျွန်းနှင့် ၆၅ ကီလိုမီတာအကွာတွင် မီးတောင်ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ရေအခြေအနေနှင့်ပတ်သက်၍ စိုးရိမ်နေကြောင်း ဂျွန်နသန် ဘိတ်ချ်က ပြောသည်။ သောက်သုံးရေ မလုံလောက်မည်ကို စိုးရိမ်နေရခြင်းဖြစ်သည်။ ယခုလို အခြေအနေမျိုးဖြစ်ပေါ်လာလျှင်လူအများအပြားက အလုအယက်ဝယ်ယူကြသဖြင့် ဈေးဆိုင်များတွင် စားသောက်ကုန်များပြတ်လပ်နေခြင်းမျိုးကို ကြားဖူးနေကြဖြစ်သည်။ ရေနှင့်စားသောက်ကုန်များမှာလည်း အလားတူပင် ဖြစ်သည်။

### စစ်ဆေးမှုများပြုလုပ်

နည်းပညာရှင်များသည် ပင်မကျွန်းပေါ်မှ ရေသန့်စက်ရုံကို စစ်ဆေးမှုများ ပြုလုပ်နေကြသည်။ နယူးဇီလန်ဝန်ကြီးချုပ် ဂျက်စင်ဒါအာဒန်ကလည်း တွန်ဂါနိုင်ငံကိုကူညီရန် အမေရိကန်ဒေါ်လာ ၃၄၀၀၀၀ ကို ကနဦးကူညီပေးမည်ဟု ပြောသည်။ နယူးဇီလန်တော်ဝင်လေတပ်မှ လေယာဉ်ကိုလည်း တွန်ဂါနိုင်ငံရှိ အပျက်အစီးစာရင်းကို ထောက်လှမ်းရန် စေလွှတ်ခဲ့သည်ဟုလည်းသိရသည်။ ။

ကိုးကား-ဆင်ဟွာ

# ဇန်နဝါရီ ၁၉ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၉၆ ဦး တွေ့ရှိ

## ထပ်မံသေဆုံးသူ ၁ ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း ၁၉၃၀၆ ဦး ရှိ

(၁၉-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာစည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၈-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၉-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၈၅၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၉၆) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၈၁) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၂၃၄,၅၅၉) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၃၃,၆၀၄) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁၄၇) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၁၁,၆၃၀) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၉,၃၀၆) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁၈-၁-၂၀၂၂) ရက်နေ့အထိ လူဦးရေ စုစုပေါင်း (၂၁,၅၂၄,၀၁၇) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ် အပြည့် ထိုးနှံပြီးစီးသူ (၁၇,၈၆၃,၀၆၆) ဦးနှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ (၃,၆၆၀,၉၅၁) ဦး ရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၁၈-၁-၂၀၂၂) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ရေ စုစုပေါင်း (၃၉,၄၈၃,၅၅၅) ကြိမ် ထိုးနှံပြီးဖြစ်ပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

(၁၉-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၀၃၆) ခု | (၃၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၀၀) ခု | (၁) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆၁၉) ခု | (၃၅) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၃) ခု | (၂) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၈၉၀) ခု | (၂၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅၁၂) ခု | (၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆,၆၇၈) ခု | (၉၂) ဦး |
| စုစုပေါင်း | (၁၀,၈၅၈) ခု | (၁၉၆) ဦး |

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ**

(၁၈-၁-၂၀၂၂) ရက်နေ့

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၃,၆၆၀,၉၅၁) ဦး |
| ကာကွယ်ဆေး (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေ | (၁၇,၈၆၃,၀၆၆) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေနှင့် (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေစုစုပေါင်း | (၂၁,၅၂၄,၀၁၇) ဦး |
| **စုစုပေါင်း ထိုးနှံပြီးသော ကာကွယ်ဆေး အကြိမ်ပေါင်း(Vaccine Doses)** | **(၃၉,၄၈၃,၅၅၅) ကြိမ်** |

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်)နှင့် ပတ်သက်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ အသွားအလာကန့်သတ်၍ သီးသန့်ခွဲခြားထားရှိရာနေရာ (Quarantine Center) များ၊ ကုသရေးစင်တာ (Treatment Center) များနှင့် အောက်ဆီဂျင်အပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ခြင်း၊ နီးနွယ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းစသည့် လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။
- သို့ဖြစ်ပါ၍ အိုမီခရွန်ဗီဇပြောင်း ကိုဗစ်-၁၉ရောဂါပိုး ကာကွယ်ရေးအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအခြေခံ စည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ သံသယရောဂါ လက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန်ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်း စသည်တို့ကို မမေ့မလျော့သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့်လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်း နှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၁၉-၁ -၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၆၈၇၆၇၀၀၄ | ၄၃၅၂၈၁၁၀ | ၈၇၇၂၄၀ |
| ၂။ | အိန္ဒိယ | ၃၇၉၀၁၂၄၁ | ၃၅၅၈၃၀၃၉ | ၄၈၇၂၂၆ |
| ၃။ | ဘရာဇီး | ၂၃၂၁၅၅၅၁ | ၂၁၇၇၃၀၈၅ | ၆၂၁၅၇၈ |
| ၄။ | ပြင်သစ် | ၁၅၃၉၉၃၀၀ | ၁၁၆၁၇၀၃၁ | ၁၅၂၅၁၃ |
| ၅။ | ဗြိတိန် | ၁၄၇၃၉၂၉၇ | ၉၆၁၂၉၆၂ | ၁၂၇၆၃၈ |
| ၆။ | ရုရှား | ၁၀၈၉၉၄၁၁ | ၉၉၂၅၈၅၅ | ၃၂၃၃၇၆ |
| ၇။ | တူရကီ | ၁၀၅၉၁၇၅၇ | ၉၈၁၅၂၂၂ | ၈၅၀၇၇ |
| ၈။ | အီတလီ | ၉၀၁၈၄၂၅ | ၆၃၁၄၄၄၄ | ၁၄၁၈၂၅ |
| ၉။ | စပိန် | ၈၅၁၈၉၇၅ | ၅၃၆၄၅၃၄ | ၉၁၂၇၇ |
| ၁၀။ | ဂျာမနီ | ၈၁၄၀၄၄၆ | ၇၀၉၈၄၀၀ | ၁၁၆၆၁၀ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၁၉- ၁ - ၂၀၂၂

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၂၇၅၅၂၈ | ၄၁၂၀၅၄၀ | ၁၄၄၁၉၂ |
| ဖိလစ်ပိုင် | ၃၂၉၃၆၂၅ | ၂၉၆၉၈၅၃ | ၅၃၀၄၄ |
| မလေးရှား | ၂၈၁၃၉၃၄ | ၂၇၄၁၃၅၅ | ၃၁၈၁၈ |
| ထိုင်း | ၂၃၄၄၉၃၃ | ၂၂၄၁၃၆၃ | ၂၁၉၇၁ |
| ဗီယက်နမ် | ၂၀၇၈၀၈၇ | ၁၇၈၉၁၈၈ | ၃၆၁၁၄ |
| မြန်မာ | ၅၃၃၆၀၄ | ၅၁၁၆၃၀ | ၁၉၃၀၆ |
| စင်ကာပူ | ၂၉၄၄၆၂ | ၂၈၅၃၅၂ | ၈၄၃ |
| လာအို | ၁၂၇၃၄၇ | ၁၁၈၆၇၄ | ၅၀၇ |
| ကမ္ဘောဒီးယား | ၁၂၀၈၇၇ | ၁၁၇၁၄၆ | ၃၀၁၅ |
| ဘရူနိုင်း | ၁၅၉၈၆ | ၁၅၅၀၆ | ၉၈ |

# ၁၄-၁-၂၀၂၂ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် (၁၁)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၁)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ဇန်နဝါရီ ၁၄ ရက် မွန်းလွဲပိုင်းက ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။ အဆိုပါသတင်းစာရှင်းလင်းပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ အဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးနှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများက သတင်းမီဒီယာများ၏ သိရှိလိုသည့်မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။**

*(ယမန်နေ့မှအဆက်)*

**Myanmar National Post သတင်းဌာနမှ အယ်ဒီတာချုပ် နောင်တော်လေး**က မိမိမေးမြန်းလိုသည့် မေးခွန်းများကို အတိုချုံး၍ တစ်ဆက်တည်း မေးမြန်းသွားမည်ဖြစ်ကြောင်း၊ ပထမဦးဆုံးမေးခွန်း အနေဖြင့် ဝန်ကြီးတို့အနေဖြင့် မန္တလေးမှ လိင်တူချစ်သူ လောင်းကစားသမား ဇာနည်ကိုကို ကို ဖမ်းဆီးရမိခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခဲ့ပါကြောင်း၊ မိမိတို့လေ့လာသိရှိရသလောက် ဇာနည်ကိုကိုသည် ယခင် မဲသူခိုးအစိုးရ၏ အခါတော်ပေးဟူ၍ပင် သတင်းများကြားသိရပါကြောင်း၊ ထို့ကြောင့် ဇာနည်ကိုကိုနှင့် မဲသူခိုးအစိုးရ၏ ဆက်စပ်မှု မည်သည့်အတိုင်းအတာအထိ ရှိသည်ကို ဖြေကြား၍ ရသလောက် ဖြေကြားပေးစေလိုကြောင်း၊ နောက်မေးခွန်းတစ်ခု အနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပထမသတင်းစာရှင်းလင်းပွဲနှင့် ယခု သတင်းစာရှင်းလင်းပွဲနှစ်ခု အကြားကာလတွင် NLD၊ PDF များအနေဖြင့် ဆိုးဆိုးရွားရွား၊ ရက်ရက်စက်စက်၊ ယုတ်ယုတ်မာမာ ဆောင်ရွက်လာသည်ကို တွေ့ရပါကြောင်း၊ အဆိုပါအခြေအနေကို နှိမ်နင်းဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ဖြေကြား၍ ရသလောက် ဖြေကြားပေးစေလိုကြောင်း၊ အကြမ်းဖက်မှုများကြောင့် ဘေးအန္တရာယ်ကျရောက်နေသည့်ပြည်သူများကို ကူညီဆောင်ရွက်ပေးနေမှု အခြေအနေနှင့် ပတ်သက်၍လည်း သိလိုပါကြောင်း၊ နောက်ဆုံးမေးခွန်းမှာ မိမိတို့အိမ်ထဲသို့ ခွေးဝင်သည့်ကိစ္စဖြစ်ကြောင်း၊ ခွေးဝင်သည့်ကိစ္စဆိုသည်မှာ အမေရိကန်နိုင်ငံသား ကိုဗစ်ရောဂါပိုးတွေ့ရှိသူ နှစ်ဦးသည် မိမိတို့နိုင်ငံက ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကုသမှုခံယူခြင်းမရှိဘဲ အမေရိကန်သံရုံးမှဝန်ထမ်းများက အဆိုပါ နှစ်ဦးကို ၎င်းတို့အစီအစဉ်ဖြင့်သာ ကုသမည်ဟုဆိုပြီး လာရောက်ခေါ်ယူသွားသည့်ကိစ္စဖြစ်ကြောင်း၊ အဆိုပါကိစ္စကို နိုင်ငံခြားရေးဝန်ကြီးဌာနကလည်း ဂျနီဗာကွန်ဗန်းရှင်းနှင့် ငြိစွန်းသည်ဟု ထုတ်ပြန်ထားပါကြောင်း၊ မိမိအိမ်ထဲသို့ ခွေးဝင်လာပါက မည်သူမဆို မောင်းထုတ်ကြသည့် အစဉ်အလာရှိပါကြောင်း၊ ယခု တိုင်းပြည်ထဲတွင်လည်း မိမိတို့တိုင်းပြည်၏ ဥပဒေကို မလေးမစားပြုလုပ်နေသူများကို မောင်းထုတ်/ နှင်ထုတ်ရန် အစီအစဉ်ရှိ/မရှိ သိလိုကြောင်း မေးမြန်းသည်။

### ဘာသာရေးတွင် ကပြားမရှိ

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ပြန်လည်ဖြေကြားရာတွင် ပထမဆုံးအနေဖြင့် သတင်းထောက်ကြီးမေးမြန်းခဲ့သည့် ဇာနည်ကိုကို၏ကိစ္စနှင့်ပတ်သက်ပြီး ပြန်လည်ဖြေကြားပေးသွားမည်ဖြစ်ကြောင်း၊ NLD ပါတီ၏ အခါတော်ပေးဟုတ်/မဟုတ်ကို မိမိလည်း မသိပါကြောင်း၊ လူမှုကွန်ရက်တွင် ပို့စ်တင်ထားတာတွေတော့ ရှိနိုင်ကြောင်း၊ ယခုကိစ္စနှင့်ပတ်သက်၍ မိမိပြောလိုသည်မှာ ဘာသာရေးဆိုသည်မှာ အတော် အကဲဆတ်ပါကြောင်း၊ ဘာသာရေးတွင် ကပြားမရှိကြောင်း၊ သတင်းထောက်ကြီးအနေဖြင့် ကရင်/ဗမာကပြားဖြစ်လို့ရကြောင်း၊ အလားတူ မိမိသည်လည်း ကုလား/ဗမာ ကပြားဖြစ်လို့ရကြောင်း၊ အနောက်ဘက်တွင်ရှိသည့် သံတော်ဆင့်မှ သတင်းထောက်ကြီးကလည်း မွန်/ကရင်ကပြားဖြစ်လို့ရကြောင်း၊ သို့သော် ဘာသာရေးတွင် ဗုဒ္ဓဘာသာ/ ခရစ်ယာန် ကပြားမရှိကြောင်း၊ မွတ်စလင်/ခရစ်ယာန် ကပြားမရှိကြောင်း၊ ဘာသာရေးဆိုသည်မှာ ဘက်တစ်ဖက်တည်း ရပ်တည်ရခြင်းဖြစ်ကြောင်း၊ ဘာသာရေးတွင် ကပြားမရှိကြောင်း၊ ထို့ကြောင့် အကဲဆတ်ပါကြောင်း။

သတင်းထောက်ကြီး မေးမြန်းသည့် မေးခွန်းထဲတွင် ဇာနည်ကိုကိုအား NLD ပါတီ၏ အခါတော်ပေးဟု ပြောထားကြောင်း၊ သို့သော် အခါတော်ပေးဖြစ်ခြင်း/မဖြစ်ခြင်းကို မိမိမသိကြောင်း၊ မိမိတို့မြန်မာနိုင်ငံတွင် Ideology ခေတ်ကောင်းစဉ်က ကွန်မြူနစ်စနစ်သည် အမာဆုံးIdeology ဖြစ်ပြီး အင်အားအကောင်းဆုံး Ideology လည်းဖြစ်ကြောင်း၊ လူထုထောက်ခံမှုလည်း အတော်ရခဲ့ကြောင်း၊ မည်သည့်အတွက်ကြောင့် အဆိုပါ Ideology ကျဆုံးရသည်ကို ပြောရမည်ဆိုပါက ဘာသာရေးနှင့် ထိပ်တိုက်တွေ့ခြင်းကြောင့်ဖြစ်ကြောင်း၊ မိမိအယူအဆအရ ပြောရမည်ဆိုပါက ဗုဒ္ဓဘာသာ၏အယူအဆနှင့် ၎င်းတို့၏အယူအဆများမှာ အတော်ကွဲပြားခြားနားကြောင်း၊ နောက်ဆုံးတွင် ဘာသာရေးအပေါ် ထိခိုက်လာသောကြောင့် ကျဆုံးခြင်းဖြစ်ကြောင်း၊ ပေါင်းတည်ဘက်ရှိ ပဲခူးရိုးမတွင် ဒေသခံများက ရဲနီမများဟုခေါ်သည့် အမျိုးသမီးများက ဘုန်းကြီးသင်္ကန်းများကိုချွတ်၍ အတွင်းခံချုပ်ဝတ်ခဲ့ကြကြောင်း၊ ထိုအချိန်မှစ၍ ၎င်းတို့ကျဆုံးခဲ့ခြင်းဖြစ်ကြောင်း။

ထို့ကြောင့် မြန်မာနိုင်ငံတွင် ၎င်းတို့လုပ်ချင်သည့် နိုင်ငံရေးစနစ်တစ်ခုကို စတင်အကောင်အထည်ဖော်မည်ဆိုပါက ပထမဆုံးဖြိုရမည့်အရာမှာ ဘာသာရေးနှင့် အမျိုးသားရေးဖြစ်သည်ကို ကောင်းစွာ သဘောပေါက်သူများရှိကြောင်း၊ ထို့ကြောင့် သတင်းထောက်ကြီး ပြောခဲ့သည့် အခါတော်ပေးဆိုသည့် အခြေအနေမျိုးဖြင့် ဝင်၍မရကြောင်း၊ အခါတော်ပေးဆိုသည့်ကိစ္စထက် များစွာကြီးကျယ်ပါကြောင်း၊ အဆိုပါပုဂ္ဂိုလ် ယခုကဲ့သို့ဖြစ်နေပါလျက်နှင့် မည်သည့်အတွက်ကြောင့် ယခုလို နာမည်ကျော်သွားရသည်ကို ပြောရမည်ဆိုပါက ထိုပုဂ္ဂိုလ်၏အောက်တွင် “ဒါမှ တို့ဘုန်းဘုန်းကွ၊ ဒါမှ ဘာကွ”ဟုဆိုပြီး ယခုလိုလမ်းကြောင်းကို ရောက်ရှိသွားအောင် မြှောက်ပေးသည့်သူများရှိကြောင်း၊ မိမိသိရသလောက် ပြောရလျှင် အဆိုပါပုဂ္ဂိုလ်မှာ လူဘဝတုန်းက ယခုလိုမဟုတ်ကြောင်း၊ သင်္ကန်းဆီးပြီး၊ ဘုန်းကြီးဝတ်ပြီးသည့်အချိန်မှ မည်သည့်အတွက်ကြောင့် ယခုလိုဖြစ်သွားရသည်ကို ပြောရမည်ဆိုပါက အကြောင်းရင်းများစွာရှိကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ကိစ္စမျိုးကို ဂရုစိုက်ရန်လိုသည်ဟု ပြောလိုကြောင်း။

နံပတ်နှစ် မေးခွန်းကို ပြန်လည်ဖြေကြားရမည်ဆိုပါက မိမိတို့အနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကူညီဆောင် ရွက်ပေးနေပါကြောင်း၊ ထိုသို့ကူညီဆောင်ရွက်ပေးရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ကူညီဆောင်ရွက်ပေးခြင်းများ ရှိသကဲ့သို့ တိုင်းစစ်ဌာနချုပ်၊ တိုင်းဒေသကြီးဝန်ကြီးချုပ်များအနေဖြင့် ကူညီဆောင်ရွက်ပေးခြင်းများလည်း ရှိပါကြောင်း၊ ထို့အပြင် ပရဟိတအသင်းများနှင့် အဆိုပါဒေသမှ သံဃာတော်အချို့ကလည်း အဆိုပါ အိုးမဲ့အိမ်မဲ့အများအပြားကို ကူညီစောင့်ရှောက်ပေးထားကြောင်း၊ ယခုကဲ့သို့ ကူညီစောင့်ရှောက်ပေးထားသည့် သံဃာတော်များနှင့် လူပုဂ္ဂိုလ်များကိုလည်း မိမိတို့အနေဖြင့် အထူးကျေးဇူးတင်ပါသည်ဟု ယခုသတင်းစာရှင်းလင်းပွဲမှတစ်ဆင့် ပြောလိုကြောင်း၊ အမေရိကန်နှစ်ယောက်ကိစ္စနှင့် ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာနကလည်း ကန့်ကွက်ပြီးဖြစ်ပါကြောင်း၊ ထို့အပြင် သံတမန် ရေးရာ/ ဆိုင်ရာ လုပ်ထုံး၊ လုပ်နည်းများနှင့်အညီ မိမိတို့လုပ်ဆောင်နိုင်သမျှ ဆက်လက်လုပ်ဆောင်သွားမည်ဟု ပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

**One News သတင်းဌာနမှ သတင်းထောက် ဦးသွင်ထူးအောင်**က နိုင်ငံတော်ဝန်ကြီးချုပ်၏ နှစ်သစ်ကူးမိန့်ခွန်းတွင် ၂၀၂၂ ခုနှစ်တွင် ငြိမ်းချမ်းရေးအတွက် ခြေလှမ်းသစ်စမည်ဟု ပြောခဲ့ကြောင်း၊ ငြိမ်းချမ်းရေးအတွက် ခြေလှမ်းသစ်ဆိုသည်မှာ မည်သည်ကိုပြောပါသလဲ၊ ယခင်ကထက် မည်သည့်အရာများ ပို၍ထူးခြားသွားမည်ကို သိလိုပါကြောင်း မေးမြန်းသည်။

### ပြည်ထောင်စုစိတ်ဓာတ် ပိုမိုရှင်သန်ခိုင်မာစေရေး

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ငြိမ်းချမ်းရေးအတွက် ခြေလှမ်းသစ်ဟုဆိုရာတွင် ပထမဆုံးငြိမ်းချမ်းရေးအတွက် NCA လက်မှတ်ရေးထိုးနိုင်အောင် စတင်လာသည့် အခြေအနေများကို မိမိပြောကြားပြီးဖြစ်ကြောင်း၊ NCA လက်မှတ်ရေးထိုးနိုင်အောင် ရှေ့တွင်စခဲ့သည့် လုပ်ငန်းများက အများကြီးရှိကြောင်း၊ ယင်းနှင့်ပတ်သက်ပြီး တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်နေသည့် အကြိမ်ရေများကို ပြောပြီးဖြစ်ကြောင်း၊ ယင်းသို့ တွေ့ဆုံဆွေးနွေးမှုများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး အဆင့်တစ်ခုရောက်အောင်၊ bilateral ထိုးနိုင်သည့်အဆင့်တစ်ခုရောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ *စာမျက်နှာ ၁၇ သို့*



ဇန်နဝါရီ ၁၄ ရက်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၁) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။

**❂ ဘာသာရေးဆိုသည်မှာ အတော်အကဲဆတ်ပါကြောင်း၊ ဘာသာရေးတွင် ကပြားမရှိကြောင်း၊ သတင်းထောက်ကြီးအနေဖြင့် ကရင်/ဗမာကပြားဖြစ်လို့ရကြောင်း၊ အလားတူ မိမိသည်လည်း ကုလား/ဗမာ ကပြားဖြစ်လို့ရကြောင်း၊ အနောက်ဘက်တွင်ရှိသည့် သံတော်ဆင့်မှ သတင်းထောက်ကြီးကလည်း မွန်/ကရင်ကပြားဖြစ်လို့ရကြောင်း၊ သို့သော် ဘာသာရေးတွင် ဗုဒ္ဓဘာသာ/ခရစ်ယာန် ကပြားမရှိကြောင်း၊ မွတ်စလင်/ခရစ်ယာန် ကပြားမရှိကြောင်း၊ ဘာသာရေးဆိုသည်မှာ ဘက်တစ်ဖက်တည်း ရပ်တည်ရခြင်းဖြစ်ကြောင်း၊ ဘာသာရေးတွင် ကပြားမရှိကြောင်း၊ ထို့ကြောင့် အကဲဆတ်**

❐ **ဘာသာရေးနှင့်ပတ်သက်ပြီး အချို့ရည်မှန်းချက်ရှိရှိ လုပ်နေခြင်းများရှိကြောင်း၊ ဘာသာရေးနှင့် ဆက်နွှယ်နေသည့် လူမှုအသိုက်အဝန်းအနွယ်များ၏ နိုင်ငံရေးအယူအဆ၊ ယဉ်ကျေးမှုအယူအဆများကို တိုက်ခိုက်သည်ဟု မိမိတို့မြင်ကြောင်း၊ လုပ်နေသည့် အထောက်အထားများရှိကြောင်း၊ သို့သော် ပြဋ္ဌာန်းချက်ထဲတွင် ဘာသာရေးကို နိုင်ငံရေးကိစ္စအလို့ငှာ အသုံးမချရဟု အခြေခံဥပဒေတွင် ပြဋ္ဌာန်းပြီးဖြစ်ကြောင်း၊ ဆရာတော်များကို အသုံးချပြီး နိုင်ငံရေးလုပ်ခဲ့ခြင်း၊ သံဃာများကို အသုံးချပြီး နိုင်ငံရေးတွင် မြှောက်ပင့်ပေးနေခြင်းသည် အခြေခံဥပဒေနှင့် ငြိစွန်းပါကြောင်း၊ ထို့အပြင် သာသနာတော်ညှိုးနွမ်းမှု ဖြစ်စေပါကြောင်း၊ နိုင်ငံသားအားလုံး ရှောင်ရှားရန်လို**

*စာမျက်နှာ ၁၆ မှ*

မိမိတို့၏ အခြေခံမှာ NCA ဖြစ်ကြောင်း၊ သို့သော် ယခုနှစ်အတွင်း အနည်းဆုံးအဆင့်တစ်ခုအနေဖြင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲသွားအောင် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ဆောင်ရွက်လျက်လည်းရှိကြောင်း၊ အစပျိုးမှုအနေဖြင့် မိမိတို့က နံပါတ်(၁) ပြည်ထောင်စုစိတ်ဓာတ် ပိုမိုရှင်သန်ခိုင်မာစေရေး ဖြစ်ကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ် ပိုမိုရှင်သန်ခိုင်မာစေရေးအတွက် ယခုလာမည့် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပြန်ကြားရေးဝန်ကြီးဌာနက တာဝန်ခံဝန်ကြီးဌာနအနေဖြင့် (၇၅)နှစ်မြောက် ပြည်ထောင်စုနေ့ကို ခမ်းခမ်းနားနားဖြစ်အောင် ဆောင်ရွက်နေပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ကိုယ်စားပြုယာဉ်များ၊ ကိုယ်စားပြုသူများဖြင့် ဗိုလ်ရှုခံ၏ရှေ့တွင် စည်းလုံးညီညွတ်မှု ပြသနိုင်သည့်ပွဲကို ဆောင်ရွက်သွားရန် လုပ်ဆောင်နေပါကြောင်း၊ လက်တွေ့ငြိမ်းချမ်းရေးအနေနှင့်လည်း ဆက်လက်ဆွေးနွေးဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုးတက်မှုများရှိအောင် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ အဖြေ တစ်ခုရအောင်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**One News သတင်းဌာနမှ သတင်းထောက် ဦးသွင်ထူးအောင်**က ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားများကို လွှတ်ပေးရန် ကုလသမဂ္ဂကရော နိုင်ငံတကာကပါ တောင်းဆိုနေမှုများ ရှိပါကြောင်း၊ ယင်းတောင်းဆိုချက်ကို လိုက်လျောရန် ရှိ/မရှိ သိလိုကြောင်း၊ ပုဒ်မ ၅ဝ၅ နှင့် ဖမ်းဆီးခံထားရသည့် အနုပညာရှင်များကိုရော ပြန်လွှတ်ရန် အစီအစဉ် ရှိ/မရှိ သိလိုပါကြောင်း မေးမြန်းသည်။

**ဥပဒေ၏အထက်တွင် မည်သူမှမရှိ**

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က အပိုင်းနှစ်ပိုင်းခွဲ၍ ပြောလိုကြောင်း၊ ပထမအပိုင်းအနေဖြင့် ဥပဒေ၏အထက်တွင် မည်သူမှမရှိပါကြောင်း၊ ဥပဒေအရ တရားစီရင်ခြင်း ခံရမည်ဟုသာ ပြောလိုပါကြောင်း၊ ပုဒ်မ ၅ဝ၅(ခ)နှင့် တရားစွဲဆိုခံထားရသည့် အနုပညာရှင်များနှင့်ပတ်သက်ပြီး ဖြေလျှော့ဆောင်ရွက်ပေးနေမှုများ ရှိပါကြောင်း၊ ၄၈ ဦး ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ၎င်းတို့တင်မက နောက်ထပ်ကျန်ရှိသူများနှင့် ပတ်သက်၍ စိစစ်ဆောင်ရွက်ခြင်းများကို အဆက်မပြတ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ သင့်လျော်သည့်အချိန်တွင် ယင်းတို့ကို ဆက်လက်ဆောင်ရွက်နိုင်မည်ဟု ပြောလိုပါကြောင်း ပြန်လည်ဖြေကြားသည်။

**Myanmar Hard Talk သတင်းဌာနမှ သတင်းထောက် ကိုဥက္ကာ**က အမေရိကန်နိုင်ငံသား နှစ်ယောက်ကို မြန်မာနိုင်ငံအတွင်းရှိ အမေရိကန်သံရုံးသို့ ခေါ်ဆောင်သွားသည်ဟု သဘောပေါက်နားလည်မိပါကြောင်း၊ အမေရိကန်သံရုံး၏ အဝင်အထွက်များကိုရော မြန်မာနိုင်ငံဘက်က မည်သို့ဆောင်ရွက်ထားခြင်းရှိပါသလဲ၊ လူမှုကွန်ရက်ပေါ်တွင်လည်း အမေရိကန်သံရုံးအတွင်း ကိုဗစ်ကူးစက်မှုများ များစွာ ဖြစ်ပေါ်နေသည်ဟူ၍ သတင်းပြန့်နေသည့်အတွက် ယင်းနှင့်ပတ်သက်၍ ဗိုလ်ချုပ်တို့အနေဖြင့် မည်သို့စိစစ်ဆောင်ရွက်ထားသည်ကို သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က သံရုံး၏ စည်းမျဉ်းများအရ သံရုံး၏ ဥပစာက ၎င်းတို့နိုင်ငံ၏ နယ်နိမိတ်ဖြစ်သည်ဟု အကြမ်းဖျင်းပြော၍ ရပါကြောင်း၊ ထို့ကြောင့် စိစစ်ဆောင်ရွက်ခြင်းအပိုင်းကို ၎င်းတို့ကသာ စိစစ်ဆောင်ရွက်ပါကြောင်း၊ သို့သော် မြန်မာနိုင်ငံကို ယခုကဲ့သို့ အခြားနိုင်ငံခြားသားများ၊ အဖွဲ့အစည်းအသီးသီးမှ ဌာနေကိုယ်စားလှယ်များ လာရောက်ခြင်းများလည်း ရှိပါကြောင်း၊ မြန်မာနိုင်ငံသားများ ပြန်ရောက်လာခြင်းများလည်း ရှိပါကြောင်း၊ ယခုလို ကန့်သတ်မှုများကို မိမိတို့အနေဖြင့် လွန်ခဲ့သည့်တစ်နှစ်ခန့်ကတည်းက ပြုလုပ်နေခြင်း ဖြစ်ကြောင်း၊ ယနေ့အထိ မည်သည့်နိုင်ငံ၊ မည်သည့်အဖွဲ့အစည်းက မည်သူမှ အမေရိကန်သံရုံးဝန်ထမ်း တစ်ဦးနှင့် ယင်းအမေရိကန်နိုင်ငံသား နှစ်ဦးကဲ့သို့ ဥပဒေချိုးဖောက်သူမရှိပါကြောင်း၊ အချို့လွတ်ထွက်သွားမှုများ ရှိကောင်းရှိနိုင်သော်လည်း ယခုကဲ့သို့ လက်ရှိရှိနေသည့်နိုင်ငံ၏ ကိုဗစ်စည်းမျဉ်းများကို ချိုးဖောက်မှုမရှိကြောင်း ပြန်လည်ဖြေကြားသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦး**က ယင်းနှင့်ပတ်သက်ပြီး ဌာနဆိုင်ရာများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း ဖြည့်စွက်ဖြေကြားသည်။

**People Media မှ သတင်းထောက် ဦးကျော်စိုးဦး**က တိုင်းဒေသကြီး၊ ပြည်နယ်အနှံ့အပြားတွင် NUG ၊ CRPH ၊ PDF နှင့်ပတ်သက်ပြီး ၎င်းတို့၏ ပိုင်ဆိုင်မှုများကို နိုင်ငံတော်က ချိတ်ပိတ်သိမ်းဆည်းထားမှုများ ရှိပါကြောင်း၊ ထိုပစ္စည်းများကို နိုင်ငံတော်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ၏ သက်တမ်းအတွင်း ထုခွဲရောင်းချသွားမည်လား သို့မဟုတ် နိုင်ငံပိုင်အဖြစ် ဆက်ရှိနေမည်လား၊ မည်သို့ဆောင်ရွက်သွားမည်ကို သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ဥပဒေအရသာပြဋ္ဌာန်းထားသည့်အတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**မြန်မာ့သံတော်ဆင့်သတင်းဌာနမှ အတိုင်ပင်ခံအယ်ဒီတာ ဦးကိုကိုကြီး**က ဝိနည်းတော်နှင့် မညီသည့်ဆရာတော် ဦးဇာနည်ကိုကိုနှင့် ဒေါ်အောင်ဆန်းစုကြည် တွဲရိုက်ထားသည့်ပုံကို နိုင်ငံပိုင်သတင်းစာများတွင် တွေ့ကြောင်း၊ မည်သို့ဆက်စပ်မှုရှိသည်ကို သိလိုကြောင်း၊ ဘာသာရေးဖျက်ဆီးနေသည်ဟု မိမိတို့မြင်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မည်သည့်ကာကွယ်မှုများ ပြုလုပ်ပေးမည်ကို သိလိုပါကြောင်း မေးမြန်းသည်။

**သာသနာကို ဖျက်ဆီးရာရောက်**

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ဆက်စပ်မှုနှင့်ပတ်သက်ပြီး မိမိတို့မသိရှိကြောင်း၊ ၎င်း၏ Facebook တွင် တင်ထားခြင်းများရှိကြောင်း၊ ဘာသာရေးနှင့် ဖျက်ဆီးနေသည်ဆိုသည်ကို MNP က မေးသည့် မေးခွန်းတွင် မိမိဖြေကြားပြီးဖြစ်ကြောင်း၊ ဘာသာရေးနှင့်ပတ်သက်ပြီး အချို့ရည်မှန်းချက်ရှိရှိ လုပ်နေခြင်းများရှိကြောင်း၊ ဘာသာရေးနှင့် ဆက်နွှယ်နေသည့် လူမှုအသိုက်အဝန်းအနွယ်များ၏ နိုင်ငံရေးအယူအဆ၊ ယဉ်ကျေးမှုအယူအဆများကို တိုက်ခိုက်သည်ဟု မိမိတို့မြင်ကြောင်း၊ လုပ်နေသည့် အထောက်အထားများရှိကြောင်း၊ သို့သော် ပြဋ္ဌာန်းချက်ထဲတွင် ဘာသာရေးကို နိုင်ငံရေးကိစ္စအလို့ငှာ အသုံးမချရဟု အခြေခံဥပဒေတွင် ပြဋ္ဌာန်းပြီးဖြစ်ကြောင်း၊ ဆရာတော်များကို အသုံးချပြီး နိုင်ငံရေးလုပ်ခဲ့ခြင်း၊ သံဃာများကို အသုံးချပြီး နိုင်ငံရေးတွင် မြှောက်ပင့်ပေးနေခြင်းသည် အခြေခံဥပဒေနှင့် ငြိစွန်းပါကြောင်း၊ ထို့အပြင် သာသနာတော်ညှိုးနွမ်းမှု ဖြစ်စေပါကြောင်း၊ နိုင်ငံသားအားလုံး ရှောင်ရှားရန် လိုကြောင်း၊ သာမန်ပြည်သူလူထုအနေဖြင့် ယခုဖြစ်နေသည့် အခြေအနေအရ သံဃာတော်တစ်ပါးက ပြောလျှင် အစိုးရဆန့်ကျင်ရေးစကား ပြောခြင်းဖြစ်စေ၊ အခြားစကား ပြောခြင်းဖြစ်စေ ဝိုင်းပြီး ငါတို့ကိုယ်တော်ဟု လုပ်ခြင်းသည် သာသနာကို ဖျက်ဆီးရာရောက်ကြောင်း၊ ရှောင်ကြဉ်ကြရန် ပြောလိုပါကြောင်း ပြန်လည်ဖြေကြားသည်။

**မြန်မာ့သံတော်ဆင့်သတင်းဌာနမှ အတိုင်ပင်ခံအယ်ဒီတာ ဦးကိုကိုကြီး**က လမ်းပေါ်နေကလေးများနှင့် ပတ်သက်ပြီး မေးလိုပါကြောင်း၊ ရန်ကုန်-နေပြည်တော်-မန္တလေးတွင် လမ်းမပေါ်၌ ကလေးများ တောင်းစားနေခြင်းများတွေ့ကြောင်း၊ လူမှုဝန်ထမ်းဌာနအနေဖြင့် လမ်းပေါ်နေကလေးများ ပပျောက်ရေးဟု သတင်းစာတွင် ဖတ်ရပါကြောင်း၊ သို့သော် On Paper တွင်ရှိပြီး လက်တွေ့တွင် မတွေ့ရကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လမ်းပေါ်နေကလေးများ ပပျောက်ရေး မည်သို့ပံ့ပိုးကူညီပေးမည်ကို သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း** က လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအပြင် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့်လည်း သက်ဆိုင်လိမ့်မည်ဖြစ်ကြောင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီများနှင့်လည်း သက်ဆိုင်ကြောင်း၊ လမ်းပေါ်နေကလေးများကို မိမိသိထားသည်မှာ အချို့က ယခင်ကတည်းက ဖြစ်ခဲ့ကြောင်း၊ အချို့က လမ်းပေါ်နေကလေးအဖွဲ့ဂိုဏ်းတစ်ခုအနေဖြင့် လုပ်နေခြင်းများရှိကြောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနအနေဖြင့် အရေးယူဆောင်ရွက်ပေးမည်ဟု ပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

**မြန်မာ့သံတော်ဆင့်သတင်းဌာနမှ အတိုင်ပင်ခံအယ်ဒီတာ ဦးကိုကိုကြီး**က ၂၀၂၁ ခုနှစ် အခြေခံပညာအထက်တန်းစာမေးပွဲ အမှတ်စာရင်းများ ထုတ်ပေးနေခြင်းများရှိကြောင်း၊ အချို့စာစစ်ဌာနများက ပိတ်ထားသည်ကို တွေ့ရကြောင်း၊ မထုတ်ရသေးသည့် ကလေးများရှိကြောင်း၊ တက္ကသိုလ်အမှန်တကယ်တက်လိုသည့် သူများကို တက္ကသိုလ်ဝင်ခွင့် ရက်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ ပညာရေးဝန်ကြီးဌာနကို မေးမြန်းသည်။

**ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦး**က အဆင့်မြင့်ပညာဦးစီးဌာန (ရန်ကုန်ရုံးခွဲ)က ဆောင်ရွက်လျက်ရှိကြောင်း၊ အချို့ဘာသာရပ်များအတွက် ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ကျန်သည်များ ဆက်လက်ဆောင်ရွက်နေကြောင်း၊ မထုတ်ရသေးသည့် ကလေးများအနေဖြင့် ဆက်တင်ပြီး မူဘောင်နှင့်ညီသည့်အခါတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

**Myanmar Nation သတင်းဌာနမှ ဒေါ်ဆွေဇင်ဦး**က လာမည့်ရွေးကောက်ပွဲတွင် PR စနစ်ကို ကျင့်သုံးမည်ဟုသိရကြောင်း၊ PR စနစ်၏ အားသာချက်သည် မည်သည့်ပါတီကြီးမှ လက်ဝါးကြီးမအုပ်နိုင်ကြောင်း၊ တိုင်းရင်းသားလူနည်းစုနှင့် တိုင်းရင်းသားများ၏ အသံသည် လွှတ်တော်ထဲသို့ ရောက်ရှိလာမည်ဖြစ်ကြောင်း၊ အခြေခံဥပဒေအရ လွတ်လပ်စွာ ကိုးကွယ်ပိုင်ခွင့်ပြုထားသော်လည်း မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာကို အထူးပြုသည့် နိုင်ငံတစ်ခုဖြစ်ကြောင်း၊ PR စနစ်ကြောင့် လွှတ်တော်တွင် လူမျိုးခြားဘာသာခြားများသည် အချိုးကျအနေဖြင့် ရောက်ရှိလာမည်ဖြစ်ကြောင်း၊ ထိုသို့ရောက်ရှိလာခြင်းအတွက် နိုင်ငံတော်၏အားနည်းချက် အားသာချက်နှင့် Side effect များကို ပြင်ဆင်ရန် မည်သို့ပြင်ဆင်ထားသည်၊ မည်သို့ပြင်ဆင်ထားသင့်သည်၊ မည်သို့ပြင်ဆင်ထားမည်ကို သိလိုပါကြောင်း မေးမြန်းသည်။

**သူ့နေရာနှင့်သူ စည်းလုံးနေရန်လို**

**ဗိုလ်ချုပ်ဇော်မင်းထွန်း** က PR စနစ်ကျင့်သုံးခြင်းသည် ကိုယ်စားပြုမှုစနစ် များလာမည်ဖြစ်ကြောင်း၊ များလာသည့်အတွက် မြန်မာနိုင်ငံအတွင်းရှိ မြန်မာနိုင်ငံသားအားလုံး မဲပေးခွင့်ရှိမည်ဖြစ်ကြောင်း၊ ပါတီတည်ထောင်ရာတွင် မြန်မာနိုင်ငံသားဖြစ်လျှင်၊ စည်းမျဉ်းဥပဒေများနှင့် ကိုက်ညီလျှင် ပါတီတည်ထောင်ခွင့်ရှိကြောင်း၊ ပေးရမည့်အခွင့်အရေးများဖြစ်ကြောင်း၊ အချို့ပေးရမည့် အခွင့်အရေးသည် ပေးကိုပေးရမည်ဖြစ်ကြောင်း၊ မပေးရသည့် အခွင့်အရေးကို မပေးသည်က ပြဿနာမရှိသော်လည်း ပေးရမည့်အခွင့်အရေးကို မပေးလျှင် ပိုပြီးပြဿနာကြီးကြောင်း၊ ပျက်စီးကြီးခြင်းဆိုသည်မှာ မိမိတို့အစိုးရ ရင်ဆိုင်ရမည့် ပျက်စီးကြီးခြင်း မဟုတ်ဘဲ တစ်နိုင်ငံလုံး ရင်ဆိုင်ရမည့် ပျက်စီးကြီးခြင်းဖြစ်ကြောင်း၊ နိုင်ငံတကာတွင်လည်း ရှိကြောင်း၊ သူ့နေရာနှင့်သူ စည်းလုံးနေရန်လိုကြောင်း၊ စည်းလုံးနေပါက လူဦးရေ အချိုးအစားနှင့်တွက်ကြည့်ပါက မည်သူများက လူဦးရေ အချိုးအစား မည်မျှရှိသည်ကို သိပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ကိုယ်စားပြုခွင့် မည်မျှရမည်ကို သိပြီးဖြစ်မည်ဖြစ်ကြောင်း၊ အရည်အချင်းရှိရန် လိုအပ်ကြောင်း၊ ပညာရှိရန်လိုကြောင်း၊ စည်းလုံးညီညွတ်ရန်လိုကြောင်း၊ ပူစီပေါင်းကို အပ်ဖြင့်ထိုးလျှင် ပေါက်မည်ဖြစ်ကြောင်း၊ ကြီးမားသည့် သံလုံးကို အပ်နှင့်ထိုးကြည့်ပါဟုသာ ပြောလိုကြောင်း၊ မိမိဆိုလိုနိုင်သည်မှာ ဤမျှသာဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**Myanmar Nation သတင်းဌာနမှ ဒေါ်ဆွေဇင်ဦး**က ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် အခြေခံဥပဒေနှင့်အညီ တပ်မတော်က အာဏာထိန်းသိမ်းခဲ့ပါကြောင်း၊ သမ္မတစနစ်ကိုဦးတည်ပြီး ဒီမိုကရေစီနိုင်ငံ ပီပီပြင်ပြင်တည်ဆောက်ရန်အတွက် ကြိုးပမ်းနေသည့်အချိန်တွင် ဥပဒေနှင့်မညီသည့် ရုပ်ဆိုးအကျည်းတန်သည့် အတိုင်ပင်ခံရာထူးကို မည်သို့ပြင်ဆင်သတ်မှတ်မည်ကို သိလိုကြောင်း၊ မိမိယခုကဲ့သို့ စွပ်စွဲရခြင်းသည် နိုင်ငံတော်အတွင်းတွင် သမ္မတအထက်က ရာထူးတစ်ခုကဲ့သို့ ဖြစ်နေသော်လည်း မြန်မာနိုင်ငံမှ ပြည်ပကိုရောက်ချိန်တွင် ဘာမျှမဟုတ်သည့် ရာထူးဖြစ်နေသောကြောင့်ဖြစ်ကြောင်း၊ နိုင်ငံတော်အတိုင်ပင်ခံ ရာထူးကိုအသုံးပြုပြီး ပြည်တွင်းတွင် တစ်ဦးတစ်ယောက်တည်းဆန္ဒနှင့် လုပ်ချင်ရာလုပ်ခဲ့သည်ကို တွေ့ရပါကြောင်း၊ ဥပမာ Facebook ကို သန်းခြောက်ထောင်ကျော် သုံးစွဲခဲ့ခြင်းကိစ္စ၊ နိုင်ငံခြားသားကို လွှတ်တော်တွင်းခေါ်ယူပြီး သွားလာဝင်/ထွက်ခွင့် ပြုထားသည့်ကိစ္စများ ဗိုလ်ချုပ်တို့ သိပြီးဖြစ်ကြောင်း၊ နောက်နောင်တွင် ယခုကဲ့သို့ ကိစ္စများမဖြစ်ပေါ်စေရေးအတွက် နိုင်ငံတော်အတိုင်ပင်ခံရာထူးကို မည်သို့သတ်မှတ်မည်၊ နောင်လာမည့် အစိုးရသစ်တွင် နိုင်ငံတော်အတိုင်ပင်ခံဟု ဆက်လက်ရှိနေမည်လား သိလိုပါကြောင်း မေးမြန်းသည်။

*စာမျက်နှာ ၁၈ သို့*

**❋ နိုင်ငံခြားခရီးစဉ်မှ ပါလာသည့်ခရီးသည်များကို မိမိတို့အနေဖြင့် Quarantine ထားကြောင်း၊ ရောက်ရောက်ချင်း စစ်ဆေးမှုများပြုလုပ်ကြောင်း၊ ရောဂါပိုးတွေ့လျှင် ကုသရေးစင်တာများသို့ ပို့ကြောင်း၊ မတွေ့လျှင်လည်း Quarantine အပြည့်ထားကြောင်း၊ ယခင်က ကျန်းမာရေးဝန်ကြီးဌာနမှ ဖြေလျှော့ပြီး တစ်ပတ်သာထားကြောင်း၊ ယခု နှစ်ပတ်အပြည့်ထားကြောင်း၊ လုံးဝကင်းရှင်းမှ ပြန်လွှတ်ကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံတွင် Omicron ရောဂါနှင့်ပတ်သက်ပြီး ပြည်တွင်းကူးစက်မှု မတွေ့ရသေးကြောင်း၊ နိုင်ငံခြားမှ ပြန်လာသည့်သူများသာ တွေ့ရှိရကြောင်း၊ မိမိတို့အနေဖြင့် တိကျစွာ လိုက်နာလျက်ရှိ**

*စာမျက်နှာ ၁၇ မှ*

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က အားထည့်ပြီး ဖျက်ရန်မလိုကြောင်း၊ အလိုအလျောက် ပျက်ပြယ်ပြီးဖြစ်ကြောင်း၊ နိုင်ငံတော်အတိုင်ပင်ခံဥပဒေကို လွှတ်တော်က ပြဋ္ဌာန်းခြင်းဖြစ်ကြောင်း၊ ပြဋ္ဌာန်းပြီးကတည်းက ပါပြီးဖြစ်ကြောင်း၊ နိုင်ငံတော်အတိုင်ပင်ခံ ဥပဒေသည် မည်သူနှင့်သာ သက်ဆိုင်ရမည်ဟု ပါပြီးဖြစ်ကြောင်း၊ ထို့ကြောင့်မိမိတို့ အားစိုက်ပြီးဖျက်ရန်မလိုကြောင်း၊ အလိုအလျောက်ပျက်ပြယ်ပြီးဖြစ်သည်ဟု ပြန်လည်ဖြေကြားသည်။

**Myanmar Nation သတင်းဌာနမှ ဒေါ်ဆွေဇင်ဦး**က မေးခွန်းမဟုတ်ဘဲ အလေးအနက်ထားပြီး တောင်းဆိုလိုကြောင်း၊ Non CDM ဝန်ထမ်းများအတွက်ဖြစ်ကြောင်း၊ အများနှင့်သက်ဆိုင်ပါကြောင်း၊ နိုင်ငံတော်အကြီးအကဲကလည်း Non CDM ဝန်ထမ်းများကို ဂုဏ်ပြုမည်ဟု ပြောထားခြင်းရှိကြောင်း၊ Non CDM ဝန်ထမ်းများသည် ဆရာဝန်/ဆရာမများ သာမက ဝန်ကြီးဌာနအသီးသီးမှ Non CDM တစ်ရက် တစ်မနက်မျှပင်မလုပ်ဘဲ နိုင်ငံတော်အပေါ်သစ္စာရှိရှိဖြင့် တာဝန်ထမ်းဆောင်ခဲ့သည့် ဝန်ထမ်းများအတွက် ရာထူး၊ ဂုဏ်ပကာသန၊ ငွေကြေးမဟုတ်ဘဲ တပ်မတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ လက်မှတ်ပါသည့် ဂုဏ်ပြုလွှာကို မျှော်လင့်ကြကြောင်း၊ လွတ်လပ်ရေးနေ့တွင် မိမိတို့မျှော်လင့်ထားသော်လည်း မတွေ့ရကြောင်း၊ ပြည်ထောင်စုနေ့၊ တပ်မတော်နေ့များဖြစ်သည့် အခါကြီး၊ ရက်ကြီးများတွင် ဂုဏ်ပြုပေးစေလိုကြောင်း၊ တစ်ရက်/တစ်မနက် CDM မလုပ်သည့် ဝန်ထမ်းများကို သေချာစိစစ်ပြီး ဂုဏ်ပြုပေးပါရန် ဗိုလ်ချုပ်မှတစ်ဆင့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ကြီးကို အမှာတော်ပါးလိုပါကြောင်း ပြောကြားသည်။

**ခေတ်ပုံရိပ်သတင်းဂျာနယ်မှ သတင်းထောက် ဒေါ်သန်းသန်းဌေး**က လက်ရှိအိမ်စောင့်အစိုးရလက်ထက်တွင်ဖြစ်နေသည့်ဝန်ထမ်းတချို့၏ စိတ်ဓာတ်ရေးရာပိုင်း၊ အဂတိလိုက်စားမှုနှင့်ပတ်သက်ပြီး ပျက်စီးနေကြကြောင်း၊ ငွေရှိသည့် ပါတီတစ်ခုက ဌာနဆိုင်ရာများနှင့်ပေါင်းပြီး နိုင်ထက်စီးနင်းလုပ်ခြင်းများ များနေကြောင်း၊ အဆိုပါကိစ္စနှင့်ပတ်သက်ပြီး နိုင်ငံတော်အစိုးရအနေဖြင့် မည်ကဲ့သို့ ဖြေရှင်းပေးနိုင်မည်ကို သိလိုကြောင်း မေးမြန်းသည်။

### အဂတိလိုက်စားမှုကင်းစင်ရေး ဆောင်ရွက်လျက်ရှိ

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပတ်သက်ပြီး ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများ ရှိပြီးဖြစ်ကြောင်း၊ အစိုးရအနေဖြင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့်ပတ်သက်ပြီး ဝန်ထမ်းများလိုက်နာရမည့် ညွှန်ကြားချက်များရှိပြီးဖြစ်ကြောင်း၊ အဂတိလိုက်စားမှုနှင့်ပတ်သက်ပြီး မိမိတစ်နိုင်ငံတည်းမဟုတ်ဘဲ အခြားနိုင်ငံများတွင်လည်း ကင်းစင်ခြင်းမရှိသေးကြောင်း၊ ကင်းစင်ရန် ခက်ခဲကြောင်း၊ သို့သော် အဂတိလိုက်စားမှုကင်းစင်ရေးအတွက် အစိုးရ၊ ဝန်ထမ်း၊ ဌာနဆိုင်ရာများ အကြီးအကဲများအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ တရားလက်လွန်မှုများရှိခဲ့လျှင် သတင်းပေးနိုင်ကြောင်း ပြန်လည်ဖြေကြားသည်။

**လွှတ်တော်ပြင်ပအဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် ပြည်သူ့ဘဝမြှင့်တင်ရေးအဖွဲ့ ချုပ်ဥက္ကဋ္ဌ ဒေါက်တာစိုးမြင့်ဦး**က မိမိတို့သည် နိုင်ငံချစ်စိတ်၊ အမျိုးသားအကျိုးစီးပွားကို မြှင့်တင်ကာကွယ်လိုစိတ်ဖြင့် ဆောင်ရွက်နေသည့်အသင်းအဖွဲ့ဖြစ်ကြောင်း၊ ထိုကဲ့သို့လုပ်ဆောင်ခြင်းကြောင့် အားနည်းချက်များတွေ့လျှင် တင်ပြပြီး မေးမြန်းကြောင်း၊ တစ်ခါတစ်ရံ ဌာနဆိုင်ရာများကိုမုန်း၍မဟုတ်ကြောင်း၊ ပြဿနာအသေးအမွှားများ ဖြစ်တတ်ကြောင်း၊ သို့သော် ပြည်သူများ၏စိတ်ပျက်ပြားလာသည့်အခါ မိမိတို့အနေဖြင့် နိုင်ငံတော်စည်းလုံးညီညွတ်ရေး၊ မျိုးချစ်စိတ်ဖြင့် နိုင်ငံတော်တည်ဆောက်ရေးကိစ္စများတွင် များစွာ အဟန့်အတားဖြစ်စေကြောင်း၊ ထို့ကြောင့် မိမိတို့မှာ အမုန်းခံပြီး မေးခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်ကိုချစ်၍မေးခြင်းဖြစ်ကြောင်း၊ အဂတိလိုက်စားမှုများနှင့်ပတ်သက်ပြီး တော်တော်များများ တွေ့ရကြောင်း၊ တချို့ကိစ္စများသည် လက်ရှိဖြစ်တည်မှုအခြေအနေများပင်လျှင် ယခင်က လုပ်ခဲ့သည့်ကိစ္စများကြောင့် ထိုကိစ္စအပေါ်သက်ရောက်မှုများစွာ ရှိကြောင်း၊ အဓိကအနေဖြင့် ပြည်သူများ၏ မကျေနပ်မှုဖြစ်ကြောင်း၊ ထိုမကျေနပ်မှုများသည် အကျင့်ပျက်ဝန်ထမ်းများကြောင့်ဖြစ်ကြောင်း၊ တရားစီရင်ရေးနှင့် မြေယာပြဿနာများတွင် အဂတိလိုက်စားမှုများ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်နေကြောင်း၊ မုန်းတီးသည့် အချိန်တွင် ပင့်ပေးသည့်သူများကို ပင့်ပေးကြကြောင်း၊ မရောက်သင့်သည့် ရပ်ဝန်းများကို ရောက်ကုန်သည့်လူငယ်များ၊ ပြည်သူများနှင့် မိသားစုများ များစွာရှိကြောင်း၊ ထိုမြေယာပြဿနာများတွင် ပွင့်လင်းမြင်သာရန် လိုအပ်ကြောင်း၊ မြေယာမှုခင်းတွင် ဆုံးဖြတ်စစ်ဆေးသည့်နေရာသည် မြေယာတရားရုံးဖြစ်ကြောင်း၊ တရားရုံးဆိုသည်မှာ ပွင့်လင်းမြင်သာမှုရှိကြောင်း၊ သို့သော်ဝန်ကြီးဌာနက ထိုအမှုများကို ပြင်ပသို့ မပေါက်ကြားအောင် ကာကွယ်ရမည်ဟု ညွှန်ကြားချက်ထုတ်ထားပြီး ကျန်သည့်သူများ မိတ္တူကူးယူခွင့်မရှိကြောင်း၊ ထိုအခါ အကျင့်ပျက်ဝန်ထမ်းများအတွက် လုပ်ပိုင်ခွင့် အကြီးကြီးဖြစ်လာကြောင်း၊ လုပ်ချင်သလိုလုပ်နေကြောင်း၊ ဥပဒေကို လက်တစ်လုံးခြားတင် မဟုတ်ဘဲ တစ်တောင်ခြား၊ တစ်လံခြားဖြစ်လာပြီး နောက်ဆိုလုံးလုံးဆန့်ကျင်ပြီး လုပ်ပါကြောင်း။

ယခင်အစိုးရလက်ထက်တွင် ချင်းပြည်နယ်က ဝန်ကြီးတစ်ယောက်နှင့် အချေအတင်ဖြစ်ခဲ့ကြောင်း၊ ဝန်ကြီးကိုပြောလျှင် ၎င်းက ဥပဒေအတိုင်းလုပ်သည်ဟု ပြောကြားကြောင်း၊ အဆိုပါဝန်ကြီးကို မည်သည့်ဥပဒေဖြင့် လုပ်သည်ကိုမေးလျှင် ဝန်ကြီးက မဖြေနိုင်ကြောင်း၊ ဥပဒေကို မထီမဲ့မြင်ဖြစ်နေသည့် ခေတ်ကာလအခြေအနေမျိုးတွင် တချို့ဝန်ထမ်းများတွင် အဂတိလိုက်စားမှုရှိကြောင်း၊ အဆိုပါကိစ္စရပ်များကို ထိထိရောက်ရောက် အရေးယူစေလိုပါကြောင်း၊ မြေယာနှင့်ပတ်သက်ပြီး မူလပိုင်ရှင်သည် အချို့နေရာတွင် မူလပိုင်ရှင်မှ ရောင်းချလိုက်သည့်သူက ဆက်လက်ပြီး နှစ်ပေါင်းများစွာ လုပ်ကိုင်နေကြောင်း၊ သို့သော် မြေယာပြဿနာများဖြစ်သည့်အခါ ၎င်းကိုလုံးဝပလပ်ပြီး ဘာမှမဆိုင်သည့်ပုဂ္ဂိုလ်တစ်ယောက် (အဆိုပါမြေပေါ်တွင် ခြေမချဖူးသည့်တစ်ယောက်)ကို လုပ်ပိုင်ခွင့်ချပေးခြင်းက အတော်ပင် အကျည်းတန်ရုပ်ဆိုးပါကြောင်း၊ အမှန်တကယ် မူလပိုင်ရှင် မဟုတ်ဘူးဆိုလျှင်လည်း မူလပိုင်ရှင်ဆီက သမာသောနည်းဖြင့် ရယူထားသည့်သူများကို စဉ်းစားပေးသင့်ကြောင်း၊ မြေပြင်တွင်ဖြစ်နေသည့်ပြဿနာများက ပုံစံ(၇) သော်လည်းကောင်း၊ မြေလွတ်မြေရိုင်း လုပ်ပိုင်ခွင့်သော်လည်းကောင်း၊ အတည်တကျမရသေးသည့် တောင်သူများကို လျှောက်ထားနိုင်သည်ဟု ပြောကြောင်း၊ လျှောက်ထားခိုင်းပြီးလျှင် အဆိုပါတောင်သူများမှာ ရချင်မှရကြောင်း၊ တစ်ခါတစ်ရံ အဆိုပါတောင်သူများက တစ်ဝက်၊ ဘာမှမဆိုင်သည့်သူကတစ်ဝက်၊ ထိုမြေပေါ်ကို တစ်ခါမှမရောက်ဖူးသည့်သူများက ရကုန်ခြင်းက အမြောက်အမြားရှိကြောင်း၊ အဆိုပါကိစ္စများကို ကြပ်ကြပ်မတ်မတ်ဖြင့် ဆောင်ရွက်ပြီး ပြည်သူများ၏ကျေနပ်မှုကို ရယူ၍ နိုင်ငံတော်စည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်ရန်အတွက် အဆိုပါကိစ္စများကို ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိကို သိလိုကြောင်း မေးမြန်းသည်။

### မည်သူကတရားပြီး မည်သူကမတရားဟု မပြောလို

**ဗိုလ်ချုပ်ဇော်မင်းထွန်း** က မြေယာပြဿနာများအနေဖြင့် မှတ်တမ်းမှတ်ရာ၊ မိတ္တူကူးယူခွင့်ကို ဌာနတိုင်းတွင် စည်းမျဉ်းများရှိကြောင်း၊ ဥပမာ ရွေးကောက်ပွဲကော်မရှင်တွင် မဲပေးသည့်သူ၊ စစ်ဆေးသည့်သူများက မည်မျှတင်ရမည်၊ မည်မျှပေးရမည်ဟူ၍ ရှိပြီးဖြစ်ကြောင်း၊ မြေယာတွင်လည်း မိမိသိရသလောက် မိတ္တူကူးယူခွင့်နှင့် ပတ်သက်ပြီး မြေစာရင်းလက်စွဲဥပဒေများရှိကြောင်း၊ အဆိုပါမြေစာရင်း လက်စွဲဥပဒေများတွင် မိတ္တူကူးယူလိုသူနှင့် ကြည့်ရှုစစ်ဆေးလိုသူက မြေစာရင်းလက်စွဲဥပဒေတွင်ပါသည့်အတိုင်း၊ ပြဋ္ဌာန်းချက်များအရ ငါးဆယ်ကျပ်တန် ရုံးတံဆိပ် ကပ်နှိပ်ထားသည့် လျှောက်လွှာပုံစံရေးသားပြီး သက်ဆိုင်ရာအမှုထိန်းထံကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သို့သော် မြေယာနှင့် သက်ဆိုင်မှုမရှိသူများအတွက် မည်သူ တစ်ဦးတစ်ယောက်ကိုမျှ ရုံးလုပ်ငန်းနှင့်ဆက်စပ်သည့် စာရွက်စာတမ်းများကို ကြည့်ရှုစစ်ဆေး ပိုင်ခွင့်၊ မိတ္တူကူးယူပိုင်ခွင့် မပြုနိုင်ဟု ပြဋ္ဌာန်းထားကြောင်း၊ ကာယကံရှင်ကိုယ်တိုင်အနေဖြင့် တောင်းခံ၍ရကြောင်း၊ ဘေးလူအနေဖြင့် တောင်းခံ၍မရကြောင်း၊ မိမိသိသလောက် ပြောပြခြင်းဖြစ်ကြောင်း၊ လူတိုင်းတောင်းခံခွင့်မရှိကြောင်း၊ ရွေးကောက်ပွဲကော်မရှင်ကို မဲစာရင်းတောင်းသကဲ့သို့ မဲပေးသည့်သူတိုင်းက ၎င်းနှင့် သက်ဆိုင်သည့်နယ်များကို တောင်းခွင့်ရှိကြောင်း၊ အဆိုပါမြေယာကိစ္စတွင် နစ်နာသည့်သူကသာ တောင်းခွင့်ရှိကြောင်း၊ မြေယာပြဿနာနှင့် ပတ်သက်ပြီး မည်သူက တရားပြီး မည်သူက မတရားဟု မပြောလိုကြောင်း။

အကြံပြုချက်များနှင့်ပတ်သက်ပြီး မိမိတို့အနေဖြင့် ထည့်သွင်းဖော်ပြသွားမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် ပြိုင်ပြီးမငြင်းလိုပါကြောင်း၊ မြေယာနှင့်ပတ်သက်ပြီး မိမိလည်း မကျွမ်းကျင်ပါကြောင်း၊ မြေယာနှင့်ပတ်သက်ပြီး လုပ်နေသည့် ပွဲစားလည်းမဟုတ်ကြောင်း၊ မိမိအနေဖြင့် မကျွမ်းကျင်ခြင်းကြောင့် သတင်းထောက်ကြီးနှင့် အပြိုင်မငြင်းလိုကြောင်း၊ ယခုသည် သတင်းစာရှင်းလင်းပွဲ လုပ်နေခြင်းဖြစ်ကြောင်း၊ သတင်းထောက်ကြီး ပြောသည့်ကိစ္စများကို မှတ်တမ်းတင်ပေးမည်ဖြစ်ကြောင်း၊ အဆိုပါကိစ္စနှင့်ပတ်သက်ပြီး ကျေနပ်သူများရှိသလို မကျေနပ်သူများလည်း ရှိခြင်းကြောင့် ဘက်နှစ်ဘက် ရှိနိုင်ကြောင်း၊ ပြည်သူလူထုကောင်းကျိုးအတွက် ပြောခြင်းကို မိမိတို့အနေဖြင့် လက်ခံကြောင်း၊ သို့သော်လည်း တစ်ဖက်တွင် ၎င်း၏ဝန်ထမ်းများ လုပ်ဆောင်နေရသည်များရှိကြောင်း၊ သမာခြင်း၊ မသမာခြင်းကို မိမိဆုံးဖြတ်နေခြင်း မဟုတ်ကြောင်း၊ သို့သော် အဆိုပါကိစ္စများနှင့်ပတ်သက်ပြီး သတင်းထောက်ကြီးပြောကြားသည်များကို ပြောပေးမည်၊ မှတ်တမ်းတင်ပေးသွားမည်ဖြစ်ကြောင်း၊ ပြိုင်ပြီးအငြင်းပွားရန် မဟုတ်ကြောင်း ပြန်လည်ဖြေကြားသည်။

**နိုင်ငံအကျိုးပြုသတင်းမီဒီယာမှ သတင်းအယ်ဒီတာ ကိုခန့်**က လက်ရှိဖြစ်ပေါ်လျက်ရှိသည့် နိုင်ငံရေးအခြေအနေကို တည်ငြိမ်အောင် နိုင်ငံတော်အစိုးရအနေဖြင့် အချိန်ကာလသတ်မှတ်ပြီး ဆောင်ရွက်နေပါသလား၊ မည်သည့်အချိန်ကာလ နောက်ဆုံးထားပြီး နိုင်ငံတော်တည်ငြိမ်အောင် ဆောင်ရွက်နေသည်ကို သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က အချိန်ကာလသတ်မှတ်ထားခြင်း မရှိပါကြောင်း၊ အချိန်ကာလသတ်မှတ်၍လည်း မရပါကြောင်း၊ ဖြစ်ပျက်နေသည့် အဖြစ်အပျက်၊ အကြောင်းအရာ မှန်သမျှသည် မိမိတို့အနေဖြင့် ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်လုံခြုံစေရေး၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးနှင့် ပြည်သူ့ဘဝ တည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့များအနေနှင့်ရော အစိုးရအနေဖြင့်ပါ အစွမ်းကုန်စွမ်းအားရှိသမျှ အမြန်ဆုံးတည်ငြိမ်အောင် ဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားသည်။

**နိုင်ငံအကျိုးပြုသတင်းမီဒီယာမှ သတင်းအယ်ဒီတာ ကိုခန့်**က နိုင်ငံရေးအကျပ်အတည်းကာလတွင် အစိုးရအောက်ခြေဝန်ထမ်းအချို့၏ အကျင့်ပျက်လာဘ်စားမှုကို လက်ရှိအစိုးရအနေဖြင့် မည်သို့ကိုင်တွယ်အရေးယူဆောင်ရွက်နေပါသလဲ သို့မဟုတ် တိတိကျကျအချက်အလက်များဖြင့် တိုင်ကြားပါက မည်သည့်ဌာနသို့ တိုင်ကြားရမည်ကို သိလိုကြောင်းမေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က တိုင်ကြားရမည့် ဌာနများရှိပါကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရှိပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများရှိပါကြောင်း၊ သက်ဆိုင်ရာ တိုင်းနှင့်ပြည်နယ် အစိုးရအဖွဲ့များရှိပါကြောင်း ယင်းဌာနများသို့ တိုင်ကြားနိုင်ကြောင်း ပြန်လည်ဖြေကြားသည်။

**နိုင်ငံအကျိုးပြုသတင်းမီဒီယာမှ သတင်းအယ်ဒီတာ ကိုခန့်**က နိုင်ငံတော်နှင့်ပြည်သူများအား ပိုမိုကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် စစ်မှုမထမ်းမနေရ စနစ်ကို မည်သည့်အချိန် မည်သည့်ကာလတွင် စတင်ကျင့်သုံးရန် ရည်ရွယ်ထားသည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း** က နိုင်ငံသားတစ်ယောက်အနေဖြင့် စစ်မှုထမ်းရမည်ဆိုလျှင် ထမ်းရမည်ဖြစ်ကြောင်း၊ နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်ကြောင်း၊ မိမိပြောလိုသည်မှာ စစ်မှုမထမ်းမနေရဥပဒေကို ပြဋ္ဌာန်းထားသည့် နိုင်ငံများရှိသကဲ့သို့ ပြဋ္ဌာန်းထားခြင်းမရှိသည့် နိုင်ငံများလည်းရှိကြောင်း၊ မြန်မာနိုင်ငံတွင် အခြေခံဥပဒေအရ နိုင်ငံသားတိုင်း စစ်မှုထမ်းရန်အတွက် တာဝန်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၁၀ ပြည့်နှစ်၊

*စာမျက်နှာ ၂၀ သို့*

# သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် ဆက်ကပ်ခံရသည့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်အား ဂုဏ်ပြုပူဇော်ပွဲသို့ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် တက်ရောက်ပူဇော်

**စစ်တွေ ဇန်နဝါရီ ၁၉**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရမှ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့ ဆက်ကပ်ခြင်းခံရသည့် ရခိုင်ပြည်နယ် စစ်တွေမြို့ ပညာမဏ္ဍိုင် ပရိယတ္တိစာသင်တိုက် ပဓာနနာယက၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် ဘဒ္ဒန္တက္ကန္ဒာဝုဓအား ဂုဏ်ပြုပူဇော်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၆ ရက်က အဆိုပါစာသင်တိုက် ဓမ္မမဏ္ဍိုင်ဆောင်၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာများ၊ အလှူရှင်များ တက်ရောက်ပူဇော်ကြသည်။

**ဆက်ကပ်လှူဒါန်း**

အခမ်းအနားတွင် ပြည်နယ်သြဝါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ စစ်တွေမြို့ နန္ဒာရာမပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တနန္ဒသိရီမဟာထေရ်မြတ်ထံမှ ပြည်နယ်ဝန်ကြီးချုပ် အမှူးပြုသော ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့ ဆက်ကပ်ခြင်းခံရသည့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်အား ဂုဏ်ပြုပူဇော်သည့် ဂုဏ်ပြုထောပနာစာတမ်းကို မင်းပြားမြို့ သုခိတာရုံကျောင်းတိုက် စာချဆရာတော်က ဖတ်ကြားပူဇော်ကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က သာသနာတော်ဆိုင်ရာ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်အား ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အလှူရှင်စေတနာရှင်များက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်အား ဂုဏပူဇာအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်းသိရသည်။ **(ယာပုံ)**

**တင်ထွန်း(ပြန်/ဆက်)**



*စာမျက်နှာ ၁၈ မှ*

နိုဝင်ဘာလတွင် ပြဋ္ဌာန်းပြီးဖြစ်ကြောင်း၊ အကြမ်းဖျင်းပြောရလျှင် အသက် ၁၈ နှစ်မှ ၃၅ နှစ်ကြားရှိသူများ စစ်မှုထမ်းရမည်ဖြစ်ကြောင်း၊ စစ်မှုထမ်းရာတွင် ၂ နှစ်၊ ၃ နှစ် အစဉ်အလိုက် စစ်မှုထမ်းရမှာဖြစ်ကြောင်း၊ စစ်မှုထမ်း ပြီးပါက ၂ နှစ် ၃ နှစ်ပြည့်လျှင် ပြည်သူ့စစ်မှုထမ်းဘဝမှ ထွက်ခွာ၍ရကြောင်း မထွက်ခွာလိုပါက ဆက်လက်အမှုထမ်းလိုလျှင် ၎င်း၏အဆင့်အလိုက် ပေးသွားမည်ဖြစ်ကြောင်း၊ ယင်းကိစ္စသည် မိမိတို့နိုင်ငံမှ ဥပဒေပြဋ္ဌာန်းထားပြီး မိမိတို့က လက်တွေ့မကျင့်သုံးသေးသည့် နိုင်ငံဖြစ်ကြောင်း၊ မိမိတို့ အိမ်နီးနားချင်းနိုင်ငံများကို ကြည့်မည်ဆိုပါက အိန္ဒိယနိုင်ငံသည် ပြည်သူ့စစ်မှုထမ်းဥပဒေ ပြဋ္ဌာန်းထားခြင်းမရှိကြောင်း၊ ဘင်္ဂလားဒေ့ရှ်သည်လည်း ပြဋ္ဌာန်းထားခြင်းမရှိကြောင်း၊ လာအိုက ပြဋ္ဌာန်းထားပြီး လက်တွေ့ကျင့်သုံးလျက်ရှိကြောင်း၊ ထိုင်းနိုင်ငံက ပြဋ္ဌာန်းထားပြီး ထိုင်းနိုင်ငံအနေဖြင့် မဲနှိုက်၍ကျင့်သုံးကြောင်း အနီမဲကျလျှင် စစ်မှုထမ်းရပြီး အနက်မဲကျလျှင် စစ်မှုမထမ်းရကြောင်း၊ တရုတ်နိုင်ငံက ပြဋ္ဌာန်းထားပြီး လက်တွေ့မကျင့်သုံးကြောင်း၊ မိမိတို့နိုင်ငံက ပြဋ္ဌာန်းထားပြီး လက်တွေ့မကျင့်သုံးကြောင်း၊ ပြဋ္ဌာန်းနိုင်ရန်အတွက် နိုင်ငံ၏အခြေအနေအရ ကာကွယ်ရေး၊ လုံခြုံရေးအခြေအနေအရ ကျင့်သုံးရန်လိုအပ်ပါက လက်တွေ့ကျင့်သုံးရန်ရှိပါကြောင်း၊ ပြဋ္ဌာန်းရန်အတွက် အဆင်သင့်ဖြစ်နေသည့် ဥပဒေဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**နေပြည်တော်တိုင်း(မ်)အွန်လိုင်းသတင်းအေဂျင်စီမှ သတင်းထောက် ဦးမင်းမောင်** က ကျန်းမာရေးနှင့်ပတ်သက်၍ မေးမြန်းလိုကြောင်း၊ ကိုဗစ်ရောဂါပိုး Omicron နှင့် ပတ်သက်ပြီး အမေရိကန်တွင် အတော်များများ မနိုင်မနင်းဖြစ်ပြီး တစ်ရက်တည်းတွင် တစ်သိန်းကျော် တွေ့ရှိရကြောင်း၊ ပါဝါအင်အားကြီးသည့် နိုင်ငံများတောင်မှ Omicronကို တော်တော်လေး အသည်းအသန်ကာကွယ်နေရကြောင်း၊ မိမိတို့ မြန်မာနိုင်ငံတွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲဌာန(ရန်ကုန်)၌ စစ်ဆေးရာတွင် ဓာတ်ခွဲအတည်ပြု Omicron ရောဂါပိုးတွေ့ရှိသူ ၄၂ ခုတွေ့ရှိရကြောင်း၊ နိုင်ငံခြားလေကြောင်းလိုင်းမှ ပါလာသူ UAE က ၃၂ ယောက်နှင့် နိုင်ငံခြားမှ မြန်မာနိုင်ငံအတွင်း ပါလာသည့် ကိုဗစ်ပိုးတွေ့ရှိသောလူနာများကို ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ထားခြင်းနှင့်ပတ်သက်၍ သိလိုကြောင်း မေးမြန်းသည်။

**ပြည်တွင်းကူးစက်မှု မတွေ့ရသေး**

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က နိုင်ငံခြားခရီးစဉ်မှ ပါလာသည့် ခရီးသည်များကို မိမိတို့အနေဖြင့် Quarantine ထားကြောင်း၊ ရောက်ရောက်ချင်း စစ်ဆေးမှုများ ပြုလုပ်ကြောင်း၊ ရောဂါပိုးတွေ့လျှင် ကုသရေးစင်တာများသို့ ပို့ကြောင်း၊ မတွေ့လျှင်လည်း Quarantine အပြည့်ထားကြောင်း၊ ယခင်က ကျန်းမာရေးဝန်ကြီးဌာနမှ ဖြေလျှော့ပြီး တစ်ပတ်သာထားကြောင်း၊ ယခု နှစ်ပတ်အပြည့်ထားကြောင်း၊ လုံးဝကင်းရှင်းမှ ပြန်လွှတ်ကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံတွင် Omicron ရောဂါနှင့် ပတ်သက်ပြီး ပြည်တွင်းကူးစက်မှု မတွေ့ရသေးကြောင်း၊ နိုင်ငံခြားမှ ပြန်လာသည့်သူများသာ တွေ့ရှိရကြောင်း၊ မိမိတို့အနေဖြင့် တိကျစွာ လိုက်နာလျက်ရှိကြောင်း ပြန်လည်ဖြေကြားသည်။

**လူတိုင်းကာကွယ်ဆေးထိုးနှံနိုင်ရေး ပူးပေါင်းဆောင်ရွက်ပေးကြရန် လိုအပ်**

အဆိုပါကိစ္စနှင့်ပတ်သက်၍ **ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦး**က ဒုတိယဝန်ကြီးဖြေကြားမှုများမှာ ပြည့်စုံပါကြောင်း၊ ထပ်ဖြည့်စရာ မရှိပါကြောင်း၊ ပြည်သူများအနေဖြင့် မိမိတို့၏ ကျန်းမာရေးဆိုင်ရာပြဋ္ဌာန်းချက်များကို လိုက်နာရန် လိုအပ်ပါကြောင်း၊ ပြည်ပနိုင်ငံများမှ ပြန်လာသည့်ပုဂ္ဂိုလ်များကိုလည်း Quarantine တိတိကျကျ စည်းကမ်းလိုက်နာရန်နှင့် ကိုဗစ်ကာကွယ်ရေးစည်းမျဉ်းများကို ဆောင်ရွက်ရန်လိုပါကြောင်း၊ ထို့အပြင် ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကိုလည်း ယခုဆိုလျှင် အသက် ၁၈ နှစ်အထက်ပြည်သူများကို ကာကွယ်ဆေးထိုးနေပြီဖြစ်သည့်အတွက် လူတိုင်းကာကွယ်ဆေးထိုးနှံနိုင်ရေးကိုလည်း ပူးပေါင်းဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း ဖြည့်စွက်ဖြေကြားသည်။

## သတင်းကြေညာချက်

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် ကမ်းလွန်လုပ်ကွက်အမှတ်၊ M–9 နှင့် M–3 တို့တွင် Geophysical Site Investigation (GSI) Survey လုပ်ငန်းများအား Survey Vessel “MV. PTSC Researcher” ဖြင့် ဆောင်ရွက်သွားမည့် တည်နေရာကို ဖော်ပြသည့် Coordinates များဖြစ်သော လုပ်ကွက်အမှတ်၊ M–3 တွင် Point ASK –12 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၅ မိနစ် ၅၈.၆၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၀ မိနစ် ၀၀.၈၃ စက္ကန့်၊ လုပ်ကွက်အမှတ်၊ M–9 တွင် Point GTK–42C မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၆ မိနစ် ၂၀.၀၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၅ မိနစ် ၂၉.၂၈ စက္ကန့်၊ Point KKN–71A မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၉ မိနစ် ၄၀.၅၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၉ မိနစ် ၀၅.၇၃ စက္ကန့်၊ Point ZTK –27/A မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၄ မိနစ် ၄၈.၆၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၀ မိနစ် ၄၈.၃၂ စက္ကန့်၊ Point GTK–41 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၄ မိနစ် ၁၉.၄၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၄ မိနစ် ၁၂.၅၃ စက္ကန့်၊ Point GTK–41G/D မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၉ မိနစ် ၂၅.၉၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၂ မိနစ် ၂၁.၄၆ စက္ကန့်၊ Point ZTK–29/A/B မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၆ မိနစ် ၀၈.၂၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၆ မိနစ် ၅၀.၈၈ စက္ကန့်၊ Point GTK –42A/43 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၉ မိနစ် ၄၈.၅၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၁ မိနစ် ၂၃.၂၃ စက္ကန့်၊ Point KKN–56CL မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၆ မိနစ် ၅၄.၇၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၈ မိနစ် ၄၃.၃၉ စက္ကန့်၊ Point GTK–10C မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၇ မိနစ် ၁၃.၆၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၆ မိနစ် ၀၇.၅၃ စက္ကန့်၊ Point KKN–70B/C မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၁ မိနစ် ၂၂.၇၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၇ မိနစ် ၄၅.၈၂ စက္ကန့်၊ Point SPA–1–Up Dip မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၉ မိနစ် ၁၅.၉၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၆ မိနစ် ၀၉.၉၉ စက္ကန့်၊ Point KKN–39B မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၀ မိနစ် ၅၅.၅၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၁ မိနစ် ၄၂.၈၆ စက္ကန့်၊ Point KKB–55CL မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၇ မိနစ် ၅၂.၉၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၆ မိနစ် ၄၄.၉၆ စက္ကန့်၊ Point ZTK –17C မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၂ မိနစ် ၀၃.၂၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၇ မိနစ် ၃၃.၆၉ စက္ကန့်၊ Point ZTK –32 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၁ မိနစ် ၃၂.၈၅ စက္ကန့် ၊အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၁ မိနစ် ၄၈.၈၁ စက္ကန့်၊ Point GTK –14A/14B မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၃ မိနစ် ၄၄.၅၉ စက္ကန့် ၊အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၆ မိနစ် ၄၄.၇၀ စက္ကန့်၊ Point GTK –37/39 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၉ မိနစ် ၅၃.၄၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၄ မိနစ် ၅၇.၄၄ စက္ကန့်၊ Point ZWP–19 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၅ မိနစ် ၁၇.၃၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၆ မိနစ် ၃၅.၇၉ စက္ကန့်၊ Point ZWP–16 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၅ မိနစ် ၂၀.၁၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၃ မိနစ် ၂၇.၃၈ စက္ကန့်၊ Point ZWP–17 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၁ မိနစ် ၀၄.၈၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၀ မိနစ် ၃၉.၇၇ စက္ကန့်၊ Point ZWP–18 မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၇ မိနစ် ၀၀.၁၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၆ မိနစ် ၀၅.၅၂ စက္ကန့်နှင့် Point ZWP–19 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၅ မိနစ် ၁၇.၃၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၆ မိနစ် ၃၅.၇၉ စက္ကန့်တို့အတွင်းတွင် ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့မှ ၂၀၂၂ ခုနှစ် မေလ ၂၅ ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ်၊ M–9 နှင့် M–3 တို့တွင် Geophysical Site Investigation (GSI) Survey လုပ်ငန်းများအား Survey Vessel "MV. PTSC Researcher" ဖြင့် လုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါ လုပ်ငန်းခွင်တည်နေရာများမှ ၄ ကီလိုမီတာ ပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်း မပြုလုပ်ကြရန် အသိပေးကြေညာပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**

# MPT ဒေတာအသုံးပြုခနှင့် ဆင်းကတ်သစ်များအတွက်ဝန်ဆောင်ခ ပြောင်းလဲမည်ဖြစ်ကြောင်း သုံးစွဲသူများအား အသိပေး

**ရန်ကုန် ဇန်နဝါရီ ၁၉**

ယခုနှစ် ဇန်နဝါရီ ၆ ရက်က ထုတ်ပြန်ခဲ့သည့် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေအရ MPT အသုံးပြုသူများ အနေဖြင့် အင်တာနက်ဒေတာသုံးစွဲမှုများ အတွက် ဝန်ဆောင်မှုနှုန်းထားနှင့် ဆင်းကတ် အသစ်များကို စတင်အသုံးပြုနိုင်ရန်ဆောင်ရွက် ပေးသည့်ဝန်ဆောင်မှု(SIM card activation) အပေါ်တွင် ပြောင်းလဲမှုများရှိမည်ဖြစ်ကြောင်း MPT က ဇန်နဝါရီ ၁၄ ရက်တွင် သတင်း ထုတ်ပြန်သည်။

ဥပဒေအရ ဆင်းကတ်အသစ်ကို စတင် အသုံးပြုနိုင်ရန်ဆောင်ရွက်သည့် ဝန်ဆောင်မှု အတွက် ကုန်သွယ်လုပ်ငန်းခွန်ကို တစ်ကြိမ် တည်း ကျပ် ၂၀၀၀၀ တိတိ ပေးဆောင်ရမည် ဖြစ်ပြီး မိုဘိုင်းလ်၊ ကြိုးဖုန်းနှင့် ဖိုင်ဘာ နည်း ပညာများဖြင့် အသုံးပြုသော အင်တာနက် ဒေတာသုံးစွဲမှုများအတွက် ကုန်သွယ်လုပ်ငန်း ခွန် ၁၅ ရာခိုင်နှုန်း ကျသင့်စေရမည်ဖြစ်၍ MPT အင်တာနက်ဒေတာ သုံးစွဲမှုများအတွက် ဝန်ဆောင်မှုနှုန်းထားများနှင့် ဆင်းကတ် အသစ် စတင်အသုံးပြုနိုင်ရန် ဆောင်ရွက်ပေး သည့် ဝန်ဆောင်မှုတွင် ပြောင်းလဲမှုများရှိမည် ဖြစ်ကြောင်း၊ ဖုန်းခေါ်ဆိုမှု(အသံ)နှင့် စာတို (SMS)သုံးစွဲမှုများအတွက်မူ အသုံးပြုခများ ပြောင်းလဲမှုမရှိဘဲ ယခင်အတိုင်း အသုံးပြုနိုင် မည်ဖြစ်ကြောင်းနှင့် မည့်သို့ပြောင်းလဲမည်ကို သုံးစွဲသူများနှင့် မိတ်ဖက်အဖွဲ့အစည်းများထံ အသိပေး အကြောင်းကြားသွားမည်ဖြစ် ကြောင်း ထုတ်ပြန်ထားသည်။

ပြည်တွင်းရှိ ဆက်သွယ်ရေးအော်ပရေတာ လေးခုအနက် တယ်လီနော‌မြန်မာကလည်း ဥပဒေပြင်ဆင်မှုသည် ဖုန်းခေါ်ဆိုမှုနှင့် စာတို ပေးပို့မှုများအတွက် အကျိုးသက်ရောက်မှု မရှိကြောင်း၊ ဒေတာသုံးစွဲမှုအတွက်မူ ဥပဒေ အရ ဝန်ဆောင်မှုနှုန်းထားများ ပြောင်းလဲမှု ရှိလာနိုင်ကြောင်းနှင့် မည့်သည့်အချိန်တွင် မည်သို့မည်ပုံ ပြောင်းလဲမှုများရှိလာနိုင်မည်ကို သုံးစွဲသူများနှင့် လက်လီအရောင်း ကိုယ်စား လှယ်များထံ အချိန်နှင့်တစ်ပြေးညီ ဆက်လက် အသိပေးသွားမည်ဖြစ်ကြောင်း၊ ဆက်သွယ်ရေး ဝန်ဆောင်မှု အော်ပရေတာများ အားလုံး အနေဖြင့်လည်း ပြင်ဆင်ပြောင်းလဲမှုများနှင့် သက်ဆိုင်ရာအိုင်တီစနစ်တို့ လိုက်လျောညီထွေ အောင် ပြင်ဆင်ပြောင်းလဲခြင်း မပြုနိုင်မီအချိန် အထိ ဆင်းကတ်အသစ်များရောင်းချမှုကို ရပ်တံ့ထားပြီးဖြစ်ကြောင်း ဇန်နဝါရီ ၈ ရက် ကတည်းက ထုတ်ပြန်ကြေညာထားသည်။ အခြားအော်ပရေတာနှစ်ခုဖြစ်သော မိုင်တဲလ် နှင့် အူရီဒူးမြန်မာတို့ကမူ ဆင်းကတ်ဈေးနှုန်းနှင့် အင်တာနက်ဒေတာအသုံးပြုခ ပြောင်းလဲမည့် ကိစ္စနှင့်ပတ်သက်၍ ဇန်နဝါရီ ၁၇ ရက်အထိ ထုတ်ပြန်ခြင်းမရှိသေးသည်ကို တွေ့ရသည်။

**ကိုစိုး**

## တက်ဘလက်တွေထဲမှာ ရွေးချယ်စရာအသစ်တစ်ခုဖြစ်တဲ့ ဆမ်ဆောင်းရဲ့ Galaxy Tab A8 2021

Galaxy Tab A8 2021 ဟာ ၁၀ ဒသမ ၅ လက်မအရွယ် မျက်နှာပြင် ရှိလို့ ဈေးကွက်ထဲမှာ Tab A8 10.5 2021 လို့ခေါ်ကြပြီး ၂၀၂၁ ဆိုပေမယ့် မော်ဒယ်အဟောင်းမဟုတ်ဘဲ ၂၀၂၁ ဒီဇင်ဘာ ၁၅ ရက်မှာ နိုင်ငံတကာ ဈေးကွက်မှာ စတင်မိတ်ဆက်ပြသခဲ့ပါတယ်။ ပြည်တွင်းဈေးကွက်ထဲ မှာတော့ ဇန်နဝါရီ ဒုတိယပတ်ထဲမှာမှ စတင်ရောင်းချတာဖြစ်ပါတယ်။ အရွယ်အစား၊ အရည်အသွေးနဲ့ ဈေးနှုန်းပိုင်းတွေအရ သင့်တော်လို့ တက်ဘလက်ဈေးကွက်ထဲမှာ ရွေးချယ်စရာတစ်ခုဖြစ်လာတဲ့ Galaxy Tab A8 2021 ရဲ့ အဓိကကျတဲ့အချက်တွေကို ဖော်ပြလိုက်ပါတယ်။

| | |
|---|---|
| မျက်နှာပြင်အကျယ် | ၁၀ ဒသမ ၅ လက်မ |
| Resolution | 1200 x 1920 pixels |
| အလေးချိန် | ၁ ဒသမ ၁၂ ပေါင် |
| ဆင်းကတ် | Nano-SIM |
| အန်းဒရွိုက်ဗားရှင်းနဲ့ UI | Android 11, One UI 3 |
| Chipset | Unisoc Tiger T618 (12 nm) |
| CPU | Octa-core |
| RAM နှင့် မင်မိုရီ | 3/32, 4/64, 4/128<br>မင်မိုရီကတ် ထပ်စိုက်နိုင် |
| ပင်မကင်မရာ | ၈ မဂ္ဂါပစ်ဇယ် |
| ဆယ်လ်ဖီကင်မရာ | ၅ မဂ္ဂါပစ်ဇယ် |
| စပီကာစနစ် | စတီရီယို စပီကာ ၄ လုံး |
| USB | Type-C 2.0 |
| ဘက်ထရီ | Li-Po 7040 mAh |
| အားသွင်းစနစ် | 15W အမြန်အားသွင်းစနစ် |



Galaxy Tab A8 2021 မှာ နည်းပညာအသစ်တွေ၊ ထူးခြားတဲ့ စွမ်းဆောင်ရည်တွေ မပါဝင်ပေမယ့် ပေ့ါပါးတဲ့အရွယ်အစား၊ ကောင်းမွန် တဲ့ ရုပ်ထွက်အရည်အသွေးနဲ့ စွမ်းဆောင်ရည်၊ မြင့်မားတဲ့ ဘက်ထရီ ပမာဏတွေကြောင့် နေ့စဉ်အသုံးပြုမှုအတွက် သင့်တော်တဲ့ တက်ဘလက် မော်ဒယ်သစ်တစ်ခုဖြစ်ပြီး ကိုယ်ထည်ဘေးဘက်မှာ Fingerprint Sensor ပါဝင်ခြင်းနဲ့ စတီရီယို စပီကာ လေးလုံး ပါဝင်ခြင်းတို့ကတော့ အားသာချက်တွေဖြစ်ပါတယ်။ နိုင်ငံတကာဈေးကွက်အတွက် RAM နဲ့ မင်မိုရီပမာဏ သုံးမျိုးခွဲပြီး ထုတ်ထားပေမယ့် လက်ရှိ ပြည်တွင်း ဈေးကွက်မှာတော့ 4/64 တစ်မျိုးတည်းကိုပဲ ရောင်းချသေးတာ တွေ့ရ ပါတယ်။ ကိုယ်ထည်အရောင်အနေနဲ့ မီးခိုးရောင်၊ ငွေရောင်နဲ့ ပန်းရောင် တွေရှိပြီး ဈေးနှုန်းက ကျပ် ၆၆၉၀၀၀ ဖြစ်ပါတယ်။

**ကိုစိုး**

Application Review

## ဖုန်းတိုင်းမှာထည့်ထားသင့်တဲ့ ၂၀၂၂ ခုနှစ် မြန်မာပြက္ခဒိန် အက်ပလီကေးရှင်း

ဒီအက်ပလီကေးရှင်းဟာ ၂၀၂၂ ခုနှစ်အတွက် မြန်မာပြက္ခဒိန်အဖြစ် အသစ်ထွက်ရှိလာတာဖြစ်ပေမယ့် ၂၀၂၂ တစ်နှစ်တည်းမဟုတ်ဘဲ ပြီးခဲ့တဲ့ ၂၀၂၁ ခုနှစ်ကနေ ၂၀၂၅ ခုနှစ်အထိ ငါးနှစ်စာ မြန်မာပြက္ခဒိန် ပါဝင်ပါတယ်။ ဒီပြက္ခဒိန်ထဲမှာ ၂၀၂၁-၂၀၂၅ ခုနှစ်အတွင်း မြန်မာရက်စွဲ၊ ရက်ရာဇာ/ပြဿဒါး၊ နဂါးခေါင်းလှည့် စတာတွေကို အသေးစိတ် ဖော်ပြ ထားပြီး ဥပုသ်နေ့တွေနဲ့ ရုံးပိတ်ရက်တွေကိုလည်း အရောင်၊ အစက်လေး တွေနဲ့ ခွဲခြားဖော်ပြထားလို့ အလွယ်တကူ ကြည့်နိုင်ပါတယ်။




ငါးနှစ်စာပြက္ခဒိန်ကြည့်ရုံအပြင် မြန်မာ-အင်္ဂလိပ်နဲ့ အင်္ဂလိပ်-မြန်မာ ရက်စွဲတွေလည်း ပြောင်းလဲတွက်ချက်နိုင်ပါတယ်။ အင်္ဂလိပ်ရက်စွဲ တစ်ခုကို ရိုက်ထည့်လိုက်ရုံနဲ့ မြန်မာရက်ကို ချက်ချင်းတွက်ပေးနိုင်သလို မြန်မာရက်စွဲတစ်ခုကို ရိုက်ထည့်လိုက်ရင်လည်း အင်္ဂလိပ်ပြက္ခဒိန် ရက်စွဲကို ချက်ချင်းတွက်ပေးနိုင်ပါတယ်။ ဒါ့အပြင် လက်ရှိခုနှစ်အတွက် မဟာဘုတ်ကို ကြည့်နိုင်ပြီး နှစ်အလိုက် မဟာဘုတ်ကိုလည်း တွက်နိုင်ပါတယ်။

ဒီအက်ပလီကေးရှင်းကို ပလေးစတိုးမှာ Myanmar Calendar Neon A လို့ ရိုက်ရှာနိုင်ပြီး အခမဲ့ဒေါင်းယူနိုင်ပါတယ်။ အန်းဒရွိုက်ဗားရှင်း 4.4 ကနေ 11 အထိ ဖုန်းတိုင်းမှာအသုံးပြုနိုင်ပြီး ဇန်နဝါရီ ၂ ရက်က ထပ်ထွက်ထားတဲ့ အပ်ဒိတ်မှာတော့ နောက်ဆုံးထွက် အန်းဒရွိုက်ဗားရှင်း ဖြစ်တဲ့ Android 12 မှာပါ အသုံးပြုနိုင်အောင် ပြုပြင်မှုတွေ လုပ်ပေးထား ပါတယ်။ ဖိုင်ဆိုက်က 6MB ပဲရှိပြီး တစ်ကြိမ်ဒေါင်းပြီးရုံနဲ့ အော့ဖ်လိုင်း အသုံးပြုနိုင်ပါတယ်။

**ကျော်ဇင်ဦး**

Game Review

## ရုပ်ထွက်အရည်အသွေးကောင်းမွန်ပြီး အော့ဖ်လိုင်းကစားနိုင်မယ့် Noblemen: 1896

ဒီဂိမ်းဟာ Shooting အက်ရှင်ဂိမ်း အမျိုးအစားဖြစ်ပေမယ့် မဟာဗျူဟာဂိမ်း အနေနဲ့လည်း ကစားလို့ရတဲ့ အော့ဖ်လိုင်း ဂိမ်း ဖြစ်ပါတယ်။ ဂိမ်းဇာတ်လမ်းက လွန်ခဲ့တဲ့နှစ် ၁၀၀ ကျော် ၁၈၉၆ ခုနှစ် ကာလကို အခြေခံထားလို့ ဂိမ်းထဲမှာပါတဲ့ လက်နက်တွေ၊ ယာဉ်တွေက ဂိမ်းအများစု မှာတွေ့ရတဲ့ လက်နက်တွေနဲ့ ကွဲပြား ခြားနားနေတာကိုက ဒီဂိမ်းရဲ့ ထူးခြား ချက်တစ်ခုဖြစ်ပါတယ်။

Shooting ဂိမ်းအနေနဲ့ ကစားမယ် ဆိုရင် ဂိမ်းကစားသူဟာ ခေတ်ဟောင်းက ယမ်းထိုးရတဲ့သေနတ်တွေ၊ အမြောက် တွေကိုသုံးပြီး လေသဘော်တွေ၊ လှေတွေ၊ မြင်းတပ်တွေနဲ့အတူ စစ်ပွဲထဲမှာ တိုက်ခိုက် ရမှာဖြစ်ပြီး မဟာဗျူဟာဂိမ်းအနေနဲ့ ဆိုရင်တော့ တိုက်ပွဲတစ်ခုလုံးရဲ့အနေ အထား၊ မြေပုံအနေအထားတွေကိုကြည့်ပြီး တိုက်ခိုက်မှုတွေကို စီစဉ်ရမှာဖြစ်ပါတယ်။

ဒီဂိမ်းဟာ ရုပ်ထွက်အရည်အသွေး အထူးကောင်းမွန်သလို ဟာ့ဒ်ဝဲလိုအပ် ချက်ကလည်း မြင့်ပါတယ်။ ဖုန်းရဲ့ GPU ပိုင်းဟာ အနိမ့်ဆုံး Adreno 400 သို့ မဟုတ် Mali-760၊ 860၊ 880 လောက်




ရှိရမှာဖြစ်ပြီး ဂရပ်ဖစ်မကောင်းတဲ့ဖုန်းတွေ မှာဆိုရင် အရုပ်တွေ ထစ်နေတာမျိုး ဖြစ်နိုင်ပါတယ်။ ဒီဂိမ်းကို ပလေးစတိုးမှာ Noblemen: 1896 Foursaken Media လို့ရှာပြီး ဒေါင်းနိုင်ပါတယ်။ ဖိုင်ဆိုက်က 700MB နီးပါးရှိပါတယ်။

**ကျော်ဇင်ဦး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ ဗညားဒလလမ်း၊ တိုက်အမှတ် (၁၉၃)၊ မြေညီထပ် (လက်ယာခြမ်း)၊ (တိုက်အားမျက်နှာမူ၍ကြည့်လျှင်ညာဘက်ခြမ်း) အကျယ်အဝန်း (၁၅ပေ× ၄၅ပေ)ခန့်ရှိ တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဒေါ်ရင်ကြည် (၁၀/မလမ(နိုင်)၀၈၆၁၅၀) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးအောင်မြင့်(၁၂/ပဘတ(နိုင်) ၀၂၄၇၈၅)ကဝယ်ယူရန်အတွက်စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

ဦးထိန်လင်းသန်း
LL.B, D.B.L, D.I.L, D.M.L,
တရားလွှတ်တော်ရှေ့နေ ( စဉ်–၈၈၈၂ )
Hein Htet San Law Firm

ဒေါ်ပြည့်ပြည့်ဖြိုး
LL.B, D.B.L, D.I.P.L,
တရားလွှတ်တော်ရှေ့နေ ( စဉ်–၁၄၂၀၄ )
ဖုန်း– ၀၉၅၅၀၄၂၆၅ ၊ ၀၉၄၅၀၀၁၇၁၃၆ ၊ ၀၉၄၂၈၀၂၀၃၆၉

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၅)၊ စောရန်နိုင်လမ်း၊ မြေကွက်အမှတ်(၂၃၅)၊ အကျယ်အဝန်း(၀.၀၅၈–ဧက)ရှိ ဦးစည်သူကျော် အမည်ပေါက် နှစ်(၆၀)ဂရန်မြေနှင့်အိမ်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဒေါ်နီလာဝင်း (၁၄/မအပ(နိုင်)၁၆၀၆၈၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက်စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

ဦးထိန်လင်းသန်း
LL.B, D.B.L, D.I.L, D.M.L,
တရားလွှတ်တော်ရှေ့နေ ( စဉ်–၈၈၈၂ )
Hein Htet San Law Firm

ဒေါ်ပြည့်ပြည့်ဖြိုး
LL.B, D.B.L, D.I.P.L,
တရားလွှတ်တော်ရှေ့နေ ( စဉ်–၁၄၂၀၄ )
ဖုန်း– ၀၉၅၅၀၄၂၆၅ ၊ ၀၉၄၅၀၀၁၇၁၃၆ ၊ ၀၉၄၂၈၀၂၀၃၆၉

# ဘုန်းကြီးကျောင်းများ၊ Church ကျောင်းများနှင့် ကိုဗစ်–၁၉ စင်တာများသို့ ထောက်ပံ့လှူဒါန်း

**နေပြည်တော် ဇန်နဝါရီ ၁၉**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ဘုန်းကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ကုလားပဲ အမယ်သုံးမျိုးကို ရဟန်း၊ သာမဏေများအတွက် ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းမှုအပြင် မြိတ်ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးစံနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ဒုတိယဦးစီးမှူး ဦးဝင်းဘိုဘိုထွန်းတို့သည် ဇန်နဝါရီ ၁၉ ရက်က မြိတ်မြို့ မဇောကျေးရွာအုပ်စု အရှေ့ပျဉ်ချောင်းကျေးရွာရှိ ကက်သလစ်ခရစ်ယာန်ဘုရားရှိခိုးကျောင်းသို့ ဆန်၊ ဆီ၊ ကုလားပဲပစ္စည်းများကို ထောက်ပံ့လှူဒါန်းရာ ဘုရားသာ ဦးစိုးကိုကို၊ ဆရာမ ဒေါ်တိုးတိုးလွင်တို့က လက်ခံရယူသည်။ နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် တနင်္သာရီတိုင်းဒေသကြီးနှင့် ခရိုင်/မြို့နယ်များရှိ ဘုန်းတော်ကြီးကျောင်း၊ Church ကျောင်းများနှင့် ကိုဗစ်–၁၉ ကုသရေးစင်တာများသို့လည်း ဆက်လက်ထောက်ပံ့လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြိတ်နှင့် ဟိုပုံးမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၉**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၇ ရက် ည ၁၀ နာရီတွင် မြိတ်မြို့နယ် မြိတ်တောင်ကျေးရွာအုပ်စု အင်းလေးမြိုင် (၅) ရပ် ရွှေပြည်တန်လမ်းမကြီးတွင် နေမျိုးအောင် မောင်းနှင်ပြီး ထက်ဇော်ထွန်း လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ ကိုလည်းကောင်း။

အလားတူ ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၈ ရက် ည ၇ နာရီ ၄၅ မိနစ်တွင် မြိတ်မြို့ ကန်ကြီးရပ်ကွက်တွင် လွင်မျိုး မောင်းနှင်ပြီး ရဲထွဋ်အောင် လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ ကိုလည်းကောင်း၊ ထို့အတူ ယင်းနေ့ ညနေ ၄ နာရီ မိနစ် ၅၀ တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဟိုပုံးမြို့နယ် ဖက်ရမ်းကျေးရွာအုပ်စု လွယ်ဝိုးတုတ်ကျေးရွာအနီး ဟိုပုံး–လွိုင်လင်သွားကားလမ်းတွင် လင်းဝေဦး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



လွင်မျိုးနှင့် ရဲထွဋ်အောင်တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

## ကြော်ငြာစာ

**အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ – ၃၀၇**
**ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံးတော်၌**
**၂၀၂၂ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် – ၂**

ကွယ်လွန်သူ ဦးလှိုင်အေး(ခ)ဦးမြင့်အောင်၏ကျန်ရှိရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု

၁။ ဒေါ်ခင်မာလာအောင် ------ လျှောက်ထားသူများ
(ကိုယ်တိုင်အပြင် အမှတ်စဉ် (၂) (၃) (၄) လျှောက်ထားသူတို့၏အထွေထွေကိုယ်စားလှယ်လွှဲစာရသူ)
၂။ ဒေါ်အေးသန္တာမြင့်
၃။ ဒေါ်အေးသန္တာအောင် (ခ) ဒေါ်အဂ္ဂဝေမာ
၄။ ဦးစိုင်းဇော်ဇော်အောင်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ အမှတ် (၄) ရပ်ကွက်၊ မြောင်းတကာကျေးရွာအုပ်စု၊ ရွှေကျွန်းတောလမ်းတွင်နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးလှိုင်အေး(ခ) ဦးမြင့်အောင်၏ ကျန်ရှိရစ်သော ပစ္စည်းများအပေါ်တွင် အမွေထိန်းလက်မှတ်စာရရှိသူ ဒေါ်ခင်မာလာအောင်ပါ(၄) ဦးသည် ရန်ကုန်တိုင်းဒေသကြီး၊ မြောင်းတကာကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်–၆၆၁ᴬ၊ ဇာမနီတောင်၊ ဦးပိုင်လုပ်ကွက်အမှတ်–၅၊ လယ်မြေအမျိုးအစား၊ အမည်ပေါက်–ဦးလှိုင်အေး (ခ) ဦးမြင့်အောင်အမည်ဖြင့် ပုံစံ (၇) ရရှိထားသောဧရိယာ (၉.၆၁) ဧက၏အကျိုးခံစားခွင့်အရပ်ရပ်တို့ကို စီမံခန့်ခွဲဆောင်ရွက်နိုင်ခွင့်ရလိုကြောင်း လျှောက်ထားလာသည်ဖြစ်၍ ထိုလျှောက်ထားမှုကို ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၁)ရက်၊ (၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း (၁) ရက်) နံနက် (၁၀) နာရီ၌ ကြားနာရန်ချိန်းဆိုထားသောကြောင့် ထိုကွယ်လွန်သူ ဦးလှိုင်အေး (ခ) ဦးမြင့်အောင်၏ ကျန်ရှိရစ်သောပစ္စည်းတွင် အကျိုးစီးပွားတစ်ခုခုသက်ဝင်သည်ဟု အဆို ရှိသူတို့သည် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်၊ (၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း (၁) ရက်) နံနက် (၁၀:၀၀) နာရီ၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့နည်းလမ်းတကျ လွှဲအပ်ထားသော ကိုယ်စားလှယ်တစ်ဦးဦးဖြင့်သော်လည်းကောင်း၊ လာရောက်၍ ခိုင်လုံသောအထောက်အထားများတင်ပြ ကန့်ကွက်နိုင်ကြောင်း ဆင့်ဆိုလိုက်သည်။ ယင်းကဲ့သို့ လာရောက်ရန်ပျက်ကွက်ခဲ့လျှင် တရားရုံးက လျှောက်ထားသူ ဒေါ်ခင်မာလာအောင်ပါ (၄) ဦး၏ လျှောက်လွှာအပေါ် စစ်ဆေးကြားနာ၍ စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ( ၁၂ ) ရက်နေ့တွင် ဤရုံးတံတော်ဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

( ချစ်ကိုကို )
တွဲဖက်ခရိုင်တရားသူကြီး ( ၃ )
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး

## ကန့်ကွက်နိုင်ပါကြောင်း

ဟသ်ာတမြို့၊ မြဝတီရပ်ကွက်၊ အကွက်အမှတ်(၃၇)၊ ကနောင်စုအနောက်ရပ်၊ ဦးပိုင်အမှတ်(၉၉၄)၊ ဧရိယာ(၀.၀၅၅)ဧကရှိမြေကို ဦးကျော် သူဇော် အမည်ဖြင့်မြေပေးမိန့်ထုတ်ပေးပါရန်လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ဟသ်ာတမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အကျိုးအကြောင်းဖော်ပြ၍ ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါ သည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ဟသ်ာတမြို့

## ဖခင်အမည်မှန်

ဟသ်ာတမြို့နယ်၊ ကရင်အင်းကျေးရွာအုပ်စု၊ ဗန်းမော်အင်း ကျေးရွာနေ စောစိုးမြင့် ၁၄/ဟသတ(နိုင်)၀၈၉၂၈၄ ၏ ဖခင်အမည်မှန်မှာ စောပန်းစိန်ဖြစ်ပါသည်။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးမြို့၊ အလက(ခွဲ)ဥဿာမှ မူလတန်းပြဆရာ ဦးမောင်မောင်ဝင်း နှင့် ဦးမောင်မောင်ဝင်း(ခ)ဦးမောင်ဝင်း ၇/သနပ(နိုင်)၀၄၆၃၇၄ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးမောင်မောင်ဝင်း(ခ)ဦးမောင်ဝင်း

## အမည်ပြောင်း

ဦးဝင်းရီ၏သမီး ရခိုင်ပြည်နယ်၊ သံတွဲမြို့ အထက(၂) သတ္တမတန်းမှ မဝင်းမေလေး အား မအိရွှေဇင်ဖြိုး ဟု ပြောင်းလဲခေါ်ပါရန်။

မအိရွှေဇင်ဖြိုး

## ဖခင်အမည်မှန်

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ အထက(ငန်းစပ်) grade–10 မှ မသွယ်ဇင်နှင်း၏ ဖခင်ဦးကိုယ်၏ အမည်မှန်မှာ ဦးမောင်ငယ် ၉/လဝန(နိုင်) ၂၀၄၆၈၃ ဖြစ်ပါကြောင်း။

ဦးမောင်ငယ်

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9G/9852 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

## ဖခင်အမည်မှန်

အောင်လံမြို့နယ်၊ အထက(၁) သတ္တမတန်း အခန်း(E)မှ မောင်ချမ်းမင်းပြည့်၏ ဖခင်အမည်မှန်မှာ ဦးမင်းမင်းထွန်း ဖြစ်ပါကြောင်း။

ဦးမင်းမင်းထွန်း

## အလိမ္မာ စာမှာရှိ

## အထူးကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်းကြေညာခြင်း

ကျွန်တော် ဦးကြည်ခိုင်(ဘ)ဦးပု (PNA–၂၇၄၄၂)နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၊ တပင်ရွှေထီးရပ်ကွက်၊ မြေကွက်အမှတ် (ပစ(င)၂၄၇၄) ပေ(၄၀x၆၀)နှင့်ပတ်သက်၍ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မှတ်ပုံတင်အမှတ်(၄၂၄)၁၄–၃–၂၀၁၃ ရက်စွဲဖြင့် ဦးစိုးဝင်း(ဘ)ဦးလှ ၉/ဝတန(နိုင်) ၀၅၈၄၃၃သို့လွှဲအပ်ထားသော အထူးကိုယ်စားလှယ်လွှဲစာကို ၁၈–၆–၂၀၂၀ရက်မှစ၍ အပြီးအပိုင် ရုပ်သိမ်းပါကြောင်း အသိပေးကြေညာလိုက်ပါသည်။

ဦးကြည်ခိုင် (PNA–၂၇၄၄၂)(ဖုန်း–၀၉–၇၉၇၆၄၅၂၉၄)

## တစ်ဦးတည်းပိုင်ဆိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ပျဉ်းမနားမြို့၊ ရွာကောက်အုပ်စု၊ ရမည်းသင်းစုရပ်၊ ပြည့်စုံလမ်း၊ အမှတ် (၅/၆၅)တွင် နေထိုင်သူ ကျွန်ုပ်၏မိတ်ဆွေ ဦးတင်ဝင်းမြင့်(ဘ)ဦးဆယ်မောင် ၉/ပမန(နိုင်)၀၅၅၆၈၄ ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်–

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ပျဉ်းမနားမြို့၊ ရွာကောက်အုပ်စု၊ ရမည်းသင်းစုရပ်၊ ပြည့်စုံလမ်း၊ အမှတ် (၅/၆၅)ဟု ခေါ်တွင်သော ဘိုးဘွားပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ R.C နှစ်ထပ်တိုက်(၁)လုံး၊ အဆိုပါမြေကွက်ပေါ်ရှိ မြေပေါ်မြေအောက်အကျိုး ခံစားခွင့်အရပ်ရပ်တို့သည် မည်သူတစ်ဦးတစ်ယောက်နှင့်မျှမသက်ဆိုင်သလို မည်သူတစ်ဦးတစ်ယောက်ကမျှလည်း ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းပေးခြင်းတစ်စုံတစ်ရာပြုလုပ်ခွင့်ပေးမည်မဟုတ်ကြောင်းနှင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးတင်ဝင်းမြင့် ၉/ပမန(နိုင်) ၀၅၅၆၈၄ တစ်ဦးတည်းသာ တရားဝင်လက်ရှိပိုင်ဆိုင်လျက်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးမင်းမင်းထွန်း (LL.B) အထက်တန်းရှေ့နေ (စဉ်–၄၇၉၁၁)
နယ်မြေ (၆)၊ ရန်အောင် (၂)ရပ်ကွက်၊ ပျဉ်းမနားမြို့၊ ဖုန်း–၀၉–၄၄၈၅၄၈၄၅၇

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၆)ရပ်ကွက်၊ ငုဝါမြိုင်လမ်း၊ မြေကွက်အမှတ်(၁၆၈)၊ ပေ (၂၀ x ၆၀)အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်အေးမာ ၈/ခမန(နိုင်) ၁၅၅၆၇၇ ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်ယမင်းအေး ၁၂/ဒဂမ(နိုင်)၀၁၇၀၂၈ က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အိမ်မြေနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးရဲဝင့်နောင်(LL.B)
(အထက်တန်းရှေ့နေ၊ စဉ်–၄၁၀၂၇)
ဖုန်း–၀၉–၅၀၇၁၄၃၁

ဒေါ်ဇာခြည်လှိုင်(LL.B, D.I.L)
အထက်တန်းရှေ့နေ(စဉ်–၅၃၉၃၅)
ရှေ့နေများရုံးခန်း၊ စုပေါင်းရုံးကြီး၊ အင်းစိန်မြို့နယ်

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ မေတ္တာမွန်လမ်း၊ အမှတ် (၅/A)နေ ဦးဝင်းငွေး ၁၂/မဘန(နိုင်) ၀၂၆၉၈၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ တပ်ကြီးကုန်းကျေးရွာအုပ်စု၊ ပေတရာပိုင်းရှိ ကွင်းအမှတ် (၅၈၄)၊ ဦးပိုင်အမှတ် (၂၃/၁၃) အိမ်အမှတ် (၇၀) ဧရိယာ (၃၅ x ၈၅)ပေ R.C.C (၁)ထပ်တိုက် အိမ်ခြံမြေနှင့် အိမ်အမှတ်(၇၀/က) ဧရိယာ (၁၅ x ၉၀)ပေရှိ (၂)ထပ် အုတ်သစ်ညှပ်အိမ်ခြံမြေများကို ဦးဝင်းငွေး ၁၂/မဘန(နိုင်) ၀၂၆၉၈၅ ကိုင်ဆောင်သူမှာ တရားဝင်အမည်ပေါက်ပိုင်ဆိုင်ထားပါသည်။ ထိုသို့ အမည်ပေါက်ပိုင်ဆိုင်ကြောင်းကို ဌာနဆိုင်ရာ အသီးသီးမှလည်း သိရှိကြပါသည်။ အထက်ပါ အိမ်ခြံမြေအား ကျွန်ုပ်၏မိတ်ဆွေ ပိုင်ဆိုင်နေပါ၍ ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်မရှိဘဲ မည်သူမျှ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်းခြင်း၊ အမည်ပြောင်းလဲခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများကို မပြုပါရန်နှင့် ဦးဝင်းငွေး တစ်ဦးတည်းသာ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးရဲဝင့်နောင်(LL.B)
(အထက်တန်းရှေ့နေ၊ စဉ်–၄၁၀၂၇)
ဖုန်း–၀၉–၅၀၇၁၄၃၁

ဒေါ်ဇာခြည်လှိုင်(LL.B, D.I.L)
အထက်တန်းရှေ့နေ(စဉ်–၅၃၉၃၅)
ရှေ့နေများရုံးခန်း၊ စုပေါင်းရုံးကြီး၊ အင်းစိန်မြို့နယ်

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**ပြင်ဦးလွင်မြို့နယ်ရားရုံး**
**၂၀၂၂ခုနှစ် တရားမကြီးမှုအမှတ်–၁**

| | | |
|---|---|---|
| ၁။ ဒေါ်ခင်အေးမူ | နှင့် | ၁။ ဦးဆန်နီ |
| ၂။ ဒေါ်မေဝင်းမောင် | | ၂။ ဦးမြင့်ဆွေ |
| (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးကျော်ကိုကိုသက်) | | |
| **တရားလိုများ** | | **တရားပြိုင်များ** |

ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၈)၊ လမ်းသွယ်(၃)၊ အမှတ်(၁/၂၈)နေ (၁) တရားပြိုင် ဦးဆန်နီနှင့် (၂)တရားပြိုင် ဦးမြင့်ဆွေ(ယခုနေရပ်လိပ်စာမသိသူများ)သိ စေရမည်။

သင်တို့အပေါ်၌ တရားလို ဒေါ်ခင်အေးမူနှင့် ဒေါ်မေဝင်းမောင်(၎င်းတို့၏အခွင့်ရ ကိုယ်စားလှယ် ဦးကျော်ကိုကိုသက်)က မှတ်ပုံတင်စာချုပ်ချုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်ကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၂ခုနှစ် ဖေဖော်ဝါရီ ၇ရက်(၁၃၈၃ခုနှစ် တပို့တွဲလဆန်း ၇ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည် ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာ၌ ငြင်းချက်ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေအမှီပြုလို သည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်း မဟုတ် သင့်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာ တင်သွင်းလို လျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(မေလင်းထူး)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
ပြင်ဦးလွင်မြို့နယ်တရားရုံး

# အဲဗာတန်အသင်း နည်းပြသစ်အဖြစ် ရွှန်းနီ သို့မဟုတ် လမ်းပတ်ကို ခေါ်ယူရန် ပစ်မှတ်ထားလာ

ပရီမီယာလိဂ်ကလပ် အဲဗာတန်အသင်းသည် အသင်းရလဒ်များ ဆိုးရွားလာသည့်အတွက် ဘင်နီတက်ဇ်ကို နည်းပြအဖြစ်မှ ထုတ်ပယ်လိုက်ပြီး ဘယ်လ်ဂျီယံအသင်း နည်းပြဖြစ်သူ ရော်ဘတ်တို မာတီနက်ဇ်ကို ခေါ်ယူရန် ကမ်းလှမ်းခဲ့သော်လည်း မအောင်မြင်ခဲ့သောကြောင့် ယခုအခါ ဝိန်းရွှန်းနီ သို့မဟုတ် ဖရန့်လမ်းပတ်ကို ခေါ်ယူရန် ပစ်မှတ်ထားလာသည်။

အသက် ၄၃ နှစ်အရွယ်ရှိ လမ်းပတ်သည် ၂၀၂၁ ခုနှစ် ဇန်နဝါရီတွင် ချယ်ဆီးအသင်းက ထုတ်ပယ်လိုက်ပြီးနောက် အသင်းလက်မဲ့နေသူလည်း ဖြစ်သည်။ ၎င်းသည် ချယ်ဆီးအသင်းကို တာဝန်ယူကိုင်တွယ်စဉ် ၈၄ ပွဲ ကိုင်တွယ်ခဲ့ပြီး ၄၄ ပွဲနိုင်၊ ၁၇ ပွဲသရေနှင့် ၂၃ ပွဲ ရှုံးနိမ့်ထားသည်။

မန်ယူနှင့် အဲဗာတန် တိုက်စစ်မှူးဟောင်း ရွှန်းနီ ၃၆ နှစ်သည် လက်ရှိတွင် ချန်ပီယံရှစ်ကလပ် ဒါဘီအသင်းကို တာဝန်ယူကိုင်တွယ်နေပြီး လက်ရှိအချိန်အထိ ၆၅ ပွဲ တာဝန်ယူ ကိုင်တွယ်ထားကာ ၁၈ ပွဲနိုင်၊ ပွဲ ၂၀ သရေနှင့် ၂၇ ပွဲ ရှုံးနိမ့်ထားသည်။

လက်ရှိတွင် အဲဗာတန်အသင်းသည် အသင်း၏ ယာယီနည်းပြတာဝန်ကို ဒွန်ကန် ဖာဂူဆန်က တာဝန်ယူသွားဖွယ် ရှိနေသည်။ အဲဗာတန်အသင်းသည် ပရီမီယာလိဂ် နောက်ဆုံးယှဉ်ပြိုင်ကစားထားသည့် လေးပွဲတွင် နိုင်ပွဲရရှိထားခြင်းမရှိဘဲ တစ်ပွဲသရေနှင့် သုံးပွဲ ရှုံးနိမ့်ထားသည်။ ထို့ကြောင့် အဲဗာတန်အသင်းသည် ပရီမီယာလိဂ် ၁၉ ပွဲ ကစားပြီး ရမှတ် ၁၉ မှတ်ဖြင့် တန်းဆင်းဇုန်နှင့် ခြောက်မှတ်အကွာတွင် ရပ်တည်နေသည်။

အဲဗာတန်အသင်းသည် လာမည့် ပွဲစဉ်အဖြစ် ဇန်နဝါရီ ၂၂ ရက်တွင် အက်စ်တွန်ဗီလာအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**အောင်ဇော်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
## ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန
## နေပြည်တော်
## အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်း စာရင်းအင်းနှင့် စစ်ဆေးရေး ဦးစီးဌာန တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ အမှုထမ်းရာထူးများ အတွက် သတ်မှတ်ထားသော အရည်အချင်းပြည့်မီသူများလျှောက်ထားနိုင်ပါသည်-

| စဉ် | ခန့်ထားမည့်ရာထူး/ လစာနှုန်း (ကျပ်) | ခန့်ထားမည့် ဦးရေ | ပညာအရည်အချင်း |
|---|---|---|---|
| က | ကွန်ပျူတာလုပ်ဆောင်ရေးမှူး ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | (၄နေရာ (ကျား/မ) | ကွန်ပျူတာတက္ကသိုလ် တစ်ခုခုမှ ဘွဲ့ရရှိသူ |
| ခ | စစ်ဆေးရေးမှူး-၂ ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | (၈) နေရာ (ကျား) | အင်ဂျင်နီယာဘွဲ့ရရှိသူ B.E(Mechanical,Electrical, Electronics, Mechatronic) |
| ဂ | အငယ်တန်းစာရေး ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | (၄) နေရာ (ကျား/မ) | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ |

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) ၃၁-၁-၂၀၂၂ ရက်နေ့တွင် ပြင်ပပုဂ္ဂိုလ်ဖြစ်ပါကအသက် (၃၀) နှစ်၊ ဝန်ထမ်းဖြစ်ပါက အသက် (၃၅) နှစ် ထက် မကျော်လွန်သူ ဖြစ်ရမည်။

(ဂ) ရွေးချယ်ရာတွင် ကွန်ပျူတာကျွမ်းကျင်စွာအသုံးပြုနိုင်သူဦးစားပေးမည်။

(ဃ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(င) ရွေးချယ်ခြင်းခံရပါက ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီး ဌာနတွင် အနည်းဆုံး (၃) နှစ် တာဝန်ထမ်းဆောင်နိုင်ရမည်။

၃။ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့်သာ လျှောက်ထားရမည်။ သတ်မှတ်လျှောက်လွှာပုံစံကို ဤဝန်ကြီးဌာန၏ Website ဖြစ်သည့် www.mopf.gov.mm တွင် Download ရယူ၍ လည်းကောင်း၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ် (၃၂-D)၊ နေပြည်တော်နှင့် သဇင်ရုံလမ်း၊ (၅) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်ရှိ ပစ္စည်းထိန်းဌာနခွဲ (ရန်ကုန်) ရုံးတို့တွင် ရုံးချိန်အတွင်း အခမဲ့လာရောက်ထုတ်ယူ၍ လည်းကောင်း လျှောက်ထားနိုင်ပါသည်။

၄။ လျှောက်ထားသူသည် လျှောက်လွှာနှင့်အတူ အောက်ပါအထောက်အထားများ ပူးတွဲလျက် ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန၊ရုံးအမှတ်(၃၂-D)၊ နေပြည်တော်သို့ ပေးပို့ရမည်-

(က) ငွေသွင်းချလန်(မူရင်း)၊

(ခ) ဘွဲ့လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်၊ စာမေးပွဲ ဖြေဆိုသည့်အခါ ဘွဲ့လက်မှတ်မူရင်း တင်ပြရန်)၊

(ဂ) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်းအောင် လက်မှတ် မိတ္တူ (သို့မဟုတ်) နောက်ဆုံးပညာသင်ကြားခဲ့သည့် ကျောင်း ထောက်ခံချက်၊

(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊

(င) သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းတို့မှ လျှောက်လွှာပိတ်ရက် မတိုင်မီ (၁) လ အတွင်း အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း၊ ပါတီနိုင်ငံရေး ကင်းရှင်း ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်းထောက်ခံချက် (မူရင်း)၊

(စ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁) လအတွင်း ရိုက်ကူးထားသော ရောင်စုံ လိုင်စင်ဓါတ်ပုံ(၃)ပုံ(နောက်ကျောတွင်အမည်၊နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်ဖော်ပြရန်)၊

(ဆ) ဝန်ထမ်းမဟုတ်သူများအတွက် သက်တမ်းရှိသော အလုပ်သမားမှတ်ပုံတင် ကတ်ပြားမိတ္တူ (ဖြေဆိုခွင့်ကတ်ပြား ထုတ်ယူချိန်တွင် မူရင်းတင်ပြရန်)၊

(ဇ) ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ် ဆရာဝန်၏ (၁) လအတွင်း ဆေးစစ်ထောက်ခံချက်မူရင်း။

၅။ စာမေးပွဲဝင်ကြေး ကျပ် (၁၀၀၀/-) (ကျပ်တစ်ထောင်တိတိ) ကို နီးစပ်ရာ မြန်မာ့ စီးပွားရေး ဘဏ်မှတစ်ဆင့် နေပြည်တော်၊ မြန်မာ့စီးပွားရေးဘဏ်ရှိ ဗဟိုစက်ပစ္စည်း စာရင်းအင်းနှင့် စစ်ဆေးရေး ဦးစီးဌာန၊ ငွေစာရင်းအမှတ်၊ MD-010970 သို့ ပေးသွင်း ရပါမည်။

၆။ ဝန်ထမ်းမဟုတ်သူများသည် လျှောက်လွှာများကို ညွှန်ကြားရေးမှူးချုပ်၊ ဗဟိုစက် ပစ္စည်း စာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ်(၃၂ - D)၊ နေပြည်တော်သို့ လိပ်မူပြီး လူကိုယ်တိုင် သော်လည်းကောင်း၊ စာတိုက်မှ မှတ်ပုံတင်၍သော်လည်းကောင်း ၈-၂-၂၀၂၂ ရက် (အင်္ဂါနေ့) အရောက် နောက်ဆုံးထား၍ လျှောက်ထားရမည်။ လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသော လျှောက်လွှာများ၊ အချက်အလက် မပြည့်စုံသော လျှောက်လွှာများ၊ သတ်မှတ်အရည်အချင်းနှင့် မကိုက်ညီသူများကို လက်ခံထည့်သွင်း စဉ်းစားမည် မဟုတ်ပါ။

၇။ ဝန်ထမ်းဖြစ်ပါက အပိုဒ် (၄) ပါ အထောက်အထားများပါရှိသော လျှောက်လွှာ တစ်စောင်ကို မိမိတာဝန်ထမ်းဆောင်နေသည့် ဌာနအကြီးအကဲ ထောက်ခံချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာန မှတစ်ဆင့် ဤဦးစီးဌာနသို့ ၈-၂-၂၀၂၂ ရက် (အင်္ဂါနေ့) နောက်ဆုံးထားပေးပို့ရန်ဖြစ်ပြီး၊ ကြိုတင် လျှောက်လွှာ မိတ္တူ (၁) စောင်ကို ဤဦးစီးဌာနသို့ တိုက်ရိုက်ပေးပို့ရန်ဖြစ်ပါသည်။

၈။ ဖြေဆိုခွင့်ကတ်ပြားကို ၁၇-၂-၂၀၂၂ ရက်(ကြာသပတေးနေ့)မှ ၁၈-၂-၂၀၂၂ ရက် (သောကြာနေ့) အထိ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ် (၃၂- D)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူရမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲကို ၁၉-၂-၂၀၂၂ ရက် (စနေနေ့) တွင် နေပြည်တော်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ဖြေဆိုရမည့် ရေးဖြေစာမေးပွဲ ဘာသာရပ်များမှာ မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေ ဗဟုသုတ တို့ဖြစ်ပါသည်။

၉။ ရေးဖြေစာမေးပွဲ အောင်မြင်သူများကို ၄-၃-၂၀၂၂ ရက် (သောကြာနေ့) တွင် www. mopf. gov.mm Website တွင် ထုတ်ပြန်ကြေညာသွားမည်ဖြစ်ပြီး ကွန်ပျူတာ စစ်ဆေးခြင်းကို ၁၀-၃-၂၀၂၂ ရက် (ကြာသပတေးနေ့)တွင်လည်းကောင်း၊ လူတွေ့ စစ်ဆေးခြင်းကို ၁၁-၃-၂၀၂၂ ရက် (သောကြာနေ့) တွင်လည်းကောင်း ကျင်းပပြုလုပ် မည် ဖြစ်ပါသည်။

၁၀။ အသေးစိတ်သိရှိလိုပါက ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ် (၃၂- D)၊ နေပြည်တော်၊ တယ်လီဖုန်းအမှတ်၊ ၀၆၇-၃၄၀၆၃၂၂၊ ၀၆၇- ၃၄၀၆၁၁၆၊ ၀၆၇-၃၄၀၆၀၈၈ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးကိုဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး
## ၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ်-၃၉၁

HOKU Company Co.,Ltd (၎င်းကိုယ်စားဦးကျော်ကျော်လွင်-ဒါရိုက်တာ) **တရားလို** နှင့် TRENDS DESIGN FURNISHING Co.,Ltd **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန်(၂)၊ ဦးတရုတ်ကြီးလမ်း၊ အမှတ်(၁၄၆)နေ တရားပြိုင် TRENDS DESIGN FURNISHING Co.,Ltd(ယခုနေရပ် လိပ်စာ မသိ)သိစေရမည်။

သင့်အပေါ်၌တရားလိုက အမေရိကန်ဒေါ်လာ USD-37355.56နှင့်ညီမျှသော မြန်မာကျပ်ငွေ ၅၆၉၆၇၂၂၉(ကျပ်သိန်းငါးရာခြောက်ဆယ့် ကိုးသိန်းခြောက်သောင်းခု နစ်ထောင်နှစ်ရာနှစ်ဆယ့်ကိုးကျပ်တိတိနှင့် နစ်နာကြေးငွေကျပ် ၁၀၀၀၀၀၀၀/- (ကျပ်သိန်းတစ်ရာတိတိ)၊ စုစုပေါင်း ကျပ် ၆၆၉၆၇၂၂၉/- (ကျပ်သိန်းခြောက်ရာ ခြောက်ဆယ့်ကိုးသိန်းခြောက်သောင်းခုနစ်ထောင်နှစ်ရာနှစ်ဆယ့်ကိုးကျပ်တိတိ) ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့မဟုတ် ၎င်းအမှု နှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ် စားလှယ်၊ ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၂ခုနှစ် ဖေဖော်ဝါရီ ၈ရက်(၁၃၈၃ခုနှစ် တပို့တွဲလဆန်း ၈ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်း ရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် ရက်တွင် သင်မလာမရောက်၊ ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ် ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်း ရမည်။

၂၀၂၂ခုနှစ်၊ ဇန်နဝါရီ ၁၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(မျိုးမြင့်ဦး)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်7P/4185 ၏ဖောင်းကြွ နံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**
**အင်းစိန်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4I/4172, TATA ACE EX2, P/U(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးစိုးတင့် ၆/ကသန(နိုင်)၀၄၁၃၃၀ က (ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေး ရန်လျှောက်ထားလာပါသည်။ကန့်ကွက် လိုပါကခိုင်လုံသော အထောက်အထား များဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက် အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ် တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ကော့သောင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ပျဉ်းမနားမြို့၊ မင်္ဂလာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၇/ သာဇီအရှေ့၊ ဦးပိုင်အမှတ် (၁၅^က/၃)၊ ဧရိယာ ၀.၁၁၄၆ဧကရှိ ဦးညဏ်လင်းထက် အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား အမည်ပေါက်၏ အထူးကိုယ်စားလှယ် လွှဲစာအမှတ် (၀၀၇/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်မေဝါလင်း ၇/ပခန(နိုင်)၂၆၀၃၉၃က ဘိုးဘပိုင်မြေအမည်ပေါက်ပြောင်း လဲသတ် မှတ်ပေးခြင်းစာအမှတ် ၀၂၉/၁၈-၁/နပတ(မြို့/မြေ)၊ အရောင်းအဝယ်စာချုပ်အမှတ် (၀၀၆/၂၀၂၁)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဦးကျော်သီဟန် ၉/ပမန(နိုင်)၁၅၈၉၀၉နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆို ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလ အတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဥတ္တရသီရိမြို့၊ ရွှေနံ့သာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/ရွှေနံ့သာအနောက်ရပ်၊ မြေဧရိယာ(၀ဒသမ၀၈၂)ဧက၊ မြေကွက်အမှတ်(ဥ-၁၆၇)၊ ဦးမောင်ပု (ဘ) ဦးစံဖဲ ၉/ပမန(နိုင်) ၂၅၄၈၅၁ အမည်ပေါက် ပါမစ်မြေကွက်ကို ဦးမြင့်ခိုင် (ဘ)ဦးမောင်ရှိန် ၁၄/ဟသတ(နိုင်) ၂၆၃၈၆၀ က မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံ ကတိပြုချက်မူရင်းများ တင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ် စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာ ချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ် ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် (၄/ရွှေကြာပင်)၊ မြေကွက်အမှတ် (၉၅၄-အေ)၊ ဧရိယာ ၀ဒသမ၀၅၅ဧကရှိ ဒေါ်တင် ကြည်မ အမည်ပေါက် ပါမစ်မြေကွက်ကို ဦးအောင်မျိုးသန်း(ဘ)ဦးခင်မောင်သန်း ၅/မမန (နိုင်)၀၅၉၆၆၃ က မြေပေးမိန့်၊ နှစ်ဦးသဘောတူအရောင်းအဝယ်စာချုပ် ပိုင်ဆိုင်ကြောင်း တရားရုံးကျမ်းကျိန်လွှာအမှတ် (၂၁၆၄/၂၀၂၁)၊နှစ်ဦးသဘောတူ ကတိဝန်ခံချက်၊ လျှောက်ထား သူ၏ ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လို သူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည် တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာ ချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ် ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက် သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

နေပြည်တော်၊ ပေါင်းလောင်း(၃)၊ (၁၃)လမ်းနေ ဦးစောမောင်၏သမီး မအေး မြတ်မွန် ၉/ပမန(နိုင်)၁၆၉၂၇၄သည် မိဘများအကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ် နေပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်၍ ကိစ္စ အဝဝအား (လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံ ပါ။)

**ဖခင်-ဦးစောမောင်**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဥပဒေအမိန့် -၅၊ နည်းဥပဒေ -၂၀)
## ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၌
## ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် - ၅၄၅

မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင် ကုမ္ပဏီလီမိတက် (MAPCO) (ယင်းကုမ္ပဏီ၏ကိုယ်စား ဦးတင်အုန်း) **တရားလို** နှင့် ဦးကိုကိုအောင် **တရားပြိုင်**

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ အောက်ပေကုန်းကျေးရွာနေ တရားပြိုင် ဦးကိုကိုအောင် (ယခုနေရပ် လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကုမ္ပဏီ လီမိတက် (MAPCO) (ယင်းကုမ္ပဏီ၏ကိုယ်စား ဦးတင်အုန်း)က ခတ်မြေသြဇာ ဖိုးကျန်ငွေကျပ် (၉၈၉၆၀၀၀/-) နစ်နာကြေးငွေကျပ် (၁၀၀၀၀၀၀/-) စုစုပေါင်းငွေကျပ် (၁၀၈၉၆၀၀၀/-)ရလိုမှု ရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂ရက် (၁၃၈၃ ခုနှစ်၊ တပို့တွဲလ ဆန်း ၂ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသ ည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှု မဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အေးအေးမွန်)**
**ဒုတိယခရိုင်တရားသူကြီး (၁၀)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၁၂၊ မြေကွက်အမှတ် ၂၇၊ အကျယ်အဝန်း (၂၀၀' x ၄၀၀')၊ ဧရိယာ (၁ဒသမ၈၃၆)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ ၁၁၂ ရပ်ကွက်၊ သံချက်ဝန်ဦးမြူလမ်း၊ အမှတ်(၂၇)ဟု ခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဂရန် အမည် ပေါက် ပိုင်ရှင်ဖြစ်သူ ဦးမျိုးမြင့်ခိုင် ၁၂/ဒဂမ(နိုင်)၀၁၀၄၁၉ထံမှ အပြီး အပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးချေထားပြီးဖြစ်ရာ ဤအရောင်း အဝယ်ကို ကန့်ကွက်လိုပါက မည်သူမဆို ပိုင်ဆိုင်မှု အထောက်အထား ခိုင်လုံစွာဖြင့် ယနေ့မှစ၍ ၁၀ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ- ဦးမိုးကျော်ဦး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၅၈၈)**
**ရုံး- အခန်း(၅)၊ အမှတ်(၅၅)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**အိမ်- အခန်း-၂၀၃၊ တိုက်(၃)၊ ညောင်တန်းအိမ်ရာ၊ (၅)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၄၉၆၃၆**

## ကန့်ကွက်နိုင်ပါကြောင်း

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၀၊ မြေကွက်အမှတ်-၁၊ (၁ဒသမ ၂၀၀)ဧက၊ မြေကွက်တည်နေရာအမှတ်- ၁၄၊ ရတနာလမ်း၊ (၃)ရပ်ကွက်၊ ဒေါ်ရွှေတင် အမည်ပေါက်၊ မြေပိုင်မြေ(မစိုက်ပျိုးမြေ) မြေအား ဧရိယာ ၁ဒသမ၂၀၀ ဧက၏ တရားဝင် မခွဲစိတ်ရသေးသည့်အစိတ်အပိုင်းဖြစ်သည့် (၂၈/၂၅ပေxပေ၅၀)အား ကမာရွတ် မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်-၄/၂၀၂၀/ ၁-၇-၂၀၂၀၊ တရားမဇာရီမှုအမှတ်- ၃/၂၀၂၀ (၄-၉-၂၀၂၀)အရ မြေနှင့်အိမ်အပြီးအပိုင်အရောင်းအဝယ်စာချုပ်-၃၄၂၆/၂၀၂၁ (၁-၁၁-၂၀၂၁)တို့ ဖြင့် ပိုင်ဆိုင်သူများဖြစ်သည့် ဦးစိုးမင်းသန့် ၁၂/ကမရ(နိုင်)၀၁၂၃၄၁၊ ဒေါ်စန်းစန်းဌေး(ခ)ဒေါ်စန်းစန်းသိမ်း ၁၂/ကမရ(နိုင်)၀၀၈၆၅၂တို့က ဖော်ပြပါ တရားရုံး အမိန့်များ၊ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်၊ ဝင်ငွေခွန်၊ တံဆိပ်ခေါင်းခွန်၊ နိုင်ငံသား စိစစ်ရေးကတ်ပြား၊ တစ်ဖက်သတ်မြေကွက်ခွဲစိတ်ခြင်းနှင့်ပတ်သက်၍ တာဝန်ယူပါ ကြောင်း၊ (၂၆-၁၁-၂၀၂၁)ရက်စွဲပါ ဝန်ခံကတိပြုချက်တို့ကိုတင်ပြ၍ တစ်ဖက်သတ် မြေကွက်ခွဲစိတ်ရန် မြေပုံကူးနှင့် မြေတိုင်းလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက် နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းများအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း
## အများသိစေရန်ကြေညာခြင်း

ကရင်ပြည်နယ်၊ ဘားအံမြို့၊ အမှတ်(၇)ရပ်ကွက်၊ မန်းဘခိုင်လမ်း၊ အမှတ် ၇/က(၄၈၆)နေ ဗမာ၊ ဗုဒ္ဓဘာသာကိုးကွယ်ကြသူများဖြစ်သည့် ဦးထင်အောင်၊ ဒေါ်သောင်းမြတ်တို့၏သမီးကြီး ဒေါ်သန်းသန်းညွန့် ၃/ဘအန (နိုင်)၀၂၅၀၀၃သည် မိဘများ၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိဘညီအစ်ကို မောင်နှမများကို စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး၊ ၎င်း၏သဘောဆန္ဒ အလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ် ကြောင်းနှင့်နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စရပ်များကို မိဘများအနေဖြင့် တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**ဦးထင်အောင်၊ ဒေါ်သောင်းမြတ်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိန်လှိုင် B.A(Law),LL.B ဒေါ်ဇာခြည်ဝင်း LL.B**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၄၆)၊ ပထမထပ်၊ ဗဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရေဦးမြို့၊ အောင်ချမ်းသာရပ်ကွက်မှ ဦးကျော်သန်း၏သမီး ဒေါ်စိုးစိုး(ခ)ဒေါ်စိုးစိုး သန်း ၅/ရဥန(နိုင်)၀၀၅၂၉၁ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဒေါ်စိုးစိုး(ခ)ဒေါ်စိုးစိုးသန်း ၅/ရဥန(နိုင်)၀၀၅၂၉၁**

## ဖခင်အမည်မှန်

ဗန်းမော်မြို့၊ အထက (၂)၊ နဝမတန်း (B)မှ မောင်အုပ်စိုးသန့်၏ ဖခင်အမည် မှန်မှာ ဦးကျော်မိုးနိုင် ၇/တငန(နိုင်) ၀၀၁၅၁၃ ဖြစ်ပါသည်။

**ဦးကျော်မိုးနိုင် (ဗန်းမော်မြို့)**

## ဖခင်အမည်မှန်

ဗန်းမော်မြို့၊ အထက (၂)၊ သတ္တမတန်း (B)မှ မခင်ဇာနည်စိုး၏ ဖခင်အမည် မှန်မှာ ဦးကျော်မိုးနိုင် ၇/တငန(နိုင်) ၀၀၁၅၁၃ ဖြစ်ပါသည်။

**ဦးကျော်မိုးနိုင် (ဗန်းမော်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 60W/37972, Honda Dream 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဖြိုးပိုင် ၁၄/ဘကလ(နိုင်) ၃၀၃၇၄၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဖျာပုံမြို့)**

## ကန့်ကွက်လွှာခေါ်ယူခြင်း

မြဝတီမြို့၊ အမှတ်(၅)ရပ်ကွက်နေ ဦးစောထွန်းဝေ ၃/ဘအန(နိုင်)၀၂၄၂၂၄က မြဝတီမြို့၊ အမှတ်(၇)ရပ်ကွက်၊အကွက် အမှတ်(၂)၊ မြေကွက်အမှတ်(၁၈၂)၊ မြေဧရိယာ (၀ဒသမ၀၈၃) ဧကအား မြဝတီခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးစောထွန်းဝေ ၃/ဘအန(နိုင်)၀၂၄၂၂၄အမည်ဖြင့် (၂၇-၄-၂၀၂၁)ရက်တွင် ချထားပေးသည့် ယာယီမြေပေးမိန့်သည် ပျောက်ဆုံးသွားပါ သဖြင့် ယာယီမြေပေးမိန့်မိတ္တူမှန်ကူးယူ ခွင့်ပြုနိုင်ပါရန် တင်ပြလျှောက်ထားလာ ခြင်းနှင့် စပ်လျဉ်း၍ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါ သည့်ရက်မှစ၍ ၁၅ရက်အတွင်း မြဝတီခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ ကန့် ကွက်လွှာတင်သွင်းနိုင်ပါကြောင်းနှင့် ကန့် ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြဝတီခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန**
**မြဝတီမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် (၄B)၊ မြေကွက်အမှတ် (၃၇၁)၊ မြေကွက်တည်နေရာအမှတ် (၂၄)၊ ပုသိမ်ညွှန့် (၉)လမ်း၊ ပုသိမ်ညွှန့်ရပ်ကွက်၊ မင်္ဂလာ တောင်ညွန့်မြို့နယ်၊ ဒေါ်ချို (CF-၀၇၉၁၈၄) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား မြေ အမည်ပေါက် ဒေါ်ချိုသည် (ဖခင်)ဦးဘစိန်မှ မွေးဖွားသောမွေးချင်းညီမအရင်းများဖြစ် သော ဒေါ်ငွေးရီ၊ ဒေါ်အယ်နီ(ခ)ဒေါ်ညွှန့် ခင်တို့ သာမွေးဖွားခဲ့ကြောင်း၊ မွေးချင်း သုံးဦး အနက် အမည်ပေါက် ဒေါ်ချို(အစ်မအကြီး ဆုံး)သည် အပျိုကြီးဘဝဖြင့် အခြားသော ကိတ္တိမသား/ သမီးမွေးစားထားခြင်းမရှိဘဲ ကွယ်လွန်သဖြင့် မွေးချင်းညီမအရင်းများ ဖြစ်သော ဒေါ်ငွေးရီ ၁၂/မဂတ(နိုင်)၀၆၄၇၂၆၊ ဒေါ်အယ်နီ(ခ)ဒေါ်ညွှန့်ခင် ၁၂/မဂတ(နိုင်) ၀၆၄၇၂၅တို့က တရားဝင်အမွေဆက်ခံပိုင်ဆိုင် ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံ ကျမ်းကျိန်လွှာများ၊ ဂရန်မူရင်း၊ သေစာရင်း၊ အိမ်ထောင်စုလူဦးရေ စာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ကန့်ကွက်ရန်ရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါ သည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက် နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

ဥတုရာသီ တောကိုမှီ

## အမည်မှန်

ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းယန်းမြို့နယ်၊ အထက(မိုင်းယန်း) Grade-10မှ နန်းနွံ၏အမည်မှန်မှာ နန်းနွံ ၁၃/မယန (နိုင်) ၀၁၆၀၄၅ ဖြစ်ပါကြောင်း။ **နန်းနွံ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မိုင်းရှူးမြို့နယ်၊ အမက (လွိုင်နိုင်း) မှ လုပ်သား(အထွေထွေ) ဒေါ်နန်းခမ်း အိမ်(ခ)ဒေါ်နန်းခမ်းအိမ် ၁၃/မရန(နိုင်) ၀၀၄၃၁၅ ၏ ဖခင် ဦးစန္ဒာ(ခ)ဦးစန္ဒာမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ကုဋေထူးအောင် ၁၂/ဥကမ(နိုင်) ၂၅၁၄၉၆၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၀၆၁၁၄၁**

## ပျောက်ဆုံးကြောင်း

ကျွန်မ မခင်စန္ဒာမြင့် ၁၃/ရစန (နိုင်) ၀၄၇၃၀၃၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၀၆၁၁၄၁**

## ပျောက်ဆုံးကြောင်း

ကျွန်မ နန်းခမ်း ၁၃/လခန(နိုင်) ၀၅၈၄၀၅၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိ ကအကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၆၇၃၆၇၂၇၉၃**

## အမည်ပြောင်း

ဦးအောင်ကျော်ဌေး ၈/မကန (နိုင်) ၀၀၃၇၁၂၏သား၊ မကွေးမြို့၊ အထက (၁)၊ Grade-6 မှ မောင်သော် ထက်ဉာဏ်အား မောင်သုတဉာဏ်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်သုတဉာဏ်**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 9H/3123, Toyota Hilux (4x2)(R) ယာဉ်လက်ဝယ်ရှိသူ ဦးအေးနိုင် ၇/ပခတ(နိုင်)၀၁၁၅၃၉ က (ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာ ရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(မင်းဘူး)**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ- ၂၈၃)
## ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
## ၂၀၂၂ ခုနှစ် တရားမအထွေထွေမှုအမှတ်-၈
## ကွယ်လွန်သူ ဦးအမ်အမ်မာမူဂျီနှင့် ဒေါ်ရာဆူလ်ဘီမိုဟာမက်မာမူဂျီတို့ ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်ကိစ္စ

၁။ မာရီယမ်အေကရဝါး(ခ)ဒေါ်နီ **လျှောက်ထားသူများ**
၂။ ဒေါ်မိုင်မူနာအေး(ခ)ဒေါ်ဘီ

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၁၁)ရပ်ကွက်၊ ၃၁-လမ်း(အထက်)၊ အမှတ် (၁၈၀)နေ ကွယ်လွန်သူ ဦးအမ်အမ်မာမူဂျီနှင့် ဒေါ်ရာဆူလ်ဘီမိုဟာမက်မာမူဂျီတို့၏ ကျန်ရစ်သောပစ္စည်းများအပေါ်၌ အမွေထိန်းစာလက်မှတ် ထုတ်ပေးပါမည့်အကြောင်း လျှောက်ထားသူများဖြစ်သည့် မာရီယမ်အေကရဝါး(ခ)ဒေါ်နီနှင့် ဒေါ်မိုင်မူနာအေး(ခ)ဒေါ်ဘီတို့က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ ၁၁ရက် (၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်နေ့)တွင် ဆိုင်ဆိုကြားနာရန်ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးအမ်အမ်မာမူဂျီနှင့် ဒေါ်ရာဆူလ်ဘီမိုဟာမက်မာမူဂျီတို့၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်)ဆိုခဲ့သော ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ရက် (၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းစာလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။လာရောက်ခြင်းမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူများ မာရီယမ်အေကရဝါး(ခ)ဒေါ်နီနှင့် ဒေါ်မိုင်မူနာအေး(ခ)ဒေါ်ဘီတို့ ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်။

၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။
**(မြတ်စံ)**
**ခရိုင်တရားသူကြီး**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## ကားပျောက်ဆုံးကြောင်း

Suzuki Carry R-YGN (2C-3056)ကားသည် ၂၁-၁၂-၂၀၂၁ရက်မှ ကားငှား ရမ်းထားသည်မှာ ပျောက်ဆုံးသွားပါသဖြင့် ၎င်းကားအား တွေ့ရှိပါက အမြန်ဆုံး ဆက်သွယ်ပေးပါရန် ထိုက်ထိုက်တန်တန်ကျေးဇူးဆပ်ပါမည်။
**ယာဉ်ပိုင်ရှင် ဦးထက်မြက်ထွန်း**
**ဖုန်း-၀၉-၉၆၀၁၁၃၆၆၄၊ ၀၉-၇၅၀၂၉၉၆၀၆**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၄၀)ရပ်ကွက်၊ စိန်ပန်းလမ်း၊ မြေကွက်အမှတ် (၅၃၀)၊ ဧရိယာပေ (၄၀x၆၀) ရှိ ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးကို ဝယ်ယူပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုပြီး ယင်းမြေအမည်ပေါက် ဒေါ်မြင့်မြင့်သိန်းထံမှ (SP) ရယူထားသူ ဦးစိန်ညွန့် ၆/ကသန(နိုင်)၀၀၅၁၀ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသက်လွင်ဦး ၁၂/သဃက(နိုင်)၁၅၅၁၆၈က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေဖြင့် ပေးချေထားပြီး ဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမြင့်ထွန်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၉၅၇၅)**
**ဖုန်း-၀၉-၄၂၇၂၅၅၂၀၊ ၀၉-၇၈၅၁၄၉၄၅၆**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၄)၊ မဟာဗန္ဓုလလမ်း၊ မြေကွက်အမှတ်(၁၁၁၂)၊ အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)ရှိ ဒေါ်စန်းစန်ဝင်း (၉/မမန (နိုင်) ၀၀၅၆၇၇) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင်ဒေါ်စန်းစန်ဝင်း (၉/မမန (နိုင်) ၀၀၅၆၇၇) ထံမှကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| ဦးခင်မောင်ဦး | ဒေါ်လင်းလင်းထက် |
|---|---|
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |
| Hein Htet San Law Firm | ၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉၄၅ ၅၅၀ ၆၁၄၆ |

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ ဒေဝဒဟ(၃၆)လမ်း၊ အမှတ်(၁၃၂၀)၊ အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)(၂၄၀၀-စတုရန်းပေ) ရှိ ဒေါ်ခင်သူဇာနွယ် (၁၂/လသန (နိုင်)၀၀၁၆၀၂) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက် ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင် ဒေါ်ခင်သူဇာနွယ် (၁၂/လသန (နိုင်)၀၀၁၆၀၂)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများ ဖြင့် ယနေ့မှစ၍(၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| ဦးခင်မောင်ဦး | ဒေါ်လင်းလင်းထက် |
|---|---|
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |
| Hein Htet San Law Firm | ၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉၄၅ ၅၅၀ ၆၁၄၆ |

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက်ဖြင့် ဆောက်လုပ်ခဲ့သော အောက်ဖော်ပြပါ အဆောက်အအုံများအား တာဝန်ယူဆောင်ရွက်ခဲ့သော ကော်မတီမှ အသိအမှတ်ပြု ကန်ထရိုက်တာလိုင်စင်ရ ဦးအောင်နိုင်မြင့်(LC-606) သည် ကွယ်လွန်သွားပါသဖြင့် ဇနီးဖြစ်သူ ဒေါ်မိုးမိုးအေးက အောက်ဖော်ပြပါ အဆောက်အအုံအတွက် ပေးသွင်းခဲ့ရသော အဆောက်အအုံဆိုင်ရာကိစ္စအဝဝအတွက် အာမခံကြေးများအား ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

| စဉ် | အဆောက်အအုံ လိပ်စာ | မြေရှင် အမည် | အဆောက်အအုံ ဆောက်လုပ်ခွင့်ရ ကန်ထရိုက်တာ | ကန်ထရိုက်တာ လိုင်စင်အမှတ် |
|---|---|---|---|---|
| ၁ | အမှတ်(၄၄၇)၊ ဇေယျာ(၁၄)လမ်း (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာ | ဒေါ်ချယ်ရီ +၃ | ဦးအောင်နိုင်မြင့် | LC-606 |

**ဌာနမှူး(ကိုယ်စား)**
**ငွေစိုးသောင်း၊ ဒုတိယဌာနမှူး**

## ရှမ်းပြည်နယ်အစိုးရအဖွဲ့
## စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန၊ တောင်ကြီးမြို့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## အမှတ်စဉ် (၅)

၁။ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးမှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် (ပြည်ထောင်စု) ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် အောက်ပါတည်ဆောက်ရေးဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား ကုမ္ပဏီလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | လုပ်ငန်းအမျိုးအစား | အတိုင်းအတာ | လုပ်ငန်းတည်နေရာ | Lot No |
|---|---|---|---|---|
| (က) | ကျောင်းသား/ ကျောင်းသူအိပ်ဆောင် RC (၂)ထပ်ဆောင် (၂)လုံးတည်ဆောက်ခြင်း | (၁၇၃'x၃၂'x၂၂.၅') | ဟဲဟိုး စိုက်ပျိုးရေးသိပ္ပံ | Lot-17 |

၂။ တင်ဒါကြေးသွင်းလိုသူများသည် သက်ဆိုင်ရာလုပ်ငန်းများ သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးပေးသွင်းပြီးမှ အိတ်ဖွင့်တင်ဒါ ပုံစံတင်သွင်းရမည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့် အိတ်ဖွင့်တင်ဒါ တင်သွင်းရမည့်လိပ်စာမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

တင်ဒါရောင်းချမည့်ရက် - ၁၉-၁-၂၀၂၂ရက်
တင်ဒါပိတ်မည့်ရက် - ၄-၂-၂၀၂၂ရက် (၁၆:၃၀)နာရီ
တင်ဒါတင်သွင်းမည့်နေရာ - ပြည်နယ်စိုက်ပျိုးရေးဦးစီးမှူးရုံး၊ တောင်ကြီးမြို့

အသေးစိတ်သိရှိလိုပါက ဖုန်း-၀၈၁-၂၁၂၅၅၀၃၊ ၀၉-၄၂၀၇၀၀၄၅၇၊ ၀၉-၄၂၈၃၄၀၂၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။
(တင်ဒါဖွင့်မည့်ရက်အား ကြိုတင်ဆက်သွယ်၍ အကြောင်းကြားပေးသွားမည် ဖြစ်ပါသည်။)
**အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့**
**ရှမ်းပြည်နယ်၊ စိုက်ပျိုးရေးဦးစီးဌာန**
**တောင်ကြီးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၈)၊ မြေတိုင်းရပ်ကွက် (၂၃-B)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ် (၁၄၅၂)၊ မြေကွက်အကျယ် (၆၀ x ၈၀)ပေ ကျယ်သည့် ပါမစ်မြေအမျိုးအစား ဟုခေါ်တွင်သော မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက်ပိုင်ဆိုင်သူ ဗိုလ်မှူးဇော်လတ်ဦး၏ အထူးကိုယ်စားလှယ်လွှဲစာရသူ ဦးဇော်မျိုးထိုက်ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများအနေဖြင့် ဤကြော်ငြာပါသည့် ရက်မှ ၁၀ရက်အတွင်း ခိုင်မာသည့်စာရွက်စာတမ်းမူရင်းများနှင့် အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာ လအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီသီအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၆၁၄/၂၀၂၀)**
**ဖုန်း-၀၉-၇၉၁၈၄၉၀၀၈**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ဒေးဒရဲမြို့နယ်တရားရုံးတော်၌
## ၂၀၂၁ခုနှစ်၊ တရားမကြီးမှုအမှတ်(၂၂)

ဒေါ်နန်းသန္တာငြိမ်း **နှင့်** ၁။ ဦးထက်ဝေယံ(ဘ)ဦးသန်းချစ်
၂။ ဒေါ်ထွန်းဟေမာန်ဖြိုး(ဘ)ဦးကျော်နိုင်ဝင်း
**တရားလို** **တရားပြိုင်များ**

ဖျာပုံခရိုင်၊ ဒေးဒရဲမြို့၊ အမှတ်(၃)ရပ်ကွက်၊ ဘုရားကြီးကွက်သစ်(၈)လမ်းနေ (၁)ဦးထက်ဝေယံ(ဘ)ဦးသန်းချစ်၊ (၂)ဒေါ်ထွန်းဟေမာန်ဖြိုး(ဘ)ဦးကျော်နိုင်ဝင်း (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဒေါ်နန်းသန္တာငြိမ်းကပေးဆပ်ရန် ချေးငွေကျန်ငွေ (၂၈၀၀၀၀၀/)ကျပ်တိတိအား ပြန်လည်ရစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်း အမှုနှင့်စပ်လျဉ်းသည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၂ခုနှစ် ဖေဖော်ဝါရီ ၁ရက် (၁၃၈၃ခုနှစ် တပို့တွဲလဆန်း ၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် ဇန်နဝါရီ ၁၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။
**(အေးမြတ်မို)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ဒေးဒရဲမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ဒေးဒရဲမြို့နယ်တရားရုံးတော်၌
## ၂၀၂၁ခုနှစ်၊ တရားမကြီးမှုအမှတ်(၆၃)

ဦးသက်ဆွေဦး(ခ)ဦးသက် **နှင့်** ဦးစံသိန်း(ခ)ကုလားကြီး(ဘ)ဦးပျော့
**တရားလို** **တရားပြိုင်**

ဖျာပုံခရိုင်၊ ဒေးဒရဲမြို့နယ်၊ နောက်ပြန်တိုးကျေးရွာအုပ်စု၊ နောက်ပြန်တိုးကျေးရွာနေ ဦးစံသိန်း(ခ)ကုလားကြီး(ဘ)ဦး ပျော့ (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးသက်ဆွေဦး(ခ)ဦးသက်က လယ်ယာအသုံးစရိတ်အတွက် ထုတ်ချေးငွေ (၉၈၂၅၀၀၀/)ကျပ်တိတိအား ပြန်လည်ရစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်း အမှုနှင့်စပ်လျဉ်းသည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၂ခုနှစ် ဖေဖော်ဝါရီ ၁ရက် (၁၃၈၃ခုနှစ် တပို့တွဲလဆန်း ၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် ဇန်နဝါရီ ၁၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။
**(အေးမြတ်မို)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ဒေးဒရဲမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ အကွက်အမှတ်(၃)၊ ဦးစပန်းခြံလမ်း၊ ဦးပိုင်အမှတ်-၁၆၅(ဂျီ)ဟုခေါ်တွင်သော ဧရိယာ(၃ဒသမ၁၆)ဧကရှိ မြေကို ဦးစိုးမြင့်အမည်ဖြင့် လ/န-၃၉ကျပြီး မြေကွက်အား ကွယ်လွန်သူ ဦးစိုးမြင့်၏ ဇနီးဖြစ်သော ဒေါ်ခင်မေရီ ၁၀/မလမ(နိုင်) ၁၃၃၈၆၀က တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြော်ငြာပြီး ၎င်းမှ (၂၉-၁၂-၂၀၂၁)ရက်စွဲပါ ထိုင်းနိုင်ငံ မြန်မာသံရုံးရှိ သံအရာရှိရှေ့မှောက်၌ လွှဲအပ်ခဲ့သော အထူးကိုယ်စားလှယ်လွှဲစာအရ ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်နုနုစန်း ၇/သဝတ(နိုင်) ၀၆၄၆၉၆ထံ၌ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဒေါ်ခိုင်ဆုဝေ(LL.B) | ဒေါ်မိုးမီမီခိုင်(LL.B) |
|---|---|
| အထက်တန်းရှေ့နေ(စဉ်-၅၃၃၆၉/၂၀၂၀) | အထက်တန်းရှေ့နေ |
| | (စဉ်-၅၃၄၉၁/၂၀၂၀) |

**အမှတ်(၅၈)၊ မဟာဗန္ဓုလပန်းခြံလမ်း(ဘားလမ်း)၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၅၅၆၇၇၆၁၅**

## ကန့်ကွက်နိုင်ပါကြောင်း

ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့နယ်၊ အမှတ် (၁)ရပ်ကွက်၊ အကွက်အမှတ်-၃၊ ဦးစပန်းခြံလမ်း၊ ဦးပိုင်အမှတ်- ၆၁/၅ဟုခေါ်တွင်သော ဧရိယာ ၀ဒသမ၃၈၀ဧက ဒေါ်ခင်မေရီ ၁၀/မလမ(နိုင်)၁၃၃၈၆၀ အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေ ကွက်ပေါ်ရှိ အဆောက်အအုံများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ၂၉-၁၂-၂၀၂၁ရက်စွဲပါ ထိုင်းနိုင်ငံမြန်မာသံရုံးရှိ သံအရာရှိရှေ့မှောက်၌ လွှဲအပ်ခဲ့သော အထူးကိုယ်စားလှယ်လွှဲစာအရ ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်နုနုစန်း ၇/သဝတ (နိုင်)၀၆၄၆၉၆ ကိုင်ဆောင်သူထံ၌ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်း အဝယ်အား ကန့်ကွက်လိုပါက ကျွန်ုတို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဒေါ်ခိုင်ဆုဝေ (LL.B) | ဒေါ်မိုးမီမီခိုင် (LL.B) |
|---|---|
| (စဉ်-၅၃၃၆၉/၂၀၂၀) | (စဉ်-၅၃၄၉၁/၂၀၂၀) |
| အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်-၅၈၊ မဟာဗန္ဓုလပန်းခြံလမ်း(ဘားလမ်း)၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၅၅၆၇၇၆၁၅**

## ကန့်ကွက်နိုင်ပါကြောင်း

ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့နယ်၊ အမှတ် (၁)ရပ်ကွက်၊ အကွက်အမှတ်-၃၊ ဦးစပန်းခြံလမ်း၊ ဦးပိုင်အမှတ်- ၁၆၆(ဂျီ)ဟုခေါ်တွင်သော ဧရိယာ ၃ဒသမ၁၆ဧကရှိ မြေကို ဦးစိုးမြင့်အမည်ဖြင့် လ/န-၃၉ ကျပြီး မြေကွက်အား ကွယ်လွန်သူ ဦးစိုးမြင့်၏ ဇနီးဖြစ်သော ဒေါ်ခင်မေရီ ၁၀/မလမ(နိုင်) ၁၃၃၈၆၀ ကိုင်ဆောင်သူက တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြော်ငြာပြီး ၎င်းက ၂၉-၁၂-၂၀၂၁ရက်စွဲပါ ထိုင်းနိုင်ငံမြန်မာသံရုံးရှိ သံအရာရှိရှေ့မှောက်၌ လွှဲအပ်ခဲ့သော အထူးကိုယ်စားလှယ်လွှဲစာအရ ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်နုနုစန်း ၇/သဝတ(နိုင်)၀၆၄၆၉၆ ကိုင်ဆောင်သူထံ၌ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုတို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဒေါ်ခိုင်ဆုဝေ (LL.B) | ဒေါ်မိုးမီမီခိုင် (LL.B) |
|---|---|
| (စဉ်-၅၃၃၆၉/၂၀၂၀) | (စဉ်-၅၃၄၉၁/၂၀၂၀) |
| အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်-၅၈၊ မဟာဗန္ဓုလပန်းခြံလမ်း(ဘားလမ်း)၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၅၅၆၇၇၆၁၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၅)၊ မြေကွက်အမှတ် (၁၄၁ ၁/ခ/A.ခ)လူနေ ရပ်ကွက်အမှတ် (သမိုင်း)၊ အမှတ် (၅၇၂/ဂ)၊ (၅)ရပ်ကွက်၊ ရွှေနှင်းဆီ (၇)လမ်း၊ ဧရိယာ ဝဒသမဝ၉၅ဧကအကျယ်ရှိ မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းမှတ်တမ်းတွင် ဒေါ်နှင်းမြတ်ဝင်းအမည် ပေါက် နှစ် ၆၀ မြေငှားဂရန် အမျိုးအစားမြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဆောက်လုပ်ထားသော နှစ် ထပ်ခွဲလုံးချင်းတိုက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဒေါ်နှင်းမြတ်ဝင်း ၁၂/မရက(နိုင်)၁၄၅၆၂၉ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော် လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဒေါ်သက်သက်မွန် | ဦးသုထက်ကျော်လွင် | ဒေါ်ကြည်လပြည့်ဝန်း |
|---|---|---|
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်-၁၀၆၀၅/၂၀၁၅) | (စဉ်-၄၉၅၀၂/၂၀၁၈) | (စဉ်-၅၁၉၂၄/၂၀၁၉) |

တိုက် (၄)၊ အခန်း (၃၁)၊ ပထမထပ်၊ မြို့ပြအိမ်ရာ(တောင်)ဘက်ခြမ်း၊ (၆)ရပ်ကွက်၊ (၈)မိုင်မီးပွိုင့်အနီး၊ မရမ်း ကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၉၅၅၃၄၇၅၃၊ ၀၉-၇၅၀၃၉၈၄၀၆
ဒေါ်သက်သက်မွန် (LL.B, D.BL)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၆၀၅) (၃၀-၄-၂၀၁၅)
တိုက် (၄)၊ အခန်း (၃၁)၊ ပထမထပ်၊ မြို့ပြ(တောင်)၊ (၈)မိုင်၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၀၀၄၂၉၇၉၊ ၀၉-၇၉၅၅၃၄၇၅၃

# ကျေးဇူးတင်လွှာ

ဗိုလ်ကြီးတင်စိုး(ငြိမ်း)၊ အသက်(၆၇)နှစ်၊ DSA အမှတ်စဉ်(၁၉) နာမကျန်းစဉ်က ဆေးကုသပေးခဲ့သော Grand Mandalay Hospital ကင်ဆာဌာနမှ ဆရာဝန်ကြီးနှင့် ဝန်ထမ်းများအားလည်းကောင်း၊ (၁၆-၁-၂၀၂၂)ရက်တွင် နေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ လိုက်ပါပို့ဆောင်ပေးသော ရွှေကြေးစည်လူမှုကူညီရေးအသင်းနှင့်ဆွေမျိုးမိတ်သင်္ဂဟ သူငယ်ချင်းအပေါင်းအသင်းများအားလည်းကောင်း၊ ဝမ်းနည်းခြင်းနှင့်လွမ်းသူ့ပန်းခွေပေးပို့ပေးသော စစ်တက္ကသိုလ်အမှတ်စဉ်(၁၉)သူငယ်ချင်းများနှင့် မိသားစုများအား လည်းကောင်း၊ (၁၈-၁-၂၀၂၂)ရက်တွင် နေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားနာသို့ ကြွရောက်ကြသော လူမှုဖူလုံရေးအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး၊ အလုပ်သမားဝန်ကြီးဌာနမှ ဆေးရုံအုပ်ကြီးနှင့်ဝန်ထမ်းများ၊ တိုင်းမန်နေဂျာနှင့်ဝန်ထမ်းများ၊ နယ်မြေရုံးခွဲတာဝန်ခံများနှင့် ဝန်ထမ်းများအားလည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

# ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်နှင်းအေး(ခ)ဒေါ်ရိုဇလင်း
### အသက်(၈၄)နှစ်

ပုသိမ်မြို့၊ မြေနုလမ်းနေ(ဦးဖီးယား-ဒေါ်ရှုကီ)တို့၏ သမီး၊ တိုက်ကြီးမြို့နေ (ဦးဘေချူး-ဒေါ်ခင်စော)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဖျာပုံလမ်း၊ အမှတ် ၅၁နေ (ဒေါက်တာ ခင်မောင်လတ်)၏ချစ်လှစွာသော ဇနီး၊ ဦးလင်းအောင်သက်-ဒေါ်သစ်သစ်ဦး၊ ဒေါက်တာ မီမီသက်(သားဖွားမီးယပ်)တို့၏ ချစ်လှစွာသော မိခင်၊ မောင်ဟိန်းလင်းထက်၊ မစုမြတ်မိုးထက်တို့၏ ချစ်လှစွာသော ဘွားဘွားသည် ၁၈-၁-၂၀၂၂ရက်(အင်္ဂါနေ့)နံနက်၉:၃၀နာရီတွင်ကွယ်လွန်သွားပါသဖြင့်၂၀-၁-၂၀၂၂ရက်(ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်၍ ကျန်ရစ်သောအရိုးပြာကို ဂူသွင်းမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

# ဦးကြည်ထွန်း
## အထက်တန်းပြဆရာ(ငြိမ်း)
## အထက(၁) သဃ်န်းကျွန်း၊ အထက(၂) ဗိုလ်တထောင်
### အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ လမ်း(၂၀)၊ အမှတ်(၄၄-ခ)နေ (ဦးရွှေဝင်း-ဒေါ်ခင်စု)တို့၏သားငယ်၊ (ဦးမြင့်ဆွေ)၊ ဒေါ်ကြူကြူဝင်း-ဦးစန်းမြင့်၊ ဦးထွန်းလှ-ဒေါ်အုန်းကြိုင် (အမေရိကန် ပြည်ထောင်စု)၊ (ဒေါ်မြမြဝင်း)၊ (ဒေါ်သန်းသန်းညွန့်)တို့၏ညီမောင်၊ (ဒေါ်ခင်စုအေး)၏အစ်ကို၊ ဒေါက်တာအောင်အောင်ထွန်း-ဒေါ်မေကြည်၊ ဦးမျိုးဝင်းနိုင်-ဒေါ်မာမာဦးတို့၏ဦးလေး၊ မမိုးသိမ့်သူ၊ မမရင်ဒါလင်းထွန်းတို့၏ အဘိုးလေးဖြစ်သူ ဦးကြည်ထွန်းသည် ၁၃-၁-၂၀၂၂ရက် မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ယင်းနေ့ ညနေ ၄:၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား ညှိုးငယ်သောစိတ်ထားဖြင့် အကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

# ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်စန်းစန်းငွေ
### အသက်(၆၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ခရေပင်ရိပ်မွန်(၁)၊ (၇)လမ်း၊ အမှတ် (၁၆)နေ (ဦးမောင်ကို-ဒေါ်အမာ)တို့၏သမီး၊ (ဦးကြည်မောင်-ဒေါ်စောရွှေ)တို့၏ချွေးမ၊ ဦးမောင်မြင့်၊ ဒေါ်စန်းစန်းအေးတို့၏အစ်မ၊ ဗိုလ်ကြီးအောင်ဇော်ကို(တပ်မတော်ဆေးတပ်)-ဒေါ်ရွှေစင်မြထွန်း(ဒု-ညွှန်ကြားရေးမှူး၊နိုင်ငံခြားရေးဝန်ကြီးဌာန)၊ ဦးရန်နိုင်ထွန်း(တွဲဖက်လေယာဉ်မှူး၊ မြန်မာအမျိုးသားလေကြောင်း) -ဒေါက်တာအေးသဉ္ဇာထွန်း၊ ဦးဇေယျာအောင်-ဒေါ်ခိုင်ခိုင်စော၊ ဦးမျိုးသီဟအောင်(တွဲဖက်လေယာဉ်မှူး၊ မြန်မာအမျိုးသားလေကြောင်း) တို့၏မိခင်၊ လေယာဉ်မှူးကြီး(ငြိမ်း) ဦးမြထွန်း၏ချစ်လှစွာသော ဇနီး၊ မြေးငါးယောက်တို့၏အဘွားသည် ၁၉-၁-၂၀၂၂ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်သောရုပ်ကလာပ်အား ၂၁-၁-၂၀၂၂ရက် မွန်းလွဲ ၁နာရီ တွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၅-၁-၂၀၂၂ရက် နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# ဦးစိုးမြင့်
## ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ တရားရုံးချုပ်
## B.Sc, B.L,B.J.S(Sr Branch)
### အသက်(၉၀)

(စက်ရှင်တရားသူကြီး ဦးထိန်ဟိုး-ဒေါ်ကြည်ကြည်)တို့၏သားလတ်၊ (သစ်တောအရေးပိုင် ဦးဘရင်-ဒေါ်ခင်ကြည်) တို့၏သားသမက်၊ ဒေါ်သန်းသန်း၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာသန်းဇော်မြင့်-ဒေါက်တာဝင်းမာ၊ ဒေါက်တာသိန်းဇော်မြင့်-ဒေါက်တာဥမ္မာစိန်၊ ဒေါ်အေးနွယ်မြင့်တို့၏ ချစ်လှစွာသော ဖခင်ကြီး၊မခိုင်သွယ်သိန်း-မောင်ညီညီထက်၊ဒေါက်တာမေသက်စိုး၊ ဒေါက်တာစိုးနွယ်သိန်း၊ မသီရိဇော်တို့၏ ချစ်လှစွာသော ဘိုးဘိုးကြီး ဦးစိုးမြင့်သည် ၁၇-၁-၂၀၂၂ရက် နံနက် ၄:၁၀ နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကာယကံရှင်၏ ဆန္ဒအရ ယင်းနေ့ မွန်းလွဲ ၁:၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ကျော်မင်းနိုင် ၈/မလန(နိုင်)၁၃၁၂၆၉၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်စိုးမင်းအောင် ၈/မဘန(နိုင်)၁၃၃၇၂၁၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

## ပတ်စ်ပို့ပျောက်

ကျွန်မ မမီမီဝင်း ၈/ရစက (နိုင်) ၂၀၃၀၅၂၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

# အထူးဝမ်းနည်းခြင်း
## ဒေါ်သိန်းလှ (ကျိုက်ထော်)
### အသက် (၈၅)နှစ်

ရန်ကုန်မြို့နေ (ဦးခင်မောင်-ဒေါ်ငြိမ်းငြိမ်း)တို့၏သမီး၊ ရန်ကုန်မြို့၊ အမှတ် (၁၁၁)B၊ ပထမထပ်၊ ၉၂လမ်း၊ ကန်တော်ကလေးနေ (ဦးစောလွင်)၏ဇနီး၊ (ဦးရင်ထွန်း)-ဒေါ်ကြည်ကြည်တို့၏ညီမ၊ (ဦးမောင်မောင်စိန်)-ဒေါ်စန်းရီ၊ (ဦးအုန်းမောင်)၊ ဗိုလ်မှူးချုပ်အောင်သိမ်း(ငြိမ်း)-ဒေါ်သင်းသင်းတို့၏ အစ်မသည် Grand HANTHA INTERNATIONAL HOSPITAL ၌ ၁၆-၁-၂၀၂၂ရက် (တနင်္ဂနွေနေ့) ညနေ ၄:၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးကြေကွဲဝမ်းနည်းရပါကြောင်း။

**ကျန်ရစ်သူအစ်မကြီးနှင့်ညီမများ**

# ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မြင့်အေး(ခ)ဒေါ်ပြုံး (ဘန်ကောက်စတိုး)
## (ပင်ကျေးရွာ၊ သံဖြူဇရပ်မြို့နယ်)
### အသက် (၆၁)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အိမ်အမှတ် ၉၅၃(ဂ) သရေခေတ္တရာလမ်း (၅)ရပ်ကွက်နေ ဦးအောင်သိန်း-(ဒေါ်ခင်ကြည်)တို့၏သမီးကြီး၊ (ဦးဘင်-ဒေါ်ဟင်း)တို့၏ သမီးချွေးမ၊ ဦးမောင်တင့်(ခ)နိုင်မွန်တင့်၏ ချစ်လှစွာသောဇနီး၊ ဒေါ်ထွန်းသူဇာအေး-ဦးဇော်အောင်လတ်၊ မင်းအောင်မြင့်မွန်-မိသီသီလွင်၊ မင်းဆန်းလှဦး-မိခင်သီတာအေး၊ မင်းလင်းနိုင်ဦး-မိဆိုက်စောတို့၏မွေးသမိခင် မြေး ငါးယောက်တို့၏ အဘွားသည် ၁၈-၁-၂၀၂၂ရက် (အင်္ဂါနေ့) ညနေ ၃:၃၅ နာရီတွင် (၉၆)ပါးရောဂါဖြင့် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁-၂၀၂၂ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။

**ကျန်ရစ်သူမိသားစု**

# ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်ကြီးကျော်မြင့်(ငြိမ်း)
### တေဇ (၁၀)
### အသက် (၆၁)နှစ်

သူငယ်ချင်းဗိုလ်ကြီးကျော်မြင့်(ငြိမ်း)သည် ၁၅-၁-၂၀၂၂ရက် (စနေနေ့) တွင် မန္တလေးမြို့နေအိမ်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တေဇ (၁၀)မှ သူငယ်ချင်းမိသားစုများ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၇ယ/၃၃၈၆၄, Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြတ်ကျော် ၆/ပလန(နိုင်)၀၇၂၇၆၅ က (ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မြိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 53W/91419 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကိုဦး ၇/တငန(နိုင်)၀၀၉၃၃၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 57W/46800 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဇင်မင်း ၇/တငန(နိုင်)၁၀၆၈၃၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

## အမည်မှန်

မြိတ်မြို့၊ မြိတ်တက္ကသိုလ်မှ ပထဝီဝင် နောက်ဆုံးနှစ်ဖြင့် ဖြေဆိုအောင်မြင်ခဲ့သော ဦးမျိုးမြင့်၏သမီး မယုစီလှိုင်၏ အမည်မှန်မှာ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်အရ မရိုစီလှိုင် ၆/မမန(နိုင်) ၁၇၈၂၂၇ဖြစ်ပါကြောင်း။

**မရိုစီလှိုင်**

# ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၇)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ်(၂၄၁/၂၅၁)၊ မြေညီ+ပထမထပ်၊ အခန်းအမှတ်(၉)၊ အကျယ်အဝန်း (၈x၅၀)ပေ စီရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တိုက်ခန်း အမည်ပေါက် ပိုင်ဆိုင်သူ ဦးတင်ညွန့် ၁၂/ပဘတ(နိုင်) ၀၁၉၅၇၅(ကွယ်လွန်)၏ အမွေဆက်ခံသူ ဇနီး/သားသမီးများဟုဆိုသော (၁) ဒေါ်နီနီ ၁၂/ပဘတ(နိုင်) ၀၂၇၆၀၄၊ ဒေါ်သီတာညွန့် ၁၂/ပဘတ(နိုင်)၀၃၀၆၇၉၊ ဦးဝင်းညွန့် ၁၂/ပဘတ(နိုင်) ၀၂၉၃၃၄၊ ဦးအောင်ညွန့် ၁၂/ပဘတ(နိုင်) ၀၁၉၇၂၉၊ ဦးစိုးညွန့် ၁၂/ပဘတ(နိုင်) ၀၁၂၉၀၅၊ ဒေါ်နီလာညွန့် ၁၂/ဗဟန(နိုင်)၀၀၂၁၈၈၊ ဒေါ်စန္ဒာညွန့် ၁၂/ဗဟန(နိုင်) ၀၀၂၁၈၉ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စကို မည်သူမဆိုကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက် ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသက်နိုင်ဦး[LL.B,LL.M,MRes(Law),D.B.L]**
**အထက်တန်းရှေ့နေ(စဉ်-၃၆၉၃၃)**
**အမှတ်(၁၅)၊ မြေညီ(ဘီ)၊ အထက်မန္တလေးလမ်းသွယ်(၃)၊ ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၉၇၅၀၂၁၈၄၁**

# ကြော်ငြာစာ
## (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ- ၂၈၃)
## ပဲခူးခရိုင်တရားသူကြီးရုံးတော်
## ၂၀၂၂ ခုနှစ် တရားမအထွေထွေမှုအမှတ်-၂

ဒေါ်ခင်မာရီ လျှောက်ထားသူ

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ဘူးလယ်အင်းကျေးရွာတွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးဉာဏ်မြင့်၏ ကျန်ရစ်သော ပဲခူးမြို့၊ ဘူးလယ်အင်းကျေးရွာ၊ ကွင်းအမှတ် ၁၁၇၆၊ နရတ်ကြီးကွင်း၊ ဦးပိုင်အမှတ် (၉/၃၃)၊ ဧရိယာ ၂ဒသမ၇၃ကော၊ ဦးပိုင်အမှတ် (၈)၊ ဧရိယာ ၃ဒသမ၆၄ကော၊ ဦးပိုင်အမှတ် (၁၁)၊ ဧရိယာ ၂ဒသမ၃၂ကော၊ ဦးပိုင်အမှတ် (၈/၂၉)၊ ဧရိယာ ၂ဒသမ၄၄ကော၊ ဦးပိုင်အမှတ် (၁၁)၊ ဧရိယာ ၃ဒသမ၇၀ကော၊ ဦးပိုင်အမှတ် (၄၅)၊ ဧရိယာ ၄၉ ဒသမ၀၄ကော၊ မဲခံကျေးရွာ၊ ကွင်းအမှတ် (OSS-၇၉)၊ ကြေးတိုင်ပြင်ကွင်း၊ ဦးပိုင်အမှတ် (၄၀)၊ ဧရိယာ ၄၁ဒသမ၀၆ကေရှိ လယ်ယာမြေကွက်များနှင့်ပတ်သက်၍ ဇနီးဖြစ်သူ ဒေါ်ခင်မာရီက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ ၉ ရက် (၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၉ရက်)တွင် ကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ကွယ်လွန်သူ ဦးဉာဏ်မြင့်၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည့် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင် ဆိုခဲ့သော ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ရက် (၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၉ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်စာမထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိပျက်ကွက်လျှင် ရုံးတော်က ဒေါ်ခင်မာရီ၏ လျှောက်လွှာအပေါ် စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်။

၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ရီရီခိုင်)**
**ဒုတိယခရိုင်တရားသူကြီး-၃**
**ပဲခူးခရိုင်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၄ယ/၉၁၅၃၄, Honda Wave 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ငွေး ၆/မအရ(နိုင်)၀၃၈၄၂၄ က (ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မြိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၇ယ/၅၃၅၀၅, Honda Wave NF 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းရွှေ ၁၀/ရဗန(နိုင်)၀၁၉၄၉၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းရုံး(ထားဝယ်)**

# အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၃)ရပ်ကွက်၊ အေးရိပ်မွန်(၂) လမ်း၊ အမှတ်(၆)နေ ဒေါ်ချို ၈/စလန(နိုင်) ၀၅၆၆၀၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

မြတ်ဖြိုးကြယ်ကုမ္ပဏီနှင့်ပတ်သက်သည့် လုပ်ပိုင်ခွင့်ကိစ္စအဝဝအား မန်နေဂျင်းဒါရိုက်တာ ဒေါ်ချိုမှလွှဲ၍ အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ လုပ်ကိုင်ခွင့်ပြုထားခြင်း လွှဲအပ်ထားခြင်းမရှိကြောင်း၊ မန်နေဂျင်းဒါရိုက်တာ ဒေါ်ချိုထံမှ ခွင့်ပြုချက်ရယူခြင်းမရှိဘဲ အခြားမည်သူတစ်ဦးတစ်ယောက်နှင့် လုပ်ကိုင်ဆောင်ရွက်မှုမှန်သမျှ၏ ဖြစ်ပေါ်လာသော ကိစ္စအဝဝကို မြတ်ဖြိုးကြယ်ကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာ ဒေါ်ချိုအနေဖြင့် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်မင်းထွဋ်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၉၂၅/၁၃-၁၁-၂၀၁၈)**
**အမှတ်(၅၅)၊ အခန်း(၅)၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၃၁၆၁၉၇၆**

## ပျောက်ဆုံးကြောင်း

ကျွန်မ မအေးနွဲ့ ၈/မမန(နိုင်) ၂၅၀၂၆၀၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

# သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၅)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ် (၂၇၀)၊ မဟူရာကွန်ဒို၊ ၇-လွှာနေ ဖခင်ဖြစ်သူ ဦးမောင်ငယ်မှ သမီးဖြစ်သူ မနှင်းချယ်ရီဦး ၁၂/ပဘတ(နိုင်)၀၃၆၇၀၂ ကိုင်ဆောင်သူအား ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမောင်ငယ်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသက်နိုင်ဦး (LL.B, LL.M, MRes (Law), D.B.L)**
**အထက်တန်းရှေ့နေ (စဉ်-၃၆၉၃၃)**
**အမှတ် (၁၅)၊ မြေညီ (ဘီ)၊ အထက်မန္တလေးလမ်းသွယ် (၃)၊ ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၉၇၅၀၂၁၈၄၁**

# ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းအရှေ့ရပ်ကွက်၊ (၆)လမ်း/တောင်၊ မြေကွက်အမှတ်(၈၉)၊ ဧရိယာ (၂၅ x ၆၉)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိ အဆက်အစပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်သွယ်သွယ် ၁၂/မရက(နိုင်) ၁၀၁၆၄၂ထံမှ ကျွန်ုပ် မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံတိကျသော စာရွက်စာတမ်းမူရင်းများဖြင့် ကန့်ကွက်ကြော်ငြာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဤမြေကွက်အရောင်းအဝယ်ကိစ္စအား ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစောကျော်စွာထွဋ်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၀၀၁)**
**တိုက်(၉/၁၁)၊ မြေညီထပ်၊ (၃၆)လမ်းအောက်၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၄၀၆၅၅၇၃၈**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ကန့်ဘလူမြို့နယ်အတွင်းရှိ ရေလှောင်တမံများမှ နွေစပါး ဧက ၂၉၀၀၀ ကျော် စိုက်ပျိုးရေပေးဝေသွားမည်



ကန့်ဘလူမြို့နယ်အတွင်းရှိ ရေလှောင်တမံ တစ်ခုကို တွေ့ရစဉ်။

**ကန့်ဘလူ ဇန်နဝါရီ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်အတွင်းရှိ ကင်းတပ်ရေလှောင်တမံ၊ ကျေးပင်အက်ရေလှောင်တမံ၊ ပေကြီးရေလှောင်တမံ၊ သိန်ရင်ရေလှောင်တမံ၊ မင်းမြင်ရေလှောင်တမံ၊ လင်ပန်းရေလှောင်တမံနှင့် လျှပ်စစ်ရေတင်လုပ်ငန်းတို့မှ နွေစပါး ဧက ၂၉၅၁၀ ကို အောင်မြင်စွာ စိုက်ပျိုးနိုင်ရေး ဆည်ရေများကို ဖေဖော်ဝါရီ ဒုတိယပတ်တွင် စတင်ပေးဝေမည်ဖြစ်ကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။ *စာမျက်နှာ ၁၁ ကော်လံ ၁* ○

**ယနေ့ သတင်းအညွှန်း**

### မူဆယ်မြို့အတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များအား ပန်းခင်းစီမံချက်ဖြင့်ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကတ် အမြန်ရရှိရေးညှိနှိုင်းဆွေးနွေး

ပြည်တွင်းသတင်း စာ - ၁၀

### တရားမဝင် သစ်မျိုးစုံ၊ သစ်သီးမျိုးစုံ၊ မော်တော်ယာဉ်များနှင့် လူသုံးကုန်ပစ္စည်းများ ဖမ်းဆီးရမိ



ပြည်တွင်းသတင်း စာ - ၁၂

**နည်းပညာနှင့် သတင်းအချက်အလက်**

စာမျက်နှာ - ၂၁

### အာရှဖလား အမျိုးသမီးပြိုင်ပွဲတွင် မြန်မာအသင်း လက်ရှိချန်ပီယံ ဂျပန်အသင်းနှင့် အုပ်စုအဖွင့်ပွဲကစားရမည်

**ရန်ကုန် ဇန်နဝါရီ ၁၉**

ဇန်နဝါရီ ၂၀ ရက်မှ ဖေဖော်ဝါရီ ၆ ရက်အထိ ၂၀၂၂ အာရှဖလားအမျိုးသမီးပြိုင်ပွဲ နောက်ဆုံးအဆင့်ကို အိန္ဒိယနိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စုအဖွင့်ပွဲအဖြစ် လက်ရှိချန်ပီယံ ဂျပန်အသင်းနှင့် အုပ်စုအဖွင့်ပွဲ စတင်ကစားရမည်ဖြစ်သည်။

*စာမျက်နှာ ၁၁ ကော်လံ ၁* ✻

**ဇန်နဝါရီ ၁၉ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ**

| | |
|---|---|
| ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် | ၁၉၆ ဦး |
| ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ | ၁ ဦး |
| ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိမှု ရာခိုင်နှုန်း | ၁.၈၁ % |

### ရထားတွဲဆိုင်းအသစ်များဖြင့် အဆန်ရထားလမ်းသစ်တွင် စတင်စမ်းသပ်ပြေးဆွဲမည်

**ကျောက်တံခါး ဇန်နဝါရီ ၁၉**

၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၄ ရက်တွင် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်မြို့မှ ကျောက်တံခါးမြို့နယ် တောကျွဲအင်းမြို့အထိ အဆန်ရထားလမ်းသစ်တွင် ရထားတွဲဆိုင်းအသစ်ဖြင့် တစ်နာရီလျှင် ကီလိုမီတာ ၁၀၀ နှုန်းဖြင့် စမ်းသပ်ပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

စမ်းသပ်ပြေးဆွဲခြင်း ပြီးစီးပါက မြန်နှုန်းမြင့်ရထားများသည် ရထားသံလမ်းသစ်ပေါ်တွင် ပြေးဆွဲတော့မည်ဖြစ်၍ ရထားသံလမ်းဘေး တစ်လျှောက်နေထိုင်နေသော ပြည်သူများနှင့်

*စာမျက်နှာ ၁၁ ကော်လံ ၅* ◆



ရထားတွဲဆိုင်းသစ်များ ပြေးဆွဲမည့် အဆန်ရထားလမ်းသစ် တစ်နေရာကို တွေ့ရစဉ်။